# အင်မော်တယ်ဖေဖေ

## စာစဉ်(၂၄)

## အခန်း(၃၀၅) နှီးစပ်မှုစတင်

သူတို့ ဒုတိယထပ်ရှိ အိပ်ခန်းထဲသို့ ဝင်လာကြသည်။

ကျန်းဟန်က မုန့်မုန့်အား ကုတင်ပေါ်သို့ တင်ပေးလိုက်သည်။

မုန့်မုန့်အား ညဝတ်အင်္ကျီဝတ်ရန် ကူညီပေးခါနီးတွင် ဧယန်သည် ရုတ်တရက် ကျန်းဟန်၏လက်ကို ဆုပ်ကိုင်လိုက်ပြီး တံခါးဆီသို့ တွန်းထုတ်လိုက်သည်။

“ရပြီ။ ရှင်အရင်ထွက်သွားသင့်တယ်။ ကျွန်မလည်း အဝတ်အစားလည်းချင်တယ်”

"ဘာလို့…" ကျန်းဟန် နောက် စကားရှိန်သတ်လိုက်ပြီး ဇီယန်အား ညစ်ထေထေမျက်လုံးများဖြင့် ကြည့်လိုက်သည်။ ထိုနောက် သူ "ကောင်းပြီ" ဟု ပြောလိုက်သည်။

ဘာလို့ မင်းရဲ့ညဝတ်အင်္ကျီကို ကိုယ်ကူပြီးမလဲပေးရမှာလဲ။

အမှန်ပင်။ သူသာ ထိုစကားကို ထုတ်ပြောလိုက်ပါက ဇီယန်၏မျက်လုံးများထဲမှ ဓားမြှောင်များ ထွက်လာပေလိမ့်မည်။

ကျန်းဟန်၏မျက်နှာပေါ်မှာ အမူအရာကိုမြင်သည့်အခါ ဇီယန် မရယ်ဘဲ မနေနိုင်။ "အပြင်သာထွက်စမ်းပါ" သူမ သူ၏လက်မောင်းကို နောက်တစ်ကြိမ် တွန်းထုတ်လိုက်သည်။

"ကောင်းပြီ ကောင်းပြီ" ကျန်းဟန် ခေါင်းညိတ်သည်။

ကျန်းဟန် ထွက်သွားသည့်အခါ ဇီယန် တံခါးပိတ်လိုက်သည်။ ကျန်းဟန်သည် ထိုနေရာတွင်ပင် ရပ်နေပြီး ပိတ်ထားသောတံခါးကို စေ့စေ့ကြည့်နေသည်။

သူ၏စိတ်ထဲတွင်တော့ ဇီယန်၏လှပသည့် အဆင်းသဏ္ဍာန်လေးက တဝဲလည်လည်ဖြစ်နေသည်။ ထိုနောက်တွင် သူ၏စိတ်က သစ္စာဖောက်လာပြီး မိန်းမလှလေးတစ်ဦး၏အဝတ်အစားလဲနေသည့် အသေးစိတ်မြင်ကွင်းများကို ပုံဖော်ကြည့်လာ၏။ ရုတ်တရက် သူ၏စိတ်ထဲတွင် ပူလောင်လာသည်။

လူတို့သည် မေထုံရှိသောသတ္တဝါများဖြစ်ကြ၏။ ထိုစကားထဲ၌ အမှန်တရားများစွာ ပါဝင်သည်။

တစ်ဖန် မိန်းမချောမိန်းမလှ အမျိုးမျိုးအား စွဲလန်းသဘောကျသောသူအား ပလေးဘွိုင်းဟု ခေါ်ဆိုနိုင်ပြီး ဇနီးသည်ကိုသာ ချစ်ခင်စုံမက်သောသူအား ယောက်ကျားကောင်းဟု ခေါ်ဆိုနိုင်ကြသည်။

ကျန်းဟန်သည် အမုန်အကာန်ယောကျ်ားကောင်းတစ်ယောက်ဖြစ်သည်။ သူ့တွင်လည်း ရမ္မက်ဆန္ဒများရှိပေသည်။ သို့သော် သူ၏ဆန္ဒများကို အချိန်အတန်ကြာ မျိုသိပ်ထားခဲ့သည်။ ထိုနောက် ဇီယန်သည် သူ၏စိတ်ဆန္ဒများထဲသို့ အသက်ရှူသွင်းမှုနှင့်အတူ ဝင်ရောက်လာခဲ့သည်။

"ငါ...ငါ...တံခါးဟပြီး ချောင်းကြည့်လိုက်ရမလား"

ကျန်းဟန် တံတွေးမျိုချလိုက်၏။

"ငါ ချောင်းကြည့်မိရင် သူမ ငါ့ကို ငြင်းမယ်မထင်ဘူး။ သူမ ရက်ကိုးရက်ကန်းတောင် ဖြစ်နေလိမ့်ဦးမယ်"

"သူမသာ ရှက်နေတဲ့ပုံစံလေးဆိုရင်..." ကျန်းဟန် တံတွေးမျိုချမိလိုက်ပြန်သည်။

"ငါ တံခါင်းဖွင့်ကြည့်လိုက်တော့မယ်"

ကျန်းဟန် လက်ကိုဆန့်ထုတ်လိုက်ပြီး တံခါးလက်ကိုင်ပေါ် လက်တင်လိုက်သည်။ တံခါးလက်ကိုင်ကို ကိုင်ထားရင် ကျန်းဟန် နှလုံးခုန်နှုန်းများ သိသိသာသာမြန်လာသည်ကို ခံစားလိုက်ရပြီး နှလုံးသားက သူ၏နံရိုးများကိုပင် ဖောက်ထွက်တော့မတတ်ဖြစ်နေသည်။

ဇီယန်တစ်ဦးတည်းကသာ သူ့၏ရင်ကို တုန်လှုပ်ချောက်ခြားမှုနှင့် စိတ်လှုပ်ရှားမှုကို လှုံ့ဆော်ပေးနိုင်သည်။

ကျန်းဟန် ၎င်းကို အလွန့်အလွန်နှစ်သက်သည်။

စိတ်အားထက်သန်မှုနှင့်အတူ ကျန်းဟန် တံခါးလက်ကိုင်ကို လှည့်ကာ တံးခါးကို ဖြည်းဖြည်းချင်း တွန်းဖွင့်လိုက်၏။

သူ အခန်းထဲသို့ ချက်ချင်း ချောင်းကြည့်လိုက်သ်ည။

အမ်...

အထဲရှိ မြင်ကွင်းမှာ သူစိတ်ကူးထားသည်နှင့် လုံးဝမတူချေ။ ဇီယန်သည် အပြာရောင်ညဝတ်အင်္ကျီကို လဲထားပြီးနေပြီး မုန့်မုန့်အား အင်္ကျီလဲပေးရန် ပြင်နေသည်။

ကျန်းဟန် ထူးဆန်းသလိုခံစားလိုက်ရပြီး မေးလိုက်သည်။ "မင်းဘယ်လိုလုပ် ဒီလောက်မြန်မြန်လဲလိုက်တာလဲ"

"မဟုတ်ရင်ဘာဖြစ်လာ" ဇီယန် နှုတ်ခမ်းကို ကိုက်ကာ ပြုံးလိုက်သည်။ "အမ် ကျွန်မလဲပြီးပြီလို့ ရှင့်ကို မပြောရသေးဘူးလေ။ ရှင် ကျွန်မ လှမ်းမခေါ်သေးဘဲနဲ့ တံခါးတောင်ဖွင့်ပြီးနေပြီ။ တစ်ယောက်ယောက်က သူ့ရဲ့ ကာလာအစစ်အမှန်ကို ပြလာတဲ့ပုံပဲ"

မုန့်မုန့်က သူမ၏နှုတ်ခမ်းသေးသေးလေးများကို စူလိုက်ကာ သံယောင်လိုက်သည်။ "ဟွန့် ဖေဖေက သူ့ရဲ့ကာလာအစစ်အမှန်ကို ပြသွားပြီ"

ကျန်းဟန် ခြောက်ကပ်ကပ်ရယ်မောလိုက်ပြီး အခန်းထဲသို့ ဝင်လာ၏။ "အဟမ်း ဟီးဟီး ကိုယ်မင်းကို ကူညီပေးမယ်လေ"

သူနှင့်ဇီယန် အတူတူ မုန့်မုန့်အား အကျီလဲပေးလိုက်ကြသည်။

မုန့်မုန့်သည် သူမ၏ညဝတ်အကျီကို ဝတ်ပြီးသည်နှင့် အိပ်ရာခေါင်းရင်းသို့ အမြန်ပြေးတက်လာသည်။ “ပုံပြောအချိန်ရောက်ပြီ ပုံပြင်နားထောင်မယ်”

“စောင်” မုန့်မုန့်က အော်လိုက်ပြီး စောင်အောက်သို့ တွားသွားဝင်လိုက်သည်။

ဇီယန်သည်လည်း ကုတင်ပေါ်သို့တက်ကာ မုန့်မုန့်၏ဘယ်ဘက်မှ စောင်အောက်သို့ ဝင်လိုက်သည်။

“အလုပ်ချိန်ရောက်ပါပြီ ပုံပြင်ပြောသူကြီး” ဇီယန် ပြောလိုက်၏။ ယခု သူမသည် နာခံမှုရှိသည့်ကလေးငယ်လေးတစ်ယောက်လို အပြစ်ကင်းစင်သောမျက်လုံးလေးများဖြင့် ကျန်းဟန်အား စိုက်ကြည့်နေ၏။

ကျန်းဟန် ပြုံးကာ ခေါင်းညိတ်သည်။ ခါတိုင်းကဲ့သို့ပင် စောင်ပေါ်လှဲလျောင်းကာ ခေါင်းကိုလက်ဖြင့်ထောက်လိုက်သည်။

"အမ်" မုန့်မုန့်မှာ အနည်းငယ် အေးခဲသွား၏။ ခဏအကြာတွင် သူမ လက်ကလေးကိုမြှောက်ကာ သူမ၏ညာဘက်ခြမ်းကို ပုတ်ပြသည်။ "ဖေဖေ ညအိပ်ဝတ်စုံဝတ်ပြီး သမီးဘေးမှာလာအိပ်"

ကျန်းဟန် ရယ်သည်။ "ကောင်းပြီ" သူပြောပြောဆိုဆိုဖြင့် မတ်တပ်ထရပ်ကာ တံခါးဆီသို့လျှောက်သွားသည်။ ခြေနှစ်လှမ်းလျှောက်ပြီးနောက် ရုတ်တရက် ရပ်လိုက်သည်။ သူ ခေါင်းပြန်လှည့်ကာ ပြောလိုက်သည်။ "ကိုယ့်မှာ ညဝတ်အင်္ကျီမရှိဘူး"

"ဘာလဲ။ ဘယ်လိုဖြစ်လို့ ရှင့်မှာ ညအိပ်ဝတ်စုံမရှိရတာလဲ" ဇီယန် က အံ့သြသည့်လေသံဖြင့်ပေးသည်.

"ငယ်ငယ်တုန်းက ကိုယ် ကိုယ်တုံးလုံးအိပ်ရတာ ကြိုက်တယ်လေ။ အခုထိ ကိုယ် ဘောက်ဆာနဲ့ပဲ အိပ်တာ"

"အိုး" ဇီယန် ခေါင်းညိတ်လိုက်ပြီး မနက်ဖြန် ကျန်းဟန်အတွက် ညဝတ်အင်္ကျီအနည်းငယ် ဝယ်ရန် စဥ်းစားနေပြီဖြစ်သည်။

သို့သော် နောက်အခိုက်အတန့်တွင် ဇီယန်မြင်လိုက်ရသည့်အရာကြောင့် သူမ၏အတွေးများ ချက်ချင်းပြတ်တောက်သွားသည်။

သူမ၏မျက်စိရှေ့၌ပင် ကျန်းဟန်သည် သူ၏ဂျာကင်အင်္ကျီကို ချွတ်လိုက်ပြီး အဝတ်အစားများကို တစ်ခုပြီးတစ်ခု ချွတ်လိုက်သည်။

ဇီယန် အနည်းငယ်ရှက်သွားပြီး စောင်ကို ခေါင်းပေါ်အမြန်ဆွဲခြုံလိုက်၏။ ခဏအကြာတွင် သူမ၏စိတ်ထဲ၌ စူးစမ်းလိုစိတ်များဖြင့် ပြည့်လာသည်။ သူ

စောင့်ကို အနည်းငယ် လျှော့ချကာ လှပဝိုင်းစက်သည့် မျက်လုံးကြီးများဖြင့် ကျန်းဟန်အား ချောင်းကြည့်လိုက်သည်။

ဘုရားရေ သူ့မှာ အံ့ဩစရာကောင်းတဲ့ခန္ဓာကိုယ်ရှိတာပဲ…

ဇီယန် ချောင်းကြည့်ရင်း အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။

ယနေ့ ကျန်းဟန်သည် ပေါ့ပေါ့ပါးပါးသာ ဝတ်ထားသည်။

ဂျာကင်အကျႌကို ချွတ်လိုက်ပြီးနောက် အဖြူရောင် တီရှပ်လက်တိုတစ်ထည်သာ ကျန်တော့သည်။ ခဏအကြာတွင် တီရှပ်ပင်မကျန်တော့ဘဲ ကျန်းဟန်၏ခန္ဓာကိုယ်မှာ အကျႌဗလာဖြင့် ကျန်နေခဲ့၏။

သူ၏လက်မောင်းကြွက်သားများဖြင့် ဝမ်းဗိုက်ကြွက်သားများမှာ အလွန်ကြည့်ကောင်း၏။ ယေယျုယျာအားဖြင့် သူ၏ခန္ဓာကိုယ်တည်ဆောက်မှုသည် အလွန်အချိုးကျပေသည်။ သူ၏ကြွက်သားများမှာ

ကာယဗလသမားများကဲ့သို့ အလွန်အကြူးမဟုတ်ချေ။ သို့သော် သန်မာပြီး ကြည့်ကောင်းနေဆဲပင်။ သူ့အား ကြည့်လိုက်လျှင် ခန္ဓာကိုယ်အချိုးအစားကျသည့် အမျိုးသားတစ်ယောက်ဆိုသည့် ခံစားချက်ကို ရရှိစေသည်။ ထိုခဏ၌ပင် ဇီယန်မှာ သူ့အား တိတ်တဆိတ် အားပေးနေလေသည်။

နောက်ထပ် ဇီယန်မြင်လိုက်ရသည့်အရာက သူမအား တန့်သွားစေသည်။

ကျန်းဟန်သည် သူ၏ခါးပတ်ကို အရင်ဖြုတ်လိုက်ပြီး ဘောင်းဘီကို ချက်ချင်းချွတ်လိုက်သည်။ စက္ကန့်ပိုင်းလေးအတွင်းမှာပင် ကျန်းဟန်သည် ခန္ဓာကိုယ်တွင် ဒုတိယအရေပြားကဲ့သို့ တွယ်ကပ်နေသည့် ဘောက်ဆာတစ်ထည်သာ ကျန်နေခဲ့တော့သည်။

“အား” ဇီယန် အော်ဟစ်လိုက်ပြီး မျက်လုံးများကို ဖုံးကွယ်ရန် စောင်ကို အပေါ်သို့ အမြန်ဆွဲတင်လိုက်သည်။

သူမ၏နှလုံးသားမှာ သမင်ငယ်တစ်ကောင်အလား သူမ၏ရင်ဘတ်ထဲ၌ ခုန်ပေါက်နေလေ၏။

သူ...သူ..အောက်က အရမ်းကြီးတယ်...သူ...

ဇီယန်မှာ ထိန်းချုပ်မှုမလွတ်သွားမီ အတွေးထဲတွင် စက္ကန့်အနည်းငယ် တွေးလိုက်မိပြီးနောက် စောင်အောက်တွင် တိတ်တိတ်လေး နေလိုက်တော့သည်။

သို့သော် ကျန်းဟန်မှာ ထိုအချိန်၌ အိပ်ရာပေါ် ရောက်နေပြီဖြစ်သည်။ မုန့်မုန့်၏အဆက်မပြတ် တိုက်တွန်းမှုအောက်တွင် ကျန်းဟန်သည် စောင်ကိုမလိုက်ပြီး ပထမဆုံးအနေဖြင့် ကုတင်ပေါ်တွင် စောင်ခြုံကာ လှဲချလိုက်သည်။

လူကြီးနှစ်ယောက်၏ကြားတွင် လဲလျောင်းနေရသည့် မုန့်မုန့်မှာ လုံး၀ ကြည်နူးပျော်ရွှင်နေပုံရ၏။ “ဖေဖေ ဖက်ထား။ မေမေလည်း ဖက်ထား”

ကလေးမလေး၏တိုက်တွန်းမှုကြောင့် လူကြီးနှစ်ယောက်မှာ အလယ်သို့ ပို၍ တိုးကပ်သွားကြသည်။ ထိုကဲ့သို့ဖြင့် မိသားစုသုံးယောက်မှာ စောင်အောက်တွင် ဖက်လျက်ရှိနေကြ၏။

"ဖေဖေ အခု ပုံပြင်ကိုဆက်ပြောတော့မယ်နော်" ကျန်းဟန်က ပြောသည်။ ထိုနောက် လည်ချောင်းရှင်းလိုပြီး ပုံပြင်အား စတင်ပြောတော့သည်။

"အဲဒီလိုနဲ့ လူပုဘုရင်နဲ့ အမှောင်ဘုရင်ဟာ အန္တရာယ်များတဲ့ခရီးကို အတူတူစတင်ခဲ့ကြတယ်။ သူတို့ရဲ့ပန်းတိုင်က..."

ကျန်းဟန်မှာ ပုံပြင်အား ပြောပြသည်။

သို့သော် ယနေ့ မုန့်မုန့်မှာ အလွန်တက်ကြွနေပုံရ၏။ သူမလေးသည် ဇာတ်လမ်းအား စိတ်ဝင်တစားနားထောင်နေပြီး လုံးဝ အိပ်ငိုက်သွားမည့်အရိပ်အယောင်မပြချေ။

ငင်းက ကျန်းဟန်အား အနည်းငယ် ကျင်းကြပ်သည့်အခြေအနေရောက်သွားစေသည်။

“သမီးလေး ဘာလို့ မအိပ်သေးတာလဲ”

ကျန်းဟန်က သားချော့တေးဆိုနေသဲကဲ့သို့ အသံရှိန်ကိုနှေးကာ ပြောလိုက်သည်။

ထိုအချိန်တွင်မှ မုန့်မုန့်မှ စ၍ အိပ်ငိုက်လာ၏။ ဆယ်မိနစ်ခန့်အကြာတွင် မုန့်မုန့်မှာ အိပ်ပျော်သွား၏။

ဟဲဟဲ

ကျန်းဟန် ရယ်မောလိုက်ပြီး မုန့်မုန့်အား လက်နှစ်ဖက်ဖြင့် ပွေ့ချီလိုက်၏။ ထိုနောက် မုန့်မုန့်ကို သူမ၏ကုတင်လေးဆီသို့ သွားပို့ပေးလိုက်သည်။ ကျန်းဟန်သည် မန့်မုန့်အား စောင်ခြုံပေးပြီး ပန်းနုရောင်ပါးပြင်လေးအား နူးညံ့သည့်အနမ်းတစ်ခုပေးလိုက်သည်။ ထိုနောက်

ကျန်းဟန်သည် ဗီယန်၏အိပ်ရာပေါ်သို့ အမြန်ပြန်တက်သွား၏။

ဗီယန်မှာ အိပ်ချင်မူးတူးဖြစ်နေပြီး အနည်းငယ် မှုန်ဝါးဝါးဖြစ်နေပြီဖြစ်သည်။ "ရှင်တက်လာလို့ရတယ်လို့ ကျွန်မမပြောခဲ့ပါဘူး" သူမ သိမ်မွေ့သသည့်အသံလေးဖြင့် ပြောသည်။ "ဟေး ရှင်ဆင်းသွားတော့"

ဗီယန်မှာ သူမ၏လက်ဖဝါးနှစ်ဖက်ကိုဆန့်ထုတ်၍ ကျန်းဟန်အား ညင်သာစွာ တွန်းလိုက်သည်။

သူမ၏မျက်နှာပေါ်မှအမူအရာအရ သူမ သူ့အားခွင့်ပြုရန်ဆန္ဒရှိသော်လည်း ရှက်နေခြင်းဖြစ်သည်။ ထို့ပြင် သူမ၏လေသံအရပါ ကျန်းဟန်သည် ယခု သူ အိပ်ရာပေါ်ကဆင်းသွားလျှင် သူအရှုံးသာဖြစ်လိမ့်မည်ကို သိလေ၏။

ထို့ကြောင့် ကျန်းဟန်သည် ဇီယန်၏လက်ကို ဆွဲလိုက်သည်။ ထိုနောက် ဇီယန်အား သူ၏ရင်ခွင်ထဲသို့ ဆွဲယူလိုက်၏။

"ဟေး ရှင်ဘာလုပ်နေတာလဲ"

ဇီယန်၏မျက်နှာမှာ နီရဲသွားသည်။ သူမှ ဒေါသတကြီးဖြင့် ကြည့်လိုက်ပြီး "ရှင်…အွန်း..အင့်…"

သူမ စကားမဆုံးခင်မှာပင် သူမ၏ဆွဲဆောင်မှုရှိသည့်နှုတ်ခမ်းများပေါ်မှ ဖိအားတစ်ခုကို ခံစားလိုက်ရသည်။

ထိုသို့ဖြင့် နှစ်ယောက်သား တင်းကြပ်စွာ ပွေ့ဖက်ထားကြလေသည်။

ကျန်းဟန်သည် ဇီယန်၏နူးညံ့မှုအား သိသိသာသာခံစားနိုင်သည်။ ဇီယန်သည်လည်း

သူ၏ကြီးမားတောင့်တင်းသော ယောက်ျားပီသမှုအား ခံစားနိုင်ပြီး သူမ အသက်ရှူကျပ်လုနီးပါးပင်ဖြစ်သွားရသည်.

အခန်း၏အပူချိန်က ပို၍မြင့်တက်လာ၏။

ပျော့ပြောင်းသော သူတို့၏အနမ်းများမှ အသံများသာ တိတ်ဆိတ်နေသော အခန်းအား လွှမ်းခြုံထားသည်.

ဇီယန်၏အနမ်းမှာ အတောင်လေးကိုးရို့ကားယားနိုင်ပြီး တောင့်တောင့်ကြီးဖြစ်နေဆဲပင်။ သို့သော် ကျန်းဟန်၏ဦးဆောင်မှုအောက်တွင် ဇီယန်မှာ စတင်၍ တုံ့ပြန်လာသည်။

သူတို့၏ခန္ဓာကိုယ်အပူချိန်များ တဟုန်ထိုး တက်လာ၏။

နောက်ဆုံးတွင် ကျန်းဟန်၏ လက်များက စတင်လှုပ်ရှားလာသည်။

တစ်နည်းနည်းဖြင့် ဇီယန်၏ညဝတ်အကျီအား သူမ၏လည်ပင်းဆီသို့ မ တင်လိုက်သည်။

သူမ၏ ကိုယ်ခန္ဓာအလှနှင့် နူးညံ့ချောမွေ့မှုကို မြင်လိုက်ရသည်မှာ အခြားအရာအားလုံးမလိုအပ်တော့ဟုပင် ဆုံးဖြတ်ချက်ချမိတော့သည်။

ကျန်းဟန်တစ်ယောက်တည်းသာ ဤအခိုန်အတန့်၌ သူမ၏နက်နဲသိမ်မွေ့သော အလှတရားကို နားလည်နိုင်ပေသည်။

သူတို့နှစ်ယောက် မသိလိုက်စွာပင် အချိန်များကုန်ဆုံးသွား၏။

သူတို့ နှုတ်ခမ်းချင်းခွာလိုက်ကြသည်။

ထိုအချိန်တွင် ဇီယန်၏ရင်သပ်ရှုမောဖွယ်မျက်လုံးများအတွင်း၌ တလွဲ့လွဲ့တောက်ပနေသည်။

ကျန်းဟန်သည် ဘာကိုဆိုလိုသည်ကိုသိရှိ၏။ ဇီယန် စွဲမက်လာပြီး စိတ်ပါလာသည်။

ထို့ကြောင့်...

ကျန်းဟန် ဇီယန်၏ကိုယ်ပေါ်သို့ သူ၏ခန္ဓာကိုယ်ကို ဖိကပ်လိုက်သည်။ သူ၏လက်များကက လှုပ်ရှားလာပြီး သူမအရေပြား၏ခံစားချက်ကို တောင်းဆိုလာသည်။

“အွန်း...ရှင်...အာ့....”

နောက်တစ်ဖန် သူမသည် စကားလုံးများ၏စွမ်းအားထက် ကျော်လွန်သော စိတ်ဆန္ဒလှိုင်းများဖြင့် ရိုက်ခတ်ခံလိုက်ရပြန်သည်။

ဇီယန်၏မျက်နှာမှာ လုံး၀ နီရဲနေ၏။

ကျန်းဟန်သည် ယနေ့ည သူ၏လိင်စိတ်များ ရှင်မြူးနေသည့်ညဖြစ်သည်ကို သိရှိသည်။

“ရပ်လိုက်။ ရှင် လူညစ်ပတ်။ ဒီမှာ မုန့်မုန့်ရှိနေတယ်လေ” ဇီယန်မှာ ဒုတိယအကြိမ် နှုတ်ခမ်းချင်းခွာလိုက်ပြီးနောက် တိုးတိုးလေးပြောသည်။

ကျန်းဟန် အနည်းငယ် မောဟိုက်သောလေသံဖြင့် ပြောသည်။ “ဒါဆို ကိုယ်တို့ ဒုတိယအိပ်ခန်းကိုသွားကြမယ်လေ”

“ဟင့်အင်း မရဘူး ကျွန်မတို့ လုပ်လို့မရဘူး”

“ရပါတယ်။ ကိုယ်တို့လုပ်လို့ရတယ်” ကျန်းဟန်မှာ သူ၏နှလုံးသားထဲမှ ပြင်းပြသည့်ဆန္ဒကို မထိန်းနိုင်တော့ချေ။

သူ၏လက်များက အရေပြားတစ်လျှောက် ပို၍ လှုပ်ရှားလာသည်။

ထို့ကြောင့် ဧယန်မှာ ပို၍ စိတ်လှုပ်ရှားလာပြီး ကုတင်နှင့်သူမ၏နောက်ကျောကို အတင်းဖိကပ်ထားလိုက်သ်ည။

ကျန်းဟန်၏စိတ်လှုပ်ရှားမှုမှာ အတိုင်းအတာတစ်ခုထိ တိုးလာသည့်အခါတွင် ဧယန်၏နှုတ်ခမ်းများက ဖြည်းညှင်းစွာ

ပွင့်ဟလာပြီး ဗိုးတစ်လုံး ပစ်ခွင်းလိုက်လေသည်။ "ဒီနေ့က ကျွန်မ လစဉ်ဓမ္မတာအချိန်လေ"

ဘုန်း...

ကျန်းဟန်၏မျက်လုံးများမှာ ပြူးကျယ်သွားပြီး ရင်ထဲတွင် အေးခဲသွားသည်။ သူမ၏စကားများက အပြာရောင်ကျည်ဆန်တစ်ခုလို ထိမှန်သွား၏။

သူ၏နှလုံးသားထဲမှ မီးကို ရေခဲရေနှင့် ပက်ဖြန်းငြိမ်းသတ်လိုက်သလိုပင်။

သူ၏စိတ်ထဲတွင် ဘာဖြစ်နေမှန်းမသိတော့။ သူ လုံးဝ စိတ်ရှုပ်ထွေးနေပြီး ငါ ငါ ဘာတွေလုပ်နေတာ ဆိုသည့် ပုံစံမျိုးဖြစ်နေသည်။

သူ ငိုချင်သော်လည်း မျက်ရည်ကျမလာသလိုမျိုး ခံစားနေရ၏။

"ခစ်...."

ကျန်းဟန်၏မျက်နှာပေါ်ရှိ အမူအရာကြောင့် ဇီယန် မရယ်ဘဲ မနေနိုင်ချေ။ "ရှင့်ကိုယ်ရှင်ကြည့်ပါဦး။ အရူးတစ်ယောက်လိုပဲ" ဇီယန် ဒေါသသံကလေးစွက်၍ ပြောလိုက်သည်။ ထိုနောက် သူမ ကျန်းဟန်အား ဖြည်းညှင်းစွာ တွန်းထုတ်လိုက်သည်။ "ကောင်းပြီ ကောင်းပြီ အိပ်ရာပေါ်က ဆင်းတော့။ ကျွန်မ ရာသီလာချိန်က ခု မွန်းလဲပိုင်းပဲရှိသေးတယ်။ ပြီးတော့ ရှင့်လို လူညစ်ပတ်ကြောင့် ကျွန်မ မြန်မြန်ကြီး မညစ်ညူးသွားချင်ဘူး"

"အာ..အဲဒါက..." ကျန်းဟန်မှာ မှိုင်းတစ်ဝက်မှုန်တစ်ဝက်ဖြင့် ဇီယန်၏ဘေးတွင် လှဲအိပ်လိုက်သည်။

နှစ်စက္ကန့်ခန့်ကြာသည့်အခါ သူ၏အသိအာရုံများ ပြန်လည်ကောင်းမွန်လာသည်။

အင်း ဘာပဲဖြစ်ဖြစ် သူမက အခု ငါ့အပိုင်ဖြစ်နေပြီ။ ဘယ်လိုပဲဖြစ်ပါစေ နောက်ဆုံးတော့ သူမကိုယ်သူမ ငါ့ဆီမှာ ဆင်းသက်လာမှာပဲ။ ဒီအခွင့်အရေးနဲ့လွဲချော်ဖို့ မရှိပါဘူး။

ကျန်းဟန်၏နှုတ်ခမ်းတွင် ညစ်ကျယ်ကျယ်အပြုံးတစ်ခုပေါ်လာပြီး ဇီယန်အား ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်ပြန်သည်။ ဤတစ်ကြိမ်တွင်တော့ သူမအား သူ့အပေါ်တွင် ရှိနိုင်ရန် အနေအထားပြောင်းလဲခဲ့သည်။ သူသည် ဇီယန်၏မျက်လုံးလှလှလေးများကို စိုက်ကြည့်ရင်း ပြောလိုက်သည်။ “မင်းကို ရက်နည်းနည်းလောက် လွတ်လပ်ခွင့်ပေးထားလိုက်ဦးမယ်။

“ဟွန့် နွာဖူးကောင်”

“ဒါပေမယ့် အခု ကိုယ့်မှာ အပြာရောင်ဘောလုံးတွေက ပြင်းထန်နေတယ်။ ကိုယ်ဘာလုပ်ရမလဲ” ကျန်းဟန်က ဇီယန်အား စပ်ဖြီးဖြီးဖြင့် စနောက်ပြောသည်။

ဇီယန်သည် သူ၏စကားကြောင့် မျက်နှာထပ်၍ နီရဲသွားပြန်၏။ သူမ ပြန်ပက်လိုက်သည်။ "ရေအေးနဲ့ ရေသွားချိုးလိုက်ပေါ့"

ဇီယန်မှာ အလွန်ချစ်စရာကောင်းနေသဖြင့် ကျန်းဟန်သည် နောက်ထပ် အနမ်းတစ်ခုကို ခိုးယူလိုက်ပြန်သည်။

...

နောက်ဆုံးတွင် သူ၏ကံကောင်းမှုများ ကုန်ဆုံးသွားသော်လည်း ယနေ့ညအတွက် အနိုင်ပွဲကြီးကြီးမားမားရရန် စဉ်းစားနေဆဲပင်။ နောက်ဆုံးအဆင့်အား မရောက်ရှိနိုင်ခဲ့သည်ကလွဲ၍ ကျန်သည့် သူ၏အစီအစဉ်မှာ အတော်လေး ချောမွေ့ခဲ့ပေသည်။

သူမအား သွေးဆောင်ရန် ကြိုးစားခဲ့ပေသည့် ကျန်းဟန်မှာ သူ၏ဆန္ဒများ မပြည့်ဝခဲ့ချေ။ သို့တိုင်အောင် သူသည် ကိစ္စများကို အတင်း တွန်းအားပေးရန် မကြိုးစားပေ။

သူတို့သည် ကမ္ဘာပေါ်တွင် အချိန်ပြည့်ရှိပေသည်။ ကိစ္စများမှာ ဖြည်းဖြည်းချင်းသွားသည်က ပိုကောင်းပေ၏။ အရာအားလုံးမှာ နောက်ဆုံးတွင် အဆင်ပြေသွားပေလိမ့်မည်။

နောက်ဆုံးတွင်တော့ ကျန်းဟန်နှင့် ဇီယန်မှာ တီတီတာတာစကားလေးများပြောရင်း တစ်ယောက်ကိုတစ်ယောက် ဖက်လျက် အိပ်ပျော်သွားကြသည်။

ညအချိန်အခါသည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကုန်လွန်သွားခဲ့၏။

ကျန်းဟန်သည် နောက်တစ်နေ့မနက်ခင်းအထိ အိပ်နေခဲ့ပြီး ၎င်းက သူ့အတွက် ဖြစ်တောင့်ဖြစ်ခဲအရာဖြစ်သည်။

သူတို့နှစ်ယောက်လုံး မနက်ရှစ်နာရီမှ နိုးလာကြသည်။ ၎င်းကလည်း ပထမဆုံးအိပ်ရာနိုးသည့် မုန့်မုန့်လေးက နှိုးသောကြောင့်ပင်။

ဇီယန်သည် မျက်လုံးများကို ဖြည်းညှင်းစွာ ဖွင့်လိုက်၏။ သူမ၏ခန္ဓာကိုယ်ပေါ်ပိုင်း အဝတ်အစားမဲ့အခြေအနေကို ချက်ချင်းသတိပြုမိလိုက်သည်။ သူမ ရှက်ရွံ့သွားပြီး ကျန်းဟန်အား အမြန်အဝတ်အစားအချို့ ဝတ်ခိုင်းလိုက်သည်။

ကျန်းဟန် ကျယ်လောင်စွာ ရယ်မောလိုက်ပြီး အဝတ်အစားများ ပြန်ဝတ်ရန် ထလိုက်သည်။ ရေချိုးသန့်စင်ပြီးနောက်တွင် မနက်စာပြင်ရန် သူ အောက်ထပ်သို့ဆင်းလာ၏။

သို့သော် သူ အောက်ထပ်သို့ ဆင်းလာပြီးနောက် ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည့်အခါ အေးခဲသွားသည်။

“ဘာလို့ အပြင်မှာ လူတွေအများကြီး စောင့်နေကြတာလဲ” ကျန်းဟန် တွေးလိုက်၏။

-အခန်း(၃၀၅) ပြီး

wunzinnosp

## အခန်း(၃၀၆) အပြင်သွားကစားကြမယ်

ကျန်းဟန် ပြုံးကာ ခေါင်းယမ်းလိုက်သည်။

အစားအသောက်ခရေစီများမှာ အလွန်ဆုံးဖြတ်ချက်ပြတ်သားကြသည်။ ကျန်းဟန် လျှောက်သွားလိုက်ပြီး တံခါးဖွင့်လိုက်၏။

ချက်ချင်းပင် အပြင်ဘက်မှ လူများစွာ၏ ညည်းတွားသံများကို သူကြားလိုက်ရသည်။

"နောက်ဆုံးတော့ ဖွင့်ပြီပေါ့။ ငါတို့ စောင့်နေတာ တော်တော်ကြာပြီ"

"ငါတော့ ဗိုက်ဆာလွန်းလို့ သေတော့မယ်"

"ဘုရားရေ နောက်ဆုံးတော့ဖွင့်လာပြီ။ ငါ မိနစ်လေးဆယ်အတွင်း အလုပ်သွားရတော့မှာ။ ငါတို့မှာ အချိန်ရှိသေးရဲ့လား"

ကျန်းဟန်မှာ လူအုပ်ကြီးအား ကြည့်လိုက်ပြီး ခေါင်းညိတ်ပြကာ ပြောလိုက်သည်။ "ဆယ်မိနစ်ဆိုရင် ခေါက်ဆွဲပြုတ်ရပါပြီ။ ပြီးတော့ ၈ နာရီ မိနစ် ၄၀ ဆိုရင် ကြက်ဥထမင်းကြော်လည်း အဆင်သင့်ဖြစ်ပြီ"

"အချိန်ရှိသေးတာပဲ"

"ကောင်းပြီ။ အချိန်ကကြပ်ပေမယ့် ငါတို့ ကြက်ဥထမင်းကြော်စောင့်လိုက်ဦးမယ်"

"..."

လူတိုင်းစိတ်သက်သာရာရသွားကြသည်။

ကျန်းဟန် ဘာမှမပြောတော့။ သူ မီးဖိုချောင်ဘက်သို့ ပြန်လှည့်သွားပြီး ခေါက်ဆွဲပြုတ်ပြင်ဆင်တော့သည်။

ထမင်းကြော်အတွက်ကတော့ အရင်ဆုံး ထမင်းအရင်ချက်ရသည်။

ကျန်းဟန် ထမင်းချက်နေစဉ် သာမန်စားပွဲဝိုင်းများ၌ လူပြည့်နေသည်။ သို့သော် ဗီအိုင်ပီဧရိယာတွင်တော့ မည်သူမျှ မရှိချေ။

ထိုသာမန်စားသုံးသူများအားလုံးမှာ တူညီသည့်အကြောင်းအရာတစ်ခုကိုသာ ပြောဆိုနေကြသည်။

“မနေ့ညက မင်းတို့ တွေ့လိုက်လား။ လဆန်းပင်လယ်ကွေ့မှာ မီးရှူးမီးပန်းတွေ အကြီးအကျယ်ဖောက်တာ အရမ်းမိုက်တယ်။ ကျူးကန်းခရိုင်ကနေတောင် ရှင်းရှင်းလင်းလင်းမြင်ရတာ။ ဒီမှာဆို ပိုပြီးလှမှာ သေချာတယ်”

“ဟုတ်တယ်။ ငါမြင်လိုက်တယ်။ အဲဒါဘာလဲ မင်းသိလား။ မီးရှူးမီးပန်းတွေ ပစ်ဖောက်တော့ လမ်းပေါ်က လူတွေအကုန်လုံး ရပ်သွားတယ်။ ကားတွေတောင်မှ ရပ်ကုန်ကြတာ။ ကားသမားတွေရော ခရီးသည်တွေရော

အကုန်လုံး ထွက်ကြည့်ကြတယ်လေ။ မီးရှူးမီးပန်းတွေက လဆန်းပင်လယ်ကွေ့တစ်ခုလုံးကို လင်းထိန်နေတာပဲ”

“မင်းသိတာက ဘာမှမဟုတ်သေးဘူး။ အဲဒီမှာ ဘာဖြစ်ခဲ့လဲ ဘာလို့မီးရှူးမီးပန်းတွေဖောက်တာလဲ သိလား။ ဟဲဟဲ”

“ဘာဖြစ်လို့လဲ ဘာလို့ဖောက်တာလဲ ပြောပါဦး”

“ငါ စီဘီဒီအဆောက်အဦးရဲ့တစ်ဖက်ခြမ်းမှာ မုန့်စားနေတာလေ။ စီဘီဒီအဆောက်အဦးမှာ တစ်ယောက်ယောက်က လက်ထပ်ခွင့်တောင်းတယ်။ အဲဒီကောင်က အစီအစဉ်တွေ အများကြီးတောင်လုပ်ထားတာနော်။ မီးရှူးမီးပန်းတွေက နည်းနည်းလေးပဲ ရှိသေးတယ်။ လူကိုယ်တိုင်မြင်လိုက်ရရင် အရမ်းမိုက်တာ။ မိုးပျံပူဖောင်းတွေ အများကြီး ပေါ်လာပြီး ပေါက်သွားတာကွာ။ အဲဒီမိုးပျံပူဖောင်းတွေထဲမှာ

နှင်းဆီပန်းပွင့်ဖတ်တွေ မရေမတွက်နိုင်အောင်ပါပြီး မိုးရွာကျသလိုမျိုး ပန်းပွင့်တွေ ကြွေကျလာတာ....”

သူတို့၏ဆွေးနွေးမှုကို ဝိုးတဝါးကြားလိုက်ရသည့် ကျန်းဟန်မှာ ခေါင်းယမ်းကာ ပြုံးလိုက်သည်။

သူသည် အခြားသူများ၏အမြင်ကို ဂရုမစိုက်ချေ။ သူသည် သူကိုယ်တိုင် သို့မဟုတ် ဇီယန်အတွက် နောင်တမရစေချင်သည့်အတွက်ကြောင့် အများအပြားပြင်ဆင်ထားခဲ့ရုံသာဖြစ်သည်။

ထို့ပြင် ဤသည်မှာ လက်ထပ်ခွင့်တောင်းခြင်း လုံးဝ မဟုတ်ချေ။ ၎င်းက အချစ်ကိုဖွင့်ဟဝန်ခံမှုတစ်ခုသာဖြစ်သည်။

ကျန်းဟန်သည် ချစ်ခွင့်ပန်ခြင်းနှင့်ပတ်သက်၍ အခြားအကြံဉာဏ်များရှိခဲ့သည်မှာ အသေအချာပင်။

သူ မုန့်နယ်နေစဉ်မှာပင် ကျိုးဖေး၊ ကျန်းလီနှင့် အခြားသူများ ဝင်လာကြ၏။

လီအန်နာက သူတို့အား ခေါ်သည့်အတွက် သူတို့အားလုံး စောစောထလာခဲ့ကြသည်မှာ ထင်ရှားသည်။

လီအန်နာသည် မနက်ကိုးနာရီတွင် အလုပ်သွားရမည်ဖြစ်၍ အိပ်ရာစောစောထရန် လိုအပ်သည်။ ကျန်သည့်သုံးယောက်မှာ မနက်စာစားချင်သည့်အတွက်ကြောင့် သူတို့အား စောစောနှိုးရန် သူမအား တောင်းဆိုထားကြသည်။

ထို့ကြောင့် သူတို့ ယနေ့ အစောကြီး ထလာကြခြင်းဖြစ်၏။

"ခဲအို နင့်ရဲ့ လုပတဲ့ညလေးက ဘယ်လိုလဲ။ ငါ့အစ်မ ဘယ်မှာလဲ။ အိပ်ရာထပြီလား။ မနေ့ညက အရမ်းပင်ပန်းသွားတာလား" ကျိုးဖေးမှာ မီးဖိုချောင်ကောင်တာသို့ လျှောက်လာရင်း ကျန်းဟန်ကို မျက်ခုံးပင့်ကြည့်ကာ ပြောသည်။

"သူမ ထပါပြီ။ အပေါ်မှာရှိတယ်" ကျန်းဟန် ပြုံးကာ ပြန်ဖြေသည်။

“ဒါဆို သူမမျက်နှာ နီရဲနေသလား ငါသွားကြည့်မယ်” ကျိုးဖေးက ခေါင်းကိုခါယမ်းကာ ပြေးသွားသည်။

“အစ်ကို နောက်ဆုံးတော့ သူမက နင့်အပိုင်ဖြစ်သွားပြီ။ နင် စိတ်လှုပ်ရှားနေလား” ကျန်းလီက အစ်ကိုဖြစ်သူအား လက်မထောင်ပြကာ ပြုံး၍ပြောသည်။

“အစ်ကိုကျန်းဟန် ကွန်ကရက်ကျူလေးရှင်းပါ” လီအန်နာက နှုတ်ခမ်းများကို သပ်ရင်းပြောသည်။

အင်ထရိုဗာ့ဖြစ်သည့် လော့ချင်းမှာ ရှက်ရွံ့စွာဖြင့် ပြုံးရုံသာ ပြုံးလိုက်သည်။ သူမ ဘာမှဝင်မပြောသော်လည်း သူမ၏အမူအရာက သူမ၏အတွေးများကို ပြသနေသည်။

သူတို့၏အပြုအမူများမှာ အလွန်ရယ်စရာကောင်းနေသည်ကို ကျန်းဟန် တွေ့လိုက်ရပြီး ခေါင်းယမ်းကာ ပြုံးလိုက်သည်။

အားလုံးက အကုန်လုံးဖြစ်ပျက်ပြီးသွားပြီဟု ထင်နေကြသော်လည်း လုပ်ရမည့်ကိစ္စများက ရှိသေးပေသည်။

သို့သော်လည်း ကျန်းဟန်သည် ဤကိစ္စမျိုးအား မည်သူ့ကိုမျှ ရှင်းမပြနိုင်ချေ။

သူ၏နှလုံးသားထဲနှင့် ဧယန်၏နှလုံးသားထဲတွင် ဤအိပ်မှာ တကယ့်အိမ်ဖြစ်နေခဲ့ပေပြီ။ ကျန်းဟန်၏ ရိုမန့်တစ်ဆန်သည့် လှုပ်ရှားမှုများက သူတို့နှစ်ယောက်၏ဆက်ဆံရေးကို ပို၍ နီးကပ်လာစေခဲ့သည်။

ကျိုးဖေးသည် အပေါ်သို့တက်ကာ လှည့်ပတ်ကြည့်လိုက်၏။ ဆိုဖာပေါ်တွင်ထိုင်ကာ အရုပ်များဖြင့် ကစားနေသည့် မုန့်မုန့်ကို သူမ မြင်လိုက်ရသည်။ ကျိုးဖေးကို တွေ့သည့်အခါ ကလေးမလေးက လက်ကို ဝှေ့ယမ်းပြကာ နှုတ်ခမ်းလေးစူလိုက်၏။

“အန်တီဖေးဖေး အန်တီလီလီ…”

"ညည်းအမေ ဘယ်မှာလဲ" ကျိုးဖေး မေးသည်။

"အမ် ဟိုမှာ" မုန့်မုန့်က အိပ်ခန်းဆီသို့ လက်ညှိုးထိုးပြသည်။

ကျိုးဖေးသည် အိပ်ခန်းထဲသို့ အပြေးအလွှားဝင်သွား၏။

ဇီယန်မှာ အဝတ်အစားလဲပြီးချိန်ဖြစ်သည်။ သူမသည် အပြာနုရောင်ဂျင်းဘောင်းလီနှင့် အဖြူရောင်ဆွဲရှပ်ပါးပါးလေးတစ်ထည်ကို ဝတ်ထား၏။ ဆံပင်အား ပိုနီတေးစည်းထားပြီး သူမသည် အလွန်ပင် ပေါ့ပေါ့ပါးပါးနှင့် သက်သောင့်သက်သာရှိလှသည်။

"ကြည့်ရအောင်။ ဟေး နင့်ရဲ့အသားအရေက ပိုပြီး ကြည့်ကောင်းနေတယ်။ မျက်နှာက နီနေတယ်။ အချစ်ရဲ့စွမ်းအားက တကယ်ကြီးတာပဲ" ကျိုးဖေးသည် ပြေးဝင်လာပြီး သူမအား ဂရုတစိုက်ကြည့်ရင်း ချီးကျူးလို့မဆုံးချေ။

"ဖေးဖေး နင်ပိုပိုပြီး ဆိုးလာပါလား" ဇီယန် သူမအား မျက်စောင်းထိုးကာ ပြောလိုက်၏။

"ဟဟား ငါက အမြဲတမ်း ခပ်ဆိုးဆိုးပဲလေ" ကျိုးဖေးက ရယ်မောကာ ပြောသည်။ ရုတ်တရပ် သူမ ရပ်တန့်လိုက်ပြီး "အစ်မယန် ဒီနေ့ အလုပ်သွားရမှာ မဟုတ်လား။ နင် အရမ်းပေါ့ပေါ့ပါးပါးဖြစ်လွန်းနေတယ်"

"ငါ အလုပ်မသွားတော့ဘူး" ဇီယန်က နှုတ်ခမ်းများကို တွန့်ကွေးကာ ပြောသည်။

"အလုပ်မသွားတော့ဘူးလား" ကျိုးဖေး အံ့အားသင့်သွားသည်။ ထိုနောက် သူမ အဖြစ်အပျက်ကို ရုတ်တရက် သဘောပေါက်သွား၏။ "သြော် ငါသိပြီ။ နင်က ခဲအိုနဲ့ ရှိမန့်တစ်ဆန်တဲ့ ဒိတ်လေး ဆက်လုပ်မှာမလား"

"ဘာပဲဖြစ်ဖြစ် ငါ အဲဒီကို သွားသည်ဖြစ်စေ မသွားသည်ဖြစ်စေ ဘာမှ မထူးခြားပါဘူး" ဇီယန်က နှုတ်ခမ်းကို ကိုက်ကာ မျက်လုံးများကိုလှန်ကြည့်၍ပြောသည်။

"ဒါပေမယ့် စုန်းမအိုကြီးက ငါတို့ကို နေ့တိုင်း ထိုင်ခိုင်းနေတာ" ကျိုးဖေးက အကူအညီမဲ့စွာ ပြောသည်။

"ဘာပဲဖြစ်ဖြစ် ငါ မသွားဘူး" ဧယန် စိတ်ပိုင်းဖြတ်ထား၏။

သူမသည် ဒေါသထွက်နေသည့် လုံမပျိုလေးနှင့်တူနေရာ ကျိုးဖေး အနည်းငယ် အံ့အားသင့်သွားသည်။ သူမသည် အစ်မယန်နှင့် နှစ်ပေါင်းများစွာသိလာခဲ့သော်လည်း သူမ ဤမျှ စိတ်ပါလက်ပါပြုမူသည်ကို မတွေ့ခဲ့ရချေ။

ဝိုး အချစ်ရဲ့စွမ်းအားက တကယ်ကြီးမားတာပဲ။

"အလုပ်မသွားချင်ရင်လည်း ထားလိုက်ပါ။ နောက်ထပ် ရက်နည်းနည်းလောက် ထပ်ပြီး ပျော်လိုက်ပါဦး။ အစ်မယန် နင် ခဲအိုနဲ့အတူ ဟန်နီးမွန်းလေးသွားပါလား။ နင်တို့နှစ်ယောက် ရက်နည်းနည်းလောက် အတူတူနေခဲ့ကြပေါ့" ကျိုးဖေးက အကြံပြုသည်။

ဇီယန်၏မျက်လုံးဝိုင်းကြီးများမှာ တလက်လက်ဖြစ်နေသည်။ သူမ သွားချင်သော်လည်း အနည်းငယ် ချီတုံချတုံဖြစ်နေ၏။ ထို့ကြောင့် သူမ ပြောလိုက်သည်။ "မုန့်မုန့်က မျက်စိအောက်ကတောင် အပျောက်ခံတဲ့ကလေးမဟုတ်ဘူး။ ကျန်းဟန်က သူသွားလေရာကို သူမလေးကို ခေါ်သွားမှာ သေချာတယ်"

"ဟေး။ ဒီမှာရှိတယ်လေ" ကျိုးဖေးက ခေါင်းယမ်းကာ သူမကိုယ်သူမ လက်ညှိုးထိုးပြသည်။

"ဘာကိုဆိုလိုတာလဲ"

"ငါလေ" ကျိုးဖေးက စိတ်လှုပ်ရှားစွာပြောသည်။ "ငါ မုန့်မုန့်ကို ကြည့်ထားပေးလို့ရတယ်။ နင်တို့နှစ်ယောက် ကိုယ့်ဘာသာ သွားပြီး ပျော်ခဲ့ကြ။ နင်တို့ သီးသန့်အချိန်လေးတော့ ရှိသင့်တယ်လေ"

"နင်လား" ဇီယန်ပြုံးကာ ခေါင်းယမ်းလိုက်သည်။ "ကြည့်ရတာ နင် မုန့်မုန့်ကို သွေးဆောင်နိုင်တဲ့ပုံပဲ"

"ဟေး ကိတ်မုန့်တစ်စိတ်ကျန်သေးတယ်လေ။ ငါ့ကို ကြည့်စမ်းပါ" ကျိုးဖေးက ရင်ဘတ်ကိုပုတ်ပြကာ အခန်းထဲမှ လျှောက်ထွက်သွားသည်။

ကျိုးဖေးသည် မုန့်မုန့်ဆီသို့ အမြန်လျှောက်သွားပြီး ပြုံးကာ မေးသည်။ "မုန့်မုန့် ဒီမှာ ဘာကစားနေတာလဲ"

"အမ် သမီး...သမီးကားလေးနဲ့ကစားနေတာလေ" မုန့်မုန့်က အန်တီဖေးဖေးအား ထူးဆန်းသလိုကြည့်သည်။ သူမလက်ထဲတွင် ကားသေးသေးလေးရှိနေသည်မှာ အသိသာပင်။ သူမက ဘာကြောင့် မေးနေရသနည်း။ ကားဆိုတာ သူမ မသိလေရော့လား။

"အိုး ကားလေးပေါ့" ကျိုးဖေး ပြုံး၏။ သူမ ခေါင်းငုံ့ကာ မုန့်မုန့်၏နားနားသို့ကပ်ကာ တိုးတိုးလေးပြောသည်။ "သမီးမေမေနဲ့ အန်တီ အခုပဲ စကားပြောလာတာ။ ဘာပြောခဲ့လဲ မှန်းကြည့်"

"ဘာလဲ" မုန့်မုန့်၏ ချစ်စရာမျက်လုံးဝိုင်းကြီးများတွင် ရှုပ်ထွေးမှုများပြည့်နေသည်။

"အန်တီက သမီးကို အပြင်ခေါ်သွားပြီး အရသာရှိတဲ့အစားအသောက်တွေ စားချင်တယ်လို့ ပြောခဲ့တာ။ ဒါပေမယ့် သမီးမေမေက သဘောမတူဘူး။ သမီးက သမီးအဖေနဲ့ပဲ သေချာပေါက်နေမှာလို့ ပြောတယ်" ကျိုးဖေးက တိုးတိုးလေးပြော၏။

"အင်း သမီးက ဖေဖေနဲ့မေမေနဲ့ အတူတူနေချင်တာ" မုန့်မုန့်က နှုတ်ခမ်းလေးစူကာ ရေရွတ်သည်။

"အန်တီ မုန့်မုန့်ကို KFC စားဖို့ခေါ်သွားမယ်လေ" ကျိုးဖေးက မုန့်မုန့်၏နားနားတွင် သက်ပြင်းချရင်း တိုးတိုးလေးပြောသည်။

"ဟမ် KFC လား" မုန့်မုန့် ရေရွတ်လိုက်သည်။ သူမ သိပ်ပြီး စိတ်ဝင်စားဟန်မပြချေ။

"ဟေး အန်တီဖေးဖေးမှာ မွေးနေ့ကိတ်အကြီးကြီးရှိတယ်နော်"

"အမ်" မုန့်မုန့်၏မျက်လုံးများ တောက်ပလာသည်။

"အန်တီဖေးဖေးက သမီးကို ရေခဲမုန့်တွေလည်း ကျွေးဦးမှာ"

"အမ်"

"ပြီးတော့ အန်တီဖေးဖေးက သမီးကိုအပြင်ခေါ်သွားရင် သမီးအကြိုက်ဆုံး သကြားလုံးတွေရော ပေးဦးမှာ"

"သကြားလုံး သကြားလုံး"

"အန်တီဖေးဖေးမှာ သရေဆာမုန့်တွေလည်း အများကြီးရှိသေးတယ်"

"တကယ်လား"

နောက်ဆုံးတွင် မုန့်မုန့်၏မျက်လုံးများမှာ အမှန်တကယ်တောက်ပလာပြီး သူမ၏အမူအရာက “စားချင်တယ် စားချင်တယ်” ဟု ပြောနေသလိုပင်။

“သမီးမေမေက ခွင့်မပြုတာတော့ စိတ်မကောင်းပါဘူး” ကျိုးဖေးက အလွန်အကူအညီမဲ့ဟန်ပြောသည်။

၎င်းကို မြင်သည့်အခါ ကျန်းလီနှင့် အခြားနှစ်ယောက်မှာ မရယ်ဘဲမနေနိုင်ချေ။ ဤအမျိုးသမီးက ကလေးအား မည်သို့ချော့မြှူရမလဲ အမှန်တကယ်သိလေသည်။

“ဒါပေမယ့်...ဒါပေမယ့် မုန့်မုန့် စားချင်တယ်” မုန့်မုန့်က နှုတ်ခမ်းကို စူလိုက်၏။ သူမသည် အလွန်အားကိုးရာမဲ့ဟန်ဖြင့် လက်ကလေးများကို ဆုပ်နယ်နေသည်။

“အန်တီ့မှာ အကြံတစ်ခုရှိတယ်” ကျိုးဖေးက နောက်ဆုံးတွင် အဓိကအချက်ကို သွားလိုက်သည်။ သူမ မုန့်မုန့်၏နားနားသို့ကပ်ကာ တိုးတိုးလေးပြောသည်။ “သမီးက အန်တီဖေးဖေးနဲ့နေလိုက်။ အန်တီတို့ လဆန်းတောင်မှာ

သွားကစားကြမယ်။ ပြီးရင် အန်တီးဖေးဖေးက သမီးကို အရသာရှိတဲ့အစားအသောက်တွေစားဖို့ ခေါ်သွားမယ်။ အဲဒါဆို သမီးမေမေက အန်တီတို့ ဘာစားတယ် ဘာလုပ်တယ်ဆိုတာ သိမှာမဟုတ်တော့ဘူး”

“ဒါဆို…ဒါဆို သမီး အန်တီဖေးဖေးနဲ့ ကစားမယ်” နောက်ဆုံးတွင် မုန့်မုန့်မှာ သူမ၏ဖျားယောင်းခံလိုက်ရသည်။

“အဲဒီအကြောင်းကို သမီးသူတို့ကို သွားပြောလို့မရဘူးဘူးနော်။ သမီးအဖေနဲ့အမေကို အပြင်သွားပြီး ကစားခိုင်းရမယ်။ သူတို့ တစ်နေကုန်အပြင်သွားနေမှ အန်တီတို့ အရသာရှိတဲ့အစားသောက်တွေ စားလို့ရမှာ”

“အင်း…သမီး…” မုန့်မုန့်က နှုတ်ခမ်းလေးစူကာ မျက်လုံးများကို မှိတ်တုတ်မှိတ်တုတ်လုပ်နေသည်။ ဖေဖေနှင့်မေမေအား တစ်နေကုန် အပြင်ထွက်ကစားနေအောင် ဘယ်လိုလုပ်ရမလဲ စဉ်းစားနေ၏။ ၎င်းက အလွန်ခက်ပေသည်။

မိနစ်အနည်းငယ်ကြာပြီးနောက် ကျန်းဟန်က မနက်စာစားရန်ခေါ်သည့်အတွက် ဇီယန် အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။

ထို့ကြောင့် လူတိုင်း မနက်စာ စတင်စားကြသည်။

သူထမင်းစားခါနီးတွင် ကျန်းဟန်က မုန့်မုန့် ခေါင်းငုံ့နေသည်ကို သတိပြုမိပြီး မေးလိုက်သည်။ “မုန့်မုန့် ဘာလို့ မစားသေးတာလဲ”

“အမ်” မုန့်မုန့်မှာ အံ့အားသင့်သွား၏။ သူမ ခေါင်းလေးမော့ကာ ချစ်စဖွယ်အသံလေးဖြင့် ပြောရင်း ဖေဖေနှင့်မေမေအား ကြည့်သည်။

“ဖေဖေ”

“မေမေ”

“ဘာဖြစ်လို့လဲ” ဇီယန် ပြန်ပြောသည်။

"မေမေတို့ အပြင်သွားပြီး ကစားရမယ်။ မေမေနဲ့ဖေဖေတို့ အပြင်သွားရင် သမီးက အန်တီဖေးဖေးနဲ့ ကစားနေခဲ့မယ်။ မေမေတို့ တစ်နေကုန် အပြင်ထွက်ပြီးကစားကြလေ ဟုတ်ပြီလား" မုန့်မုန့်က အပြစ်ကင်းစင်စွာ ပြောသည်။

"ဟားဟား..." ဇီယန် မရယ်ဘဲ မနေနိုင်ချေ။ သူမ ကျိုးဖေးအား ခပ်စူးစူးကြည့်လိုက်ပြီး မုန့်မုန့်အား သူမနှင့်အတူကစားအောင် မည်သို့ပြောဆိုခဲ့သနည်းဟု တွေးနေမိသည်။

ထိုအချိန်တွင် ကျန်းလီနှင့် အခြားနှစ်ယောက်မှာ ဖြစ်ပျက်နေသည်ကိုမြင်ပြီး ရယ်မောလိုက်ကြ၏။ မုန့်မုန့်မှာ အလွန်ချစ်စရာကောင်းနေပေသည်။

"ဘာလို့ ဖေဖေနဲ့ မေမေကို အပြင်ထွက်ကစားစေချင်တာလဲ" ကျန်းဟန်က ရယ်မောကာ မုန့်မုန့်၏ချစ်စရာ ခေါင်းလေးအား ညင်သာစွာ ပုတ်လိုက်သည်။

"အိုး...ဖေဖေနဲ့ မေမေနဲ့ အပြင်သွားပြီး ကစားရုံပါပဲ။ ဘာမှမဟုတ်ပါဘူး" မုန့်မုန့်သည် ကျန်းဟန်အား မျက်တောင်မခတ်ဘဲ ကြည့်သည်။

ကလေးမလေး၏မျက်လုံးများကို ကြည့်ရင်း ကျန်းဟန် ခေါင်းညိတ်လိုက်သည်။ "ကောင်းပြီ"

"ရေး...ကောင်းတယ် ကောင်းတယ်" မုန့်မုန့်သည် အလွန်စိတ်လှုပ်ရှားသွားပြီး မနက်စာကို ပျော်ရွှင်စွာ စားတော့သည်။

သူမလေးသည် ကိတ်မုန့်၊ ရေခဲမုန့်၊ သကြားလုံးနှင့် သရေဆာမုန့်များအကြောင်းကိုသာ တွေးနေတော့သည်။

-အခန်း(၃၀၆)

wunzinnosp

## အခန်း(၃၀၇) ချစ်သူများ၏ကမ္ဘာ

မုန့်မုန့်သည် သူမ အခြားတစ်ယောက်၏ လှည့်စားခံလိုက်ရခြင်းဖြစ်ကြောင်း မသိခဲ့ချေ။

သို့သော် အန်တီဖေးဖေးနှင့် တစ်ရက်သာအတူတူနေလိုက်မည်ဆိုပါက ပုံမှန်ဆိုလျှင် မေမေက စားခွင့်မပြုသည့် သကြားလုံးအပြင် အခြား သရေဆာများကိုပါ အများကြီးစားနိုင်ပေသည်။ ကလေးမလေးမှာ သူနှင့် အတူတူနေခဲ့ချင်၏။ သို့သော် အချိန်အတော်ကြာလာခဲ့လျှင် ပို၍ကြီးမားသည့် သွေးဆောင်မှုက ပယ်ချခံရသေးသည်။

ကျန်းဟန်မှာ ၎င်းကိုမြင်ပြီးနောက် မရယ်ဘဲ မနေနိုင်။ ကျိုးဖေး၊ ကျန်းလီနှင့် အခြားသူများ၏အမူအရာကို မြင်သည့်အခါ သူသည်လည်း တစ်စုံတစ်ခုကို တွေးမိသွားပြီး မကြာခင်ပင် အဖြစ်အပျက်ကို သဘောပေါက်သွားသည်။

ဤသည်က ကောင်းပေသည်။ သူအနေဖြင့် ဇီယန်နှင့် တစ်ရက်လောက် သွားကစား၍ရ၏။ သူတို့တွေ့ဆုံချိန်ကတည်းက ယခုအထိ သူတို့နှစ်ယောက်တည်း သီးသန့်အချိန်မရှိသလောက်ဖြစ်သည်။

သာမန်ဆက်ဆံရေးတစ်ခုသည် အသိမိတ်ဆွေမှ စတင်ခဲ့ပြီး အပြန်အလှန်နားလည်မှုနှင့် ချစ်ခြင်းမေတ္တာဆီသို့ အဆင့်တက်လာခဲ့သည်။ ဤသည်က ဘဝတွင် တွေ့ကြုံရမည့် ကောင်းမွန်သည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။

ကျန်းဟန်နှင့် ဇီယန် အကြားဆက်ဆံရေးသည် အတော်လေးရိုးရှင်းပါ၏။ မတော်တဆမှုကြောင့် မုန့်မုန့် သူတို့အကြား ရောက်ရှိမလာပါက သူတို့ တစ်ယောက်နှင့်တစ်ယောက် သိကြမည်မဟုတ်ချေ။ သူတို့နှစ်ယောက်၏ဆက်ဆံရေးမှာ အခြားစုံတွဲများကသို့ အရင်ဆုံး ချင်ခင်စုံမက်ခဲ့ကြခြင်းမရှိသော်လည်း သူတို့နှစ်ဦးမှာ

အလွှန်ပျော်ရွှင်နေကြဆဲဖြစ်ပြီး အမှန်တကယ် ချစ်မြတ်နိုးကြပေသည်။

မကြာခင်မှာပင် မုန့်မုန့် မနက်စာစားပြီးသွားသည်။ သူမလေးသည် ဆိုဖာပေါ်ထိုင်ကာ ကျန်းဟန်နှင့် ဇီယန်အား တောက်ပသည့် မျက်လုံးဝိုင်းကြီးများဖြင့် စိုက်ကြည့်နေ၏။

သူတို့စားပြီးသည်နှင့် မုန့်မုန့်က အမြန်မေးသည်။ "ဖေဖေ မေမေ စားပြီးပြီလား"

"ဖေဖေတို့ ပြီးပြီ" ကျန်းဟန် ခေါင်းညိတ်သည်။

"ဒါဆို အပြင်သွားပြီး ကစားကြတော့လေ" မုန့်မုန့်က အလေးအနက်ပြောသည်။

"ကောင်းပြီ။ ဖေဖေတို့ အပြင်သွားပြီး ကစားကြမယ်" ကျန်းဟန်သည် သူမလေးအား ပွေ့ချီကာနီးတွင် မျက်လုံးထဲ၌ စနောက်သည့်အရိပ်အယောင်တစ်ခုပေါ်လာသည်။

၎င်းကိုမြင်သည့်အခါ မုန့်မုန့်သည် သူမ၏ခန္ဓာကိုယ်လေးအား လှုပ်ခါရင်း နောက်ပြန်ဆုတ်သည်။ “ဟင့်အင်း ဟင့်အင်း မဟုတ်ဘူး သမီးမသွားဘူး။ ဖေဖေနဲ့မေမေနဲ့ပဲ အပြင်သွားပြီး ကစားကြလေ”

“…”

မုန့်မုန့်သည် အလွန်ချစ်စရာကောင်းနေသည့်အတွက် ဇီယန်မှာ အပြုံးပဲမနေနိုင်။ သူမလည်း စနောက်ချင်လာသည်။ ထို့ကြောင့် သူမ ချောင်းဟမ့်ကာ ပြောသည်။ “ဟိတ် မုန့်မုန့် သမီးက ဖေဖေနဲ့မေမေကို အပြင်သွားခိုင်းပြီး သမီးက ဘာလုပ်ချင်လို့လဲ”

“အမ်” မုန့်မုန့်အား ကြောင်အသွား၏။ သူမ အလွန်စိုးရိမ်သွားသည်။

သူမ နှုတ်ခမ်းလေးစူကာ လက်ကလေးကို အဆက်မပြတ်ဆုပ်နယ်နေသည်။ ထိုနောက် လုံးဝ အပြစ်ကင်းစင်သည့်လေသံဖြင့် ပြောသည်။ “သမီး…သမီး

ဘာမှမလုပ်ပါဘူး။ အန်တီဖေးဖေးက သမီးနဲ့ကစားဖို့ ပြောလို့ပါ။ ဘာမှမဟုတ်ပါဘူး။ ဖေဖေ မေမေတို့ အမြန်သွားကြလေ”

“ကောင်းပြီ ဒါပေမယ့် သမီး ကောင်းကောင်းနေရမယ်နော်။ သမီး မလိမ္မာရင် မေမေနဲ့ဖေဖေက အချိန်မရွေးပြန်လာခဲ့မှာ” ဇီယန်က ပြုံးကာ ပြောသည်။

“ဟုတ်ကဲ့။ သမီးကောင်းကောင်းနေပါ့မယ်။ မုန့်မုန့်က လိမ္မာတဲ့မိန်းကလေးဖြစ်မှာပါ” မုန့်မုန့်သည် သူတို့အား အလေးအနက်ဖြင့် ပြန်ပြောသည်။

“ကောင်းပြီ ဖေဖေနဲ့ မေမေ အပြင်သွားပြီး ကစားကြမယ်” ဇီယန် ပြုံးလိုက်သည်။ သူမ အိပ်ခန်းထဲသို့ဝင်ကာ နောက်ကာမျက်မှန်နှစ်လက်နှင့် သူမ၏ဦးထုပ်ကို ယူလိုက်၏။ ထိုနောက် သူမ ပြန်ထွက်လာပြီး ကျန်းဟန်အား မျက်မှန်တစ်လက်ပေးသည်။

ကျန်းဟန်က ၎င်းအား ယူလိုက်ပြီး တပ်လိုက်၏။ ထိုနောက် ဇီယန်၏လက်ကိုဆွဲကာ အောက်ထပ်သို့ ဆင်းသွားသည်။

"ဝိုး ခစ်ခစ်" သူတို့အား တစ်ချိန်လုံးစောင့်ကြည့်နေသည့် မုန့်မုန့်မှာ ကျိုးဖေးကို ကြည့်၍ ရယ်လေသည်။

ကလေးမလေး၏အမူအရာအရ သူမအား ချီကြည့်မည်ကို စောင့်မျှော်နေပုံရသည်။

ကြည့်စမ်း သမီးမတော်ဘူးလား...

သူမလေး၏အမူအရာကိုမြင်သည့်အခါ ကျိုးဖေး၊ ကျန်းလီနှင့် အခြားသူများမှာ မရယ်ဘဲမနေနိုင်တော့ချေ။

"အချိန်နီးနေပြီ။ အန်နာ ငါနင့်ကို ကုမ္ပဏီအရင်လိုက်ပို့ပေးမယ်" ကျန်းလီက နာရီကိုကြည့်ကာ ပြောသည်။

လီအန်နာတွင် ကားမရှိချေ။ အချိန်သိပ်မလိုတော့သည့်အတွက် ကျန်းလီက သူမအား ကားမောင်းကာ လိုက်ပို့ပေးမည်ဟု ပြောသည်။

"ကောင်းပြီ" လီအန်နာခေါင်းညိတ်၏။ ထိုနောက် သူမ မတ်တပ်ထကာ ကျန်းလီနှင့်အတူ လှေကားဆီသို့ လျှောက်သွားသည်။

"ဒါဆို ငါပြန်တော့မယ်။ မြေအောက်ရထားစီးဘူတာလိုက်ပို့လို့ရတယ်မလား" လော့ချင်းက ကျန်းလီကို ကြည့်ကာ ပြောသည်။

"ဟေး မပြန်နဲ့ဦးလေ။ လော့ချင်း နင်နဲ့ လီလီနဲ့က ညမှ အလုပ်သွားရမှာမဟုတ်လား။ နေ့ခင်း ဒီမှာပဲနေလေ။ ငါတို့ အတူတူပျော်ကြတာပေါ့။ နင် လဆန်းတောင်ကို မရောက်ဖူးဘူးမဟုတ်လား" ကျိုးဖေးက လော့ချင်းကို အမြန်ပြောလိုက်ပြီး ကျန်းလီကို ကြည့်ကာ ဆက်ပြောသည်။ "လီလီ နင် အန်နာကို လိုက်ပို့ပြီးရင် ပြန်လာခဲ့လေ"

"ဟုတ်တယ် အန်တီလီလီ ပြန်လာခဲ့ပါ" မုန့်မုန့်က ကျန်းလီအား လက်ကလေးဝှေ့ယမ်းပြသည်။

"ကောင်းပြီ အန်နာကို ပို့ပြီးရင် ငါပြန်လာခဲ့မယ်။ လော့ချင်း နင် ဒီမှာပဲနေလို့ရတယ်။ ငါတို့ ည ခုနှစ်နာရီမှပြန်လည်း အဆင်ပြေပါတယ်" ကျန်းလီက ပြောသည်။

"ကောင်းပြီလေ" လော့ချင်း ခေါင်းညိတ်ကာ ပြန်ထိုင်လိုက်သည်။

ကျိုးဖေးပြုံးကာ လော့ချင်းအား ကြည့်လိုက်၏။ သူမ တစ်စုံတစ်ခုပြောခါနီးတွင် ချစ်စရာအသံလေးတစ်ခုက ထွက်ပေါ်လာလေသည်။

"အန်တီဖေးဖေး ဘယ်မှာလဲ... ဘယ်မှာလဲ သမီးရဲ့ကိတ်မုန့်"

...

ကျန်းဟန်နှင့် ဇီယန်တို့ လက်ချင်းတွဲကာ လှေကားပေါ်မှ လျှောက်လာကြသည်။

အောက်ထပ်တွင် ထမင်းစားနေသူများ အများအပြားရှိသေး၏။ လျန်မုန့်ချီနှင့် သူမ၏သူငယ်ချင်းနှစ်ယောက်၊ ကျောက်ဖုန်းနှင့် ဝမ်ချမ်းတို့အဖွဲ့ အားလုံး ရှိနေကြသည်။

သူတို့သည် စုံတွဲအား မြင်သည့်အခါ ခေါင်းညိတ်ကာ နှုတ်ဆက်ကြ၏။ ၎င်းက အနည်းငယ် ထူးဆန်းနေသည်။ သူဌေးနှင့် သူ၏ဇနီးတို့ လက်ချင်းတွဲထားသည်ကို သူတို့ ပထမဆုံး တွေ့ဖူးခြင်းဖြစ်သည်။

ကျန်းဟန်နှင့် ဇီယန်သည် ဆိုင်ထဲမှ တန်းတန်းမတ်မတ် ထွက်လာကြသည်။ ကျောက်ဖုန်း ခဏလောက်စဉ်းစားလိုက်ပြီး သူတို့နောက်သို့လိုက်ရန် ထလာခဲ့သည်။

"သူဌေးကတော်က နည်းနည်းရင်းနှီးနေသလိုပဲ။ ငါ သူမကို အရင်က တွေ့ဖူးတယ်ထင်တယ်။ ထူးဆန်းတယ်။ ဘယ်သူများပါလိမ့်" လျန်မုန့်ချီ စိတ်ရှုပ်ထွေးစွာ ရေရွတ်လိုက်သည်။

နံရံပေါ်တွင် ဇီယန်၏ဓာတ်ပုံနှစ်ပုံရှိနေသည်ကို သူမ မသိခဲ့ချေ။ သူမသာ ခေါင်းမော့ကြည့်လိုက်ပြီး မြင်လိုက်ရပါက သူမ မှတ်မိသွားနိုင်သော်လည်း ဓာတ်ပုံများကို လုံးဝ သတိမထားမိခဲ့ချေ။

"သူဌေးကတော်က အရမ်းလှတယ်" ကျောက်ဒါဟူက သူ၏ထင်မြင်ချက်ကို ထုတ်ပြောရင်း ခေါင်းယမ်းသည်။

"အမှန်ပဲ သူမက အရမ်းလှတယ်" ယူချင်းချင်းက သူမအား စိုက်ကြည့်ရင်းပြောသည်။ ထို့နောက် လျန်မုန့်ချီအားကြည့်ကာ မေးသည်။ "မုန့်ချီ ငါ့ကို အမှန်တိုင်းပြော။ နင် သူဌေးအပေါ် ခံစားချက်တွေရှိနေသေးလား"

မနေ့ညက သူမ လျန်မုန့်ချီနှင့် တစ်ခန်းတည်း အတူအိပ်ခဲ့သည်။ သူမ မိုဘိုင်းဂိမ်းကစားနေစဉ် လျန်မုန့်ချီ အိပ်ပျော်သွားခဲ့သည်။ သူမ အိပ်နေရင်းဖြင့် ကျန်းဟန်၏နာမည်ကို နှစ်ကြိမ်တိုင်တိုင် ရေရွတ်ခဲ့၏။ ၎င်းက ယူချင်းချင်းအား အနည်းငယ် သတိထားသွားစေသည်။ သူငယ်ချင်းတစ်ယောက်အနေဖြင့် သူ့အား နက်နက်ရှိုင်းရှိုင်း မချစ်မိသွားစေရန် သူမ ဖြောင်းဖျသင့်သည်ဟု ခံစားရ၏။ သူ့တွင် ပျော်ရွှင်စရာမိသားစုပိုင်ဆိုင်ထားပြီးသားဖြစ်သည်။ သူမ၏အချစ်ကို လိုက်လျောညီထွေမဖြစ်စေဘဲ သူ့အား ဆက်၍ချစ်နေမည်ဆိုပါက သူမအား ပို၍ နာကျင်စေလိမ့်မည်။

လျန်မုန့်ချီသည် ထိုစကားကို ကြားသည့်အခါ ယူချင်းချင်းအား ကြည့်လိုက်ပြီး သုံးစက္ကန့်ခန့် တွေးနေသည်။ နောက်ဆုံးတွင် သူမ ခေါင်းညိတ်ကာ ရိုးရိုးသားသားပြောလိုက်၏။ “အင်း ငါခံစားချက်ရှိနေသေးတယ်”

"မရဘူး" ယူချင်းချင်း နဖူးကိုပုတ်လိုက်ပြီး "မုန်ချီ နင်ဒီလိုလုပ်လို့ မဖြစ်ဘူးလေ"

လျန်မုန့်ချီ ရယ်မောကာ ပြောသည်။ "အင်းပါ အင်းပါ ဟုတ်ပါပြီ။ ငါ့မှာလည်း အရှက်နဲ့သိက္ခာရှိပါတယ်။ ငါ သူ့ကို သဘောကျတယ်။ ဒါပေမယ့် ငါ ဘာကိုမှ မလုပ်ပါဘူး။ ငါက သူ့ဌေးလိုမျိုး ထူးခြားထက်မြက်တဲ့ ယောကျာ်းတွေကို သဘောကျတယ်လေ။ ဒါပေမယ့် ငါ မသင့်တော်တာ ဘာတစ်ခုမှ မလုပ်ပါဘူးဟာ"

၎င်းက လူများ အမြဲတမ်း နောင်တရနေသည့် အရာတစ်ခုပင်။ ကျန်းဟန်သည် ယခုမှစ၍ သူမ၏စိတ်ထဲ၌ ဖျောက်ဖျက်မရသော အသွင်တစ်ခုဖြစ်လာပေလိမ့်မည်။ သူမ သူ့အား သဘောကျသော်လည်း ဘာမှလုပ်မည်မဟုတ်ချေ။ ထို့ပြင် သူ့အပေါ်ထားရှိသည့်ခံစားချက်များမှာလုံး ချစ်ခြင်းမေတ္တာလုံးဝ မဟုတ်တော့ချေ။ အနာဂတ်တွင်

သူမ၏အချစ်စစ်နှင့် တွေ့ရသည့်အခါ သူမ၏လက်ရှိအတွေးများက ရယ်စရာကောင်းနေပေလိမ့်မည်။

ထိုအချိန်အတွင်း၌ စားသောက်ဆိုင်၏အပြင်ဘက်တွင်...

ကျောက်ဖုန်း အမြန်လျှောက်ကာ သူတို့နောက်မှ လိုက်သွားသည်။ "သူဌေး သူဌေးကတော် ဘယ်သွားကြမလို့လဲ"

"ငါတို့နှစ်ယောက်တည်း အပြင်ထွက်ပြီး ကမ္ဘာကြီးကို ခံစားကြည့်မလို့လေ" ဇီယန်က ခပ်ရေးရေးပြုံးကာ ဆိုသည်။

"ငါတို့ အပြင်သွားလည်ကြမလို့" ကျန်းဟန် ပြော၏။

"ကျွန်တော် လိုက်ခဲ့ဖို့လိုသေးလား" ကျောက်ဖုန်း မေးသည်။

အပြင်သွားလည်သည့်အခါ တစ်ခါတစ်ရံ တန်းစီရန် သို့မဟုတ် တစ်ခုခုဝယ်ရန် လိုအပ်သည်။ ကျောက်ဖုန်းသည်

ဤကိစ္စများအတွက် သူတာဝန်ယူရမည်လားဟူ၍ တွေးကာ မေးလိုက်သည်။

ကျန်းဟန် ခဏလောက်စဉ်းစားပြီး ဖြေသည်။ "မင်း စားသောက်ဆိုင်မှာပြ နေခဲ့ပါ။ ကျိုးဖေးနဲ့တခြားသူတွေ အပြင်သွားကြရင် မင်းလိုက်သွားပေးလိုက်ပေါ့"

သူသည် မုန့်မုန့်နှင့် အတူရှိမနေချေ။ ယခု ကျိုးဖေးတစ်ယောက်တည်းသာ သူမဘေးတွေရှိနေသည်ဖြစ်ရာ သူ စိတ်မချနိုင်ပေ။

"ဟုတ်ကဲ့ပါ" ကျောက်ဖုန်း ခေါင်းညိတ်သည်။

ထိုနောက် ကျန်းဟန်နှင့် ဇီယန်တို့ ပန်ဒါကားပေါ်သို့ တက်သွားကြသည်။

ကျောက်ဖုန်းသည် စားသောက်ဆိုင်သို့ ပြန်လျှောက်သွားပြီး အားဟူကို ဖုန်းခေါ်လိုက်သည်။

"အားဟူ လူနည်းနည်းလောက် စားသောက်ဆိုင်ကို ခေါ်သွားလိုက်။ သိပ်အများကြီးတော့ မဟုတ်ဘူး။ သုံးလေးယောက်လောက်ဆို လုံလောက်ပြီ။ တခြားသူတွေကို ပုံမှန်အတိုင်းပဲ လေ့လာနေပါစေ"

ယနေ့ခေတ်တွင် နေ့စဉ်သင်တန်းများအပြင် လုံခြုံရေးအဖွဲ့ဝင်များအတွက် ပရော်ဖက်ရှင်နယ် အသိပညာတချို့ကို လေ့လာကြသည်။ ဆရာများအားလုံးသည် လျှိုချင်းဖုန်း ငှားရမ်းပေးထားသော ဆရာများဖြစ်ကြပြီး နေ့စဉ်အချိန်ဇယားမှာ အလွန်တင်းကျပ်၏။ သို့သော် တစ်စုံတစ်ခုဖြစ်လာပါက လူများကို စုစည်းနိုင်ပြီး နောက်မှ သင်ခန်းစာများကို ပြန်၍ သင်ကြားနိုင်သည်။ နောက်ဆုံးတွင်တော့ ဤသည်က ကျောင်းတစ်ခုမဟုတ်ချေ။ ထို့ကြောင့် သင်ရိုးညွှန်းတမ်းကို ပြင်မနေကြချေ။

ကျန်းဟန်နှင့် ဇီယန်သည် ပန်ဒါကားထဲတွင်ထိုင်ကာ ကျူးကန်းခရိုင်သို့ ဦးတည်သွားကြ၏။

"ကျွန်မတို့ ဘယ်သွားကြမလဲ"

မီးနီစောင့်နေစဉ် ဇီယန်က နှုတ်ခမ်းများကို သပ်လိုက်ပြီး ကျန်းဟန်အား ကြည့်ကာ ယနေ့အစီအစဉ်ကို မေးသည်။

"ကိုယ်တို့ ရေနက်ပင်လယ်ကွေ့ အပျော်စီးသင်္ဘောကလပ်ကို အရင်သွားကြမယ်" ကျန်းဟန်က ပြုံးကာ ပြန်ဖြေသည်။

"ပင်လယ်ကိုသွားကြမှာလား"

"အင်း"

"ကျွန်မကို အဲ့လိုကြီးကြည့်မနေနဲ့။ မီးနီပြောင်းတော့မယ်" ဇီယန်သည် ကျန်းဟန်က သူမအား စိုက်ကြည့်နေသည်ကိုမြင်သည့်အခါ အနည်းငယ် ရှက်သွား၏။

"ကိုယ်မင်းကို ကြည့်ရတာ သဘောကျတယ်။ မင်းက အရမ်းလှတယ်။ မင်းဆီကနေ ကိုယ့်ရဲ့မျက်လုံးတွေ မခွာနိုင်ဘူး" ကျန်းဟန်က တိုးတိုးလေးပြောသည်။

"လာ ကိုယ့်ကိုနမ်းပါဦး"

"မနမ်းပါဘူး"

သူတို့၏နောက်မှ ကားများက ဟွန်းတီးနေကြသည်။

"မြန်မြန် နောက်ကလူတွေ စိတ်မရှည်ဖြစ်နေကြပြီ"

"မရဘူး။ ကိုယ့်ကိုနမ်းမှ ကိုယ်သွားမယ်" ကျန်းဟန်က ပြုံးကာ ဇီယန်ကိုကြည့်ရင်း သူ၏နှုတ်ခမ်းများကို သူမအနီးသို့ တိုးကပ်သွားလိုက်သည်။

သူမရှက်ရွံ့နေချိန်၌ ဇီယန်အား ကြည့်ရသည်ကို သူအလွန်သဘောကျ၏။ နေ့ခင်းဘက်ဖြစ်သော်လည်း သူနှင့်အတူရှိနေသည့်အချိန်တွင် ဇီယန်သည် ရှက်ရွံ့စိုးရိမ်တတ်သည့်ကောင်မလေးတစ်ယောက်ကဲ့သို့ ပို၍ပို၍ ပြုံမူလာတတ်ကာ ကျန်းဟန်မှာ အလွန်သဘောကျနေတော့သည်။

"မွ..."

ဇီယန်မှာ သူ့အား နားချ၍ မရသည့်အတွက် နောက်ဆုံးတွင် နမ်းလိုက်သည်။

နူးညံ့သည့်အနမ်းက ကျန်းဟန်အား ကျေနပ်သွားစေသည်။ ထိုနောက် သူပြုံးလိုက်ပြီး ကျေကျေနပ်နပ်ဖြင့် ကားကို စတင်မောင်းလိုက်သည်။

နောက်ဆုံးတွင်တော့ သူတို့၏သီးသန့် ကိုယ်ပိုင်နေ့လေးတစ်နေ့ကို စတင်ခဲ့လေပြီ။

-အခန်း(၃၀၇)ပြီး

wunzinnosp

## အခန်း(၃၀၈) အပျော်စီးသဘော်သငှားရမ်းခြင်း

ရေနက်ပင်လယ်ကွေ့သည် ဟောင်ကောင်ရှိ ပင်လယ်ကွေ့တစ်ခုဖြစ်သည်။

တောင်ပိုင်းကျွန်းပေါ်ရှိ ကျူးကန်းခရိုင်၏တောင်ဘက်တွင်တည်ရှိပြီး အပျော်စီးသင်္ဘောငှားရန် နာမည်ကြီးသည့် နေရာတစ်ခုဖြစ်ကာ နက်ရှိုင်းသည့် အဝိုက်ပုံစံ ပင်လယ်အော်(ပင်လယ်ကွေ့)တစ်ခုဖြစ်သည်။

ရေနက်ပင်လယ်ကွေ့အပျော်စီးလှေကလပ်သည် ရေနက်ပင်လယ်ကွေ့ရှိ အပျော်စီးလှေကလပ်များထဲမှ တစ်ခုဖြစ်သည်။ ကျန်းဟန်သည် ကျူးကန်းခရိုင်သို့ တန်း၍ မောင်းလာခဲ့သည်။ မီးပွိုင့်စောင့်နေစဉ်၌ ကျန်းဟန်သည် လမ်းမဘေးရှိ စူပါမားကတ်တစ်ခုကို အမှတ်တမဲ့တွေ့လိုက်ရသည်။

သူ လမ်းဘေးတွင် ကားရပ်လိုက်ပြီး ဇီယန်ကို ကြည့်၍ ပြောလိုက်သည်။ “ဒီမှာ ခဏစောင့် ကိုယ် တစ်ခုခုသွားဝယ်လိုက်ဦးမယ်”

“ဘာဝယ်မလို့လဲ” ဇီယန် မေးသည်။

"ပြီးရင်သိလိမ့်မယ်" ကျန်းဟန် ပြုံးလိုက်၏။ သူ ကားပေါ်မှဆင်းသွားကာ စူပါမားကတ်သို့ အမြန်လျှောက်သွားသည်။

သုံးမိနစ်ခန့်ကြာသည့်အခါ ကျန်းဟန်သည် ပလက်စတစ်အိတ်တစ်လုံးနှင့် ပြန်လာခဲ့သည်။

ကားပေါ်ရောက်သည့်အခါ ဇီယန်က ပလက်စတစ်အိတ်ကို စိတ်ဝင်တစားကြည့်၍ မေး၏။ "အထဲက ဘာလဲ"

"တမ်ပွန်(Tampon)"

ကျန်းဟန် ပြုံးကာ အိတ်ကို ပေးလိုက်သည်။ သူ ကားစက်နှိုးရင်း ပြောသည်။ "မင်း ရာသီလာနေတယ်မဟုတ်လား။ ကိုယ်တို့ ပင်လယ်ကိုသွားရင် ရေစိုလိမ့်မယ်"

ကျန်းလီ၏ကျေးဇူးကြောင့် ဤကိစ္စသည် မိန်းကလေးများအတွက် ပုံမှန်သာဖြစ်ကြောင်း သူသိသည်။ အမျိုးသမီးများသည် ဓမ္မတာလာချိန်တွင် ရေကူးနိုင်သော်လည်း တမ်ပွန်ကို အသုံးပြုရ၏။ ရေ၏အပူချိန်မှာ အလွန်အမင်း မနိမ့်ပါက ပုံမှန်အတိုင်း ရေကစားနိုင်သည်။

“အိုး...အဆင်ပြေပါတယ်” ဇီယန် မျက်တောင်ပုတ်ခတ်ပုတ်ခတ်ဖြင့် အောက်နှုတ်ခမ်းကို အသာကိုက်ကိုက်လိုက်သည်။ ထိုနောက် သူမ အဓိပ္ပာယ်ပြည့်ဝစွာဖြင့် ပြောသည်။ “ရှင်က အရမ်းစဉ်းစားတတ်တာပဲ”

“ဟားဟားဟား...” ကျန်းဟန် ရယ်မောလိုက်သည်။ သူမ ဆိုလိုသည်ကို သဘာဝကျကျပင် သူနားလည်၏။ “ကိုယ် မင်းကို ရေကူးဝတ်စုံနဲ့ တွေ့ချင်တယ်လေ”

ဇီယန် အနည်းငယ် ရှက်ရွံ့သွားကာ နှာခေါင်းရှုံ့လိုက်သည်။ သူမ ခေါင်းကို အမြန်လှည့်ကာ ကားထဲမှ အပြင်သို့လှမ်းကြည့်၏။ သူမ ပလက်စတစ်အိတ်ကိုတစ်ချက်ကြည့်ကာ တိုးတိုးလေးရေရွတ်သည်။ “အများကြီး မလိုပါဘူး”

“ပိုပိုလိုလိုပေါ့” ကျန်းဟန် ပြုံးကာ ပြန်ဖြေ၏။

ဇီယန် ထပ်၍ ရေရွတ်လိုက်ပြန်သည်။ ကျန်းဟန်သည် သူမပြောသည်ကို ရှင်းရှင်းလင်းလင်း မကြားရသော်လည်း သူမ၏ချစ်စရာကောင်းသည့်မျက်နှာလေးကို ကြည့်ကာ မရယ်ပဲ မနေနိုင်ချေ။

သူတို့ ရေနက်ပင်လယ်ကွေ့အပျော်စီးလှေကလပ်သို့ ရောက်လာကြသည်။ ၎င်း၏ရုံးခန်းအဆောက်အအုံးမှာ ကမ်းစပ်တွင် တည်ရှိ၏။

ကျန်းဟန် ကားရပ်လိုက်သည့်အခါ သူတို့အား ကြိုဆိုရန်အဆင်သင့်စောင့်နေသည့် ဝန်ထမ်းမှာ နှုတ်ခမ်းတွန့်လိုက်၏။

"ဒီလို ဈေးပေါပေါကားလေးကို ဒီမှာ ပထမဆုံးတွေ့ဖူးတာပဲ" ဝန်ထမ်းက သူကိုယ်သူပြောသည်။

သူ၏စကားတွင် ပုတ်ခတ်ပြောဆိုခြင်းတော့မရှိချေ။ သူသည် ဤနေရာမှ ဝန်ထမ်းသာဖြစ်ရာ သူ့တွင် ကားပင်မရှိပေ။

"ဝိုး ဒီဆော်လေးက အရမ်းမိုက်တာပဲ"

ဇီယန် ကားပေါ်မှဆင်းလာသည်ကို မြင်ပြီးနောက် ဝတ်စုံပြည့်ဝတ်ဆင်ထားသည့် အမျိုးသား၏မျက်လုံးများ တောက်ပလာသည်။ သူမသည် မျက်လုံးများကို ဖမ်းစားနိုင်၏။ သို့သော် ယာဉ်မောင်းခုံမှဆင်းလာသည့်လူကိုမြင်သောအခါ သူ၏နှုတ်ခမ်းများတွန့်ကွေးသွားပြီး သူဘာသာသူ ရေရွတ်လိုက်သည်။

“သေချာတာပေါ့။ သူ့က လုံး၀ ရုပ်ချောတဲ့သူပဲ။ ဒီလူငယ်လေးက အရမ်းချောတယ်။ ဒီလူ့အသိုင်းအဝိုင်းမှာ မိန်းမလှလေးတစ်ယောက်ကို ရဖို့ဆိုရင် အဲဒီခူက ချမ်းသာရမယ် ဒါမှမဟုတ် ပိုက်ဆံအိတ်ဖောင်းနေရမယ်။ ဟူး…စိတ်ပျက်ဖို့ကောင်းလိုက်တာ”

မကြာမီပင် ကျန်းဟန်က ဇီယန်၏လက်ကို လှမ်းကိုင်လိုက်သည်။

ဇီယန်သည် ဦးထုပ်နှင့်နေကာမျက်မှန်ကို ဝတ်ဆင်ထားပြီး ကျန်းဟန်သည် သူမနှင့်ဆင်တူ နေကာမျက်မှန်ကို ဝတ်ဆင်ထား၏။

“မင်္ဂလာပါဆရာ ဘယ်လိုဝန်ဆောင်မှုတွေလိုအပ်ပါသလဲခင်ဗျာ” ထိုလူက အပြုံးဖြင့် မေးသည်။

“အပျော်စီးလှေ” ကျန်းဟန်က ပြန်ဖြေသည်။

"လူဘယ်နှယောက်စာလဲ မေးလို့ရမလား" ထိုလူက ထပ်မေးသည်။

"ငါတို့နှစ်ယောက်ပဲ"

"ကောင်းပါပြီ ဆရာ။ ကျေးဇူးပြုပြီး ထိုင်ပါဦး" ထိုလူက ကျန်းဟန်နှင့် ဇီယန်ကို အနီးရှိ လက်ဖက်ရည်စားပွဲသို့ ခေါ်သွားသည်။ သူတို့ထိုင်လိုက်ပြီးနောက်တွင် တစ်ခါသုံးခွက်အချို့ထုတ်ကာ လက်ဖက်ရည်ငှဲ့ပေးသည်။ ထို့နောက် သူ၏အိုင်ပက်ကို ထုတ်ကာ ဓာတ်ပုံအယ်ဘမ်ကိုဖွင့်၍ မိတ်ဆက်ပေး၏။ "ဆရာ ကျွန်တော်တို့ အပျော်စီးလှေတွေကို အရင်ဆုံး မိတ်ဆက်ပေးပါရစေ။ ဒါက OY01A Bavaria Virtress 420 မော်ဒယ် အသေးစားပါ။ လူနှစ်ယောက်အတွက် သင့်တော်ပြီး ဈေးနှုန်းနဲ့ စွမ်းဆောင်ရည်ကလည်း အချိုးကျပါတယ်။ လူနှစ်ယောက်အတွက် ကုန်ကျစရိတ်က တစ်ရက်ကို ယွမ် ၅၅၀၀ ကျသင့်မှာဖြစ်ပြီး ရေမီးအစုံပါဝင်ပြီးသားပါ။ ကျွန်တော်

အကြံပြုချင်တာကတော့ ယွမ် ၁၂၈၀၀ နဲ့ ပစ္စည်းအစုံအလင်ပါတဲ့ဟာကို ယူဖို့ အကြံပေးချင်ပါတယ်”

“အကောင်းဆုံးဆိုတဲ့ဟာတွေပဲ တိုက်ရိုက်ပြောပါ” ကျန်းဟန်က လက်ကိုဝှေ့ယမ်းကာ ပြောလိုက်သည်။

“အာ..ကောင်းပါပြီ။ ပြဿနာမရှိပါဘူး” ထိုလူမှာ ထိတ်လန့်သွားပြီး အမြန်ခေါင်းညိတ်လိုက်၏။

ဤလူငယ်လေးမှာ မိန်းမလှလေး၏နှလုံးသားကို မသိမ်းပိုက်နိုင်သေးသဖြင့် ယနေ့ သူမအတွက် ငွေများဖြုန်းပေးရန် ဆန္ဒရှိနေခြင်းဖြစ်လိမ့်မည်ဟု သူ တွေးလိုက်သည်။

ပန်ဒါကားမောင်းသည့် ကျန်းဟန်မှာ ချမ်းသာမည်မဟုတ်ဘူးဆိုသည်ကို သူသဘောပေါက်သည်။ သို့သော် သူသည် ကောင်မလေးအား စိတ်ပျော်ရွှင်စေရန်အတွက် ငွေအများအပြားသုံးရပေသည်။ ကျန်းဟန်သည် အမှန်တကယ် သနားစရာကောင်းသည်ဟု

ရုတ်တရက် တွေးမိလိုက်၏။ သို့သော် ဇီယန်၏လှပသည့် မျက်နှာလေးကို ကြည့်မိလိုက်သည့်အခါ အရာအားလုံးက ထိုက်တန်သည်ဟု ခံစားလိုက်ရပြန်သည်။

သူမက အလွန်အမင်း လှပ၏။

သူ တိတ်တဆိတ် တံတွေးမြိုချလိုက်သည်။

ထိုလူသည် တိတ်တဆိတ် တံတွေးမြိုချလိုက်ပြီးနောက် ပုံများကို အမြန်ဖွင့်ပြ၏။ "ဒီ LA13A Nummarine 78 Flybridge Luxury Yacht က ဒီမှာရှိသမျှထဲက အကောင်းဆုံးလှေပါပဲ။ နေ့စဉ်ငှားရမ်းခက ယွမ် ၄၈၀၀၀ ရှိပြီး ၈ နာရီ အကြုံးဝင်ပါတယ်။ လေအေးပေးစက်၊ ကာရာအိုကေ၊ ဂီတနှင့် အခြား အရာတွေပါဝင်ပါတယ်။ အခန်းတစ်ခန်းနဲ့ ရှုခင်းကြည့်တဲ့ ခေါင်မိုးနေရာလည်း ပါပါတယ်။ ဒရိုင်ဘာက အမိုးပေါ်ကဟာတွေကို လုံးဝ မမြင်ရပါဘူး။ သူ့မှာ သီးသန့်ရေရာအကြီးကြီးပါပါတယ်…"

ကျန်းဟန်သည် ထိုနေရာတွင် ရင်ခုန်စရာတစ်ခုခု လုပ်လိမ့်မည်ဟု တွေးထားသည့်အတွက် သူက ၎င်းကို အတိအကျပြောပြနေသည်။

သူ၏စကားမဆုံးခင်မှာပင် ကျန်းဟန်က ခေါင်းညိတ်ကာ ပြောလိုက်သည်။ "အဲဒါပဲယူမယ်"

"ကောင်းပါပြီ ဆရာ၊ ဒီမှာ ငွေချေပေးပါ" ထိုလူမှာ အလွန်ပျော်သွား၏။ သူ ထရပ်ကာ ကျန်းဟန်အား ဆားဗစ်ကောင်တာသို့ ခေါ်သွားသည်။ သူ အပျော်လွန်နေသဖြင့် ရေကစားနည်းများအကြောင်း ပြောဖို့မေ့နေသည်ကို သတိရသွားသည်။ ထို့ကြောင့် ခြေလှမ်းများကို ရပ်လိုက်ပြီး ပြောသည်။ "ဆရာ စပိဘုတ်၊ ငှက်ပျောလှေ၊ ကနူးလှေ၊ လေထိုးလှေ့ စတဲ့ ရေကစားပစ္စည်းတွေလည်း အပိုကြေးပေးပြီး ယူလို့ရပါတယ်"

"အိုး တစ်သိန်းဆိုလောက်လား" ကျန်းဟန်က ပေါ့ပေါ့ပါးပါး ပြောလိုက်၏။

"အာ" ထိုလူမှာ ရုတ်တရက် အေးခဲသွားသည်။

ထိုကစားစရာများအားလုံးပေါင်းမှာ တစ်သောင်းကျော်သာ ကျသင့်၏။ တစ်သိန်းမှာ အလွန်ပင်များလွန်းသည်။

ထို့ကြောင့် သူ အမြန်ပြောလိုက်သည်။ "လောက်ပါတယ်။ အဲဒါအပြင် သောက်စရာ ဘီယာ၊ ဝိုင်၊ ဆိုဒါ စတာတွေလည်း ရှိပါသေးတယ်..."

သူဆိုလိုသည်မှာ ရေကစားပစ္စည်းများနှင့် အချိုရည်များအတွက် အပိုကြေးပေးပြီးပါကလည်း ပိုက်ဆံအနည်းငယ် ကျန်နေဦးမည်ဖြစ်သည်။ ညဘက်ငွေရှင်းသည့်အခါ သူတို့ ထိုရက်ရောသည့်လူကို ငွေပြန်ပေးသည်။

သို့သော် ကျန်းဟန်က မထင်မှတ်ဘဲ သူ့အား ကြားဖြတ်ပြောလိုက်သည်။ သူက လက်ကိုဝှေ့ယမ်းကာ တည်ငြိမ်စွာဖြင့် ပြောလိုက်၏။ "ဒါဆို ငါမင်းကို ၂

သိန်းပေးလိုက်မယ်။ ရှင်းပြနေဖို့မလိုတော့ဘူး။ အကုန်လုံးသာ ယူလာခဲ့ပေး”

“အဟွတ် အဟွတ်...”

ထိုလူမှာ ထပ်၍ ထိတ်လန့်သွားပြန်သည်။ “ယွမ် တစ်သိန်းဆို လောက်ပါပြီ။ ကျန်တဲ့ငွေက...”

ကျန်းဟန်က သူ့ကိုကြည့်ရင်း တည်ငြိမ်စွာ ပြောလိုက်သည်။ “မင်းအတွက် မုန့်ဖိုး”

ဘုန်း...

ထိုလူမှာ လျှပ်စီးထိသွားသလိုခံစားလိုက်ရသည်။ သူ၏ကံကောင်းမှုကြောင့် အလွန်စိတ်လှုပ်ရှားသွားသည်။

ဤကဲ့သို့ ကံကောင်းခြင်းမှာ ရုတ်တရက် ရောက်ရှိလာ၏။ သူ အလွန်တုန်လှုပ်သွားပြီး တခဏလောက် အေးခဲနေသည်။

“ကျေးဇူးတင်ပါတယ် ဆရာ ကျေးဇူးတင်ပါတယ်။ ဒီမှာ ငွေရှင်းပေးပါဗျ” ဆားဗစ်ကောင်တာရှိ ပိုနီတေးဆံပင်နှင့်

ကောင်မလေးက စိတ်အားထက်သန်စွာဖြင့် အမြန်တုံ့ပြန်သည်။

၎င်းကို မြင်သည့်အခါ ဇီယန် တိတ်တဆိတ်ဖြင့် နှုတ်ခမ်းသပ်လိုက်၏။

ပိုနီတေးဆံပင်နှင့် မိန်းကလေးလေးသည် နည်းပြတစ်ဦးနှင့် ဝန်ထမ်းနှစ်ယောက်ကို ခေါ်ကာ ၎င်းတို့အတွက် အကောင်းဆုံးပက်ကေ့ချ်စီစဉ်ပေးရန် ပြောလိုက်ပြီး ကျန်းဟန်နှင့် ဇီယန်အား အပျော်စီးလှေဧရိယာသို့ ခေါ်သွားလိုင်းလိုက်၏။

သူတို့ ထွက်သွားပြီးနောက်…

ထိုလူမှာ စိတ်လှုပ်ရှားစွာဖြင့် ပြောသည်။ “ဝိုး စိတ်လှုပ်ရှားလိုက်တာ။ သူက ပိုက်ဆံကို ဒီလိုပဲ အမှိုက်တွေလို ပစ်ပေးသွားတာပဲ။ ဒီလောက် ဈေးပေါတဲ့ကားကို မောင်းတဲ့သူကာ ဒီလောက်ထိချမ်းသာလိမ့်မယ်လို့ မမျှော်လင့်ထားဘူး”

"သူက ဒီလိုဈေးပေါတဲ့ပန်ဒါကားကို မောင်းတယ်ဆိုတာ ဘဝအတွေ့အကြုံခံစားချင်တာကြောင့် ဖြစ်မှာပါ။ နင်က တကယ်ကို တုံးတာပဲ။ ဒီလောက်လှတဲ့ မိန်းကလေးကို လူဆင်းရဲတစ်ယောက်က လွယ်လွယ်ရနိုင်ပါ့မလား"
ပိုနီတေးနှင့် ကောင်မလေးက ပြုံးသည်။

"ဟဲဟဲ... ဟုတ်တယ်။ မင်းပြောတာ အဓိပ္ပာယ်ရှိတယ်"
ထိုလူက ခေါင်းကုတ်ကာ ပြုံး၏။

"ကောင်းပြီ။ ပိုတဲ့ငွေက ဘောက်ဆူးလို့ပြောသွားတယ်။ အကောင်းဆုံးဆားဗစ်အတွက် ဈေးနှုန်းက ၈၀၀၀၀ ဆိုတော့ ကျန်တဲ့ ၁၂၀၀၀၀ က ဘောက်ဆူးပေါ့"

"ကောင်းပြီ မင်းလည်း တွေ့ခဲ့တာဆိုတော့ ငါ မင်းကို ခွဲပေးလိုက်မယ်။ မင်း ၃၀၀၀၀ ၊ ငါ ၉၀၀၀၀ ပေါ့။ ဘယ်လိုလဲ"

"ကျေးဇူးအများကြီးတင်ပါတယ်"
ကောင်မလေး၏မျက်လုံးများ တောက်ပသွားသည်။

...

“ဆရာ အရှေ့ကတစ်ခုက ဆရာ့အတွက်ပါ”

နည်းပြက စိတ်အားထက်သန်စွာပြောပြီး ရှေ့ရှိ အပျော်စီးလှေကို ညွှန်ပြသည်။

သူတို့ရှေ့ရှိ ပင်လယ်အော်အား တစ်ချက်ကြည့်လိုက်ရာ ပင်လယ်ထဲ၌ ရာနှင့်ချီသည့် အပျော်စီးလှေများ ငြိမ်သက်စွာ ရပ်ထားသည်ကို တွေ့လိုက်ရ၏။ ဤဆိပ်ခံတွင် ငှားထားသော အပျော်စီးလှေတစ်ချို့ရှိနေပြီး ထွက်ခွာရန် အသင့်ဖြစ်နေသည်။

ကျန်းဟန်ငှားထားသည့် ဇိမ်ခံလှေသည် စုစုပေါင်း နှစ်ထပ်ရှိပြီး မောင်းသူအခန်းနှင့် ညှိသည့်သည်အခန်းတစ်ခုရှိသည်။ အပေါ်ထပ်၌ ရှုခင်းကြည့်ရန် ခေါင်မိုးထပ်ပါရှိသည်။ နေရောင်ခံနိုင်သည့် လျှောင်းထိုင်ခုံများစွာရှိသည်။ နေရောင်ခြည်က အလွန်ပြင်းထန်သည်ဟု ခံစားမိပါက ဗီဆာကို အသုံးပြုနိုင်၏။

အပျော်စီးလှေများတွင် အများအားဖြင့် ပါတီပွဲများ ကျင်းပလေ့ရှိပြီး လူချမ်းသာသားသမီးများ နှစ်သက်ကြသည်။ သာမန်ခရီးသွားများသည် ဖိမ်ခံလှေများပေါ်တွင် ပင်လယ်ပြင်ရှိ ရှုခင်းလှလှများကို ကြည့်ရှုခံစားကြသည်။

မနက်ကိုးနာရီခန့်ရှိပြီဖြစ်ရာ လာလည်သည့် ဧည့်သည်များ အများအပြားရှိနေသည်။ အပျော်စီးလှေကလပ်များ အများအပြားရှိသည့်အတွက် ပင်လယ်ပြင်ပေါ်တွင် လှေများစွာ လှုပ်ရှားသွားလာနေကြ၏။

"အဲဒီမှာ ရေကူးဝတ်စုံရှိလား" ကျန်းဟန်က ခေါင်းညိတ်ရင်း မေးသည်။

"ဟုတ်ကဲ့ ယောကျ်ားဝတ်ငါးစုံနဲ့ မိန်းကလေးဝတ်ငါးစုံရှိပါတယ်။ အားလုံးက နောက်ဆုံးပေါ် ဒီဇိုင်းတွေချည်းပါပဲ" နည်းပြက ပြန်ဖြေ၏။

"အပေါ်တက်ရအောင်" ကျန်းဟန်မှာ စိတ်မရှည်တော့သော်လည်း သူ၏လေသံကြောင့် အလွန်တည်ငြိမ်နေသည်ဟု အခြားသူများထင်မြင်စေသည်။

သို့သော် ကျန်းဟန်နှင့် ရင်းနှီးနေသည့် ဇီယန်မှာ သူ၏ဆိုလိုရင်းကို သဘောပေါက်၏။ ထိုအကြောင်းကို တွေးရင်း သူမ အနည်းငယ် ရှက်ရွံ့သွားသည်။

သူ၏ရှေ့မှာပင် သူမ ပြောင်းလဲသွားရမည်လား။

မဖြစ်နိုင်။

ဇီယန်သည် နှုတ်ခမ်းများကို ကိုက်လိုက်ပြီး ကျန်းဟန်နောက်မှလိုက်ကာ အပျော်စီးလှေပေါ်သို့ တက်သွား၏။

"အောက်ကအခန်းက ယာဉ်မောင်းအခန်းပါ။ ကျွန်တော် တခြားစားပွဲထိုးတွေနဲ့ ဒီမှာ ရှိပါမယ်။ ဆရာတို့ကို အခန်းအရင်လိုက်ပြပေးပါမယ်" နည်းပြက ပြောသည်။

အပေါ်ထပ်အခန်းသို့ ခေါ်သွားပြီးနောက် ဗီရိုထဲမှ လက်ပတ်တစ်ခုကို ထုတ်ယူလိုက်သည်။

“ဒါက ဝင်ခွင့်လက်ပတ်ပါ။ အပြာရောင်မီးနဲ့ အနီရောင်မီးဆိုပြီးရှိပါတယ်။ စားပွဲထိုးတွေက သောက်စရာတည်ခင်းမယ်ဆိုရင် အပြာရောင်မီးလေး လင်းလာပါလိမ့်မယ်ဆရာ။ ဆရာ အဆင်မပြေတာတစ်ခုခုရှိရင် အပြာရောင်မီးလေးကို နှိပ်လိုက်ရုံပါပဲ။ ကျွန်တော်တို့ နာရီဝက်စောင့်နေပါမယ်။ ဆရာတစ်ခုခုလိုအပ်ရင် အနီရောင်မီးကိုနှိပ်ပြီး ကျွန်တော်တို့ကို ခေါ်လို့ရပါတယ်”

“အင်း ငါသိပြီ” ကျန်းဟန်က လက်ပတ်ကို ယူလိုက်ပြီး လက်တွင် ပတ်လိုက်၏။

“ကောင်းပါပြီ။ ဒါဆို ကျွန်တော် ဆင်းသွားပါတော့မယ်။ ရေကူးဝတ်စုံလဲမယ်ဆိုရင် အကုန်လုံး ဗီရိုထဲမှာ ရှိပါတယ်”

"အင်း...ဒါဆို ကိုယ်တို့ အဝတ်အစားအရင်လဲရအောင်" ကျန်းဟန်က ဇီယန်ကို ကြည့်ကာ ပြောသည်။

"မလဲပ်ဘူး။ ရှင် ရှင် ကျွန်မ ဘာမှတောင်မပြောရသေးဘူး။ ရှင် ဒီလောက်တောင် လက်ဖွာရလား" ဇီယန်က လက်ကိုဆန့်ထုတ်ကာ ကျန်းဟန်၏ခါးကို လိမ်ဆွဲရင်း ပြောသည်။ "ရှင်က ပိုက်ဆံတွေကို ဖြုန်းတီးနေတာပဲ"

"ဘာလို့လဲဆိုတော့ ကိုယ်ပျော်တယ်လေ" ကျန်းဟန် ပြုံးကာ ညာလက်ကိုဆန့်ထုတ်လိုက်သည်။ သူသည် ဇီယန်၏ပါးပြင်လေးအား လက်ညှိုး လက်ခလယ်ဖြင့် နူးညံ့စွာပွတ်ရင်းပြောသည်။ "အဲဒါက ကိန်းဂဏန်းတွေသက်သက်ပါပဲ။ မင်း ကိုယ်နဲ့အတူရှိနေတဲ့အချိန်မှာ မင်း ဘဝကို ပျော်ရွှင်စွာနေရပြီး ကိုယ့်ရဲ့ဇနီးလေးဖြစ်နေဖို့ပဲလိုတယ်"

"ဘယ်သူက ရှင့်ဇနီးလဲ။ ကျွန်..ကျွန်မ ရှင့်ကိုလက်ထပ်ဖို့ သဘောမတူပါဘူး" ဇီယန်က ဆယ်ကျော်သက်ကောင်မလေးတစ်ယောက်လို ပြောရင်း ခါးကို တွန့်လိုက်သည်။

သူမ၏ချစ်စရာကောင်းကာ စွဲဆောင်မှုရှိသည့်အမူအရာအား မြင်သည့်အခါ ကျန်းဟန် သူ့ကိုယ်သူ ထိန်းချုပ်မှုလွတ်သွားတော့မတတ်ပင်။ သူ ရယ်မောကာ ပြောလိုက်သည်။ "ဒါဆို ကိုယ်တို့ ရေကူးဝတ်စုံလဲရအောင်။ ကိုယ်မင်းကို ကူညီပေးမယ်လေ"

"အိပ်မက်မက်နေလိုက်။ ကျွန်မ ကိုယ့်ဘာသာလဲမှာ။ ရှင် ဒီကနေ ထွက်သွားတော့" ဇီယန်၏မျက်နှာလှလှလေးမှာ ရှက်ရွံ့မှုကြောင့် နီမြန်းသွား၏။ သူမ ကျန်းဟန်၏လက်ကိုဆွဲကာ အခန်းအပြင်တွန်းထုတ်လိုက်သည်။

ကျန်းဟန်သည် အပြင်ဘက်တွင် တစ်မိနစ်ကျော် စောင့်ဆိုင်းနေ၏။

"မင်း ပြီးပြီလား။ ကိုယ်ဝင်လာပြီနော်"

ဝတ္တရားအရ သူမေးလိုက်ပြီးနောက် ကျန်းဟန်သည် တံခါးကိုဖွင့်လိုက်ရာ အတွင်းဘက်ရှိမြင်ကွင်းကို တွေ့လိုက်ရသည်။

သူချက်ချင်း တံတွေးမြိုချမိသွား၏။

-အခန်း(၃၀၈) ပြီး

wunzinnosp

## အခန်း(၃၀၉) လေ့လျော်ပြိုင်ပွဲ

ကျန်းဟန်သည် မျက်လုံးများပြူးကျယ်ကာဖြင့် အတွင်းဘက်ရှိမြင်ကွင်းကို စိုက်ကြည့်နေသည်။

ခပ်မိုက်မိုက်ကောင်မလေး အဝတ်အစားလဲနေရင်း သူမ၏ချစ်စရာခန္ဓာကိုယ်လေးအား ပြသထားသည့် မြင်ကွင်းမျိုးတော့မဟုတ်ချေ။ ယခုအချိန်တွင် ဇီယန်သည် ရေကူးဝတ်စုံကို လဲထားပြီးပြီဖြစ်သည်။

ပန်းရောင်ဘီကီနီဖြစ်၏။

သူမနှင့် အလွန်ပင်လိုက်ဖက်လှသည်။ သူမ၏ခန္ဓာကိုယ် အချိုးအကွေ့ အမို့အမောက်များကို ရေကူးဝတ်စုံက ပြီးပြည့်စွာဖြင့် ပြသထားသည်။ ထိုကဲ့သို့ လှပသည့် ကောက်ကြောင်းများကြောင့် ကျန်းဟန်မှာ အလွန်စိတ်လှုပ်ရှားသွားရသည်။

ဇီယန်သည် ခါးပတ်လည်တွင် အလှ္ဘာပါးလေးကို ဝတ်ဆင်ထား၏။ သူမ အလွန်ရှက်ရွံ့နေဟန်ရပြီး အောက်ပိုင်းအား အမြန်ဖုံးကွယ်လိုက်သည်။ သို့သော် သူမ၏ ခန္ဓာကိုယ်အား တစ်ပိုင်းတစ်ဖုံးကွယ်လိုက်ပြီး

တစ်စွန်းတစ်စမြင်ရရုံ ပို၍
သွေးဆောင်ဖြားယောင်းလာလေသည်။

ထို့ပြင် ဇီယန်၏နှင်းကဲ့သို့
ဖြူဖွေးနူးညံ့သည့်အသားအရေနှင့်
လှပသည့်ခြေဖဝါးလေးများကလည်း ရှိနေသေးသည်။

အရာအားလုံးက ကျန်းဟန်အား စွဲဆောင်နေ၏။
သူ၏နှလုံးခုန်သံမှာ အနည်းငယ် မြန်လာသည်။
ကျန်းဟန်သည် အလွယ်တကူ သွေးဆောင်၍ရနိုင်သည့်
လူမျိုးမဟုတ်ချေ။ ဤသည်က မနေ့ညက
သူ့ကိုယ်သူထိန်းချုပ်လိုက်ရသည်နှင့် တစ်စုံတစ်ရာ
ဆက်စပ်နေ၏။

“အရမ်းလှတယ်” ကျန်းဟန်က သူမအား နူးညံ့စွာ
ချီးကျူးသည်။

“ရှင် ကျွန်မ ခန္ဓာကိုယ်ကို မငြီးငွေ့ဘူးလား” ဇီယန်မှာ
မျက်နှာလေးနီမြန်းကာဖြင့် ညင်သာစွာပြောသည်။

"ဘယ်ငြီးငွေ့ပါ့မလဲ" ကျန်းဟန် ပြုံးသည်။ သူလျှောက်လာပြီး ဇီယန်အား အပေါ်အောက် စုံဆန်ကြည့်သည်။ ထိုနောက် "ကိုယ်လည်း အဝတ်လဲလိုက်ဦးမယ်"

သူသည် ဗီရိုဆီသို့သွားကာ အနက်ရောင်ရေကူးဘောင်းဘီကို ထုတ်ယူလိုက်၏။

သူသည် ဇီယန်၏ရှေ့မှာပင် အဝတ်အစားများအား တန်း၍ လဲလိုက်သည်။

ဂျာကင်၊ တီရှပ်၊ ဘောင်းဘီ၊ အတွင်းခံ...တို့ကိုချွတ်သည်။

ဝှစ်...

ဇီယန်မှာ ချက်ချင်း ခေါင်းလှည့်လိုက်၏။ ၎င်းကိုကြည့်ရန် သူမ အလွန်ရှက်ရွံ့နေသည်။

သို့သော် ဤအချိန်တွင် သူမ သိချင်စိတ်ပြင်းပြလာ၏။ သူမ၏လှပသည့် မျက်လုံးဝိုင်းကြီးများကို

မိုတ်တုတ်မိုတ်တုတ်ဖြင့် ခေါင်းကို သူ့ဘက်သို့ အနည်းငယ် စောင်းငဲ့လိုက်သည်။ သူမ သူ့အား ချောင်းကြည့်လိုက်၏။

ကျန်းဟန်မှာ သူမ၏ဘေးတွင် ရပ်နေသည်။ ဇီယန်သည် တစ်စုံတစ်ခုအား မြင်လိုက်ရသည့်ဟန်ရှိပြီး ဖျက်ခနဲ နောက်ပြန်လှည့်သွားလေသည်။ သူမ၏မျက်နှာမှာ ပို၍ပင် နီရဲလာ၏။

မကြာမီမှာပင် ကျန်းဟန်မှာ သူ၏ရေကူးဘောင်းဘီကို ဝတ်လိုက်သည်။

သူသည် ဇီယန်၏ဘေးတွင် ဝင်ထိုက်ကာ လက်အား သူမ၏ပုခုံးပေါ်သို့ ညင်သာစွာ တင်လိုက်၏။

"အိုး"

ဇီယန်၏တစ်ကိုယ်လုံး တုန်ယင်သွားသည်။ ကျန်းဟန်၏လက်နှင့် ထိတွေ့နေသည့်နေရာမှာ အလွန်ပူလာသလို ခံစားလိုက်ရ၏။

သို့သော် ကျန်းဟန်သည်တော့ သူမ၏အသားအရေမှာ အလွန်ချောမွေ့နေသည်ကိုသာ ခံစားရသည်။

ဤသို့ဖြင့် ကျန်းဟန်၏လက်သည် ဇီယန်၏ပုခုံးတစ်လျှောက် လျှောဆင်းသွားသည်။ သူသည် သူမ၏သွယ်လျသော လက်မောင်းလေးကို ညင်သာစွာ ထိတွေ့လိုက်ပြီး အောက်သို့ဆက်ဆင်းသွားကာ ကျန်းဟန်၏လက်ဖဝါးသည် ဇီယန်၏ခါးသွယ်သွယ်လေးအား ဖိကိုင်လိုက်သည်။

"အင်း" ဇီယန်မှာ တိုးလျသည့် ညည်းညူသံဖြင့် ခန္ဓာကိုယ်မှာ ပျော့ခွေသွားသည်။

ကျန်းဟန်သည် အားအနည်းငယ်သုံးကာ ဇီယန်အား သူ၏ရင်ခွင်ထဲသို့ဆွဲသွင်းလိုက်၏။

ဇီယန်အား ပွေ့ထားရင်းဖြင့် ကျန်းဟန်သည် ဤမိန်းမလှလေးအား နူးညံ့စွာကြည့်လိုက်သည်။

အစပိုင်းတွင် ဇီယန်သည် နီရဲနေသည့်မျက်နှာဖြင့် ခေါင်းကိုငုံ့ထား၏။ သို့သော် စက္ကန့်အနည်းငယ်ကြာပြီးနောက် သူမ ခေါင်းမော့ကာ ကျန်းဟန်အား ကြည့်သည်။ "ကျွန်မကို ဒီလိုပဲကိုင်ထား...အာ့...အင်း..."

စကားလုံးများဖြင့် ဖော်ပြ၍ မစွမ်းသာသည့် လှပသည့်အတွေ့အကြုံတစ်ခုပင်။

အချိန်အနည်းငယ်ကြာပြီးနောက် ကျန်းဟန်သည် သူ၏လက်ကောက်ဝတ်မှ လက်ပတ်က အကြိမ်အနည်းငယ် တုန်ခါသွားသည်ကို ခံစားလိုက်ရသဖြင့် မျက်နှာတစ်ခုလုံး ရဲတွတ်နေသည့် ဇီယန်အား လွှတ်ပေးလိုက်၏။

"အရမ်းစိတ်ရှုပ်ဖို့ကောင်းတာပဲ" ဇီယန်က အောက်နှုတ်ခမ်းကို ညင်သာစွာကိုက်ကာ ရေရွတ်လိုက်သည်။

"ဟားဟား...သူတို့လာနေပြီ" ကျန်းဟန် ပြုံးသည်။

"ဟွန့်"

ဇီယန် ဟွန့်ခနဲလုပ်လိုက်ပြီး ဗီရိုဆီသို့ လျှောက်သွားသည်။ သူမ နေကာမျက်မှန်ကို ထုတ်ကာတစ်ခုကို တပ်ဆင်လိုက်ပြီး တစ်ခုကို ကျန်းဟန်ထံ လှမ်းပေးသည်။

"ကျွန်မ ဆံပင်ကို အရင်စည်းလိုက်ဦးမယ်" ဇီယန်က ပြောသည်။ ထို့နောက် အိတ်ထဲမှ ရေချိုးခန်းသုံးပစ္စည်းများကို ထုတ်ယူကာ ဆံပင်ရှည်များကို ဆံထုံးငယ်တစ်ခုအဖြစ် စည်းလိုက်သ်ည။

ဤဆံပင်ပုံစံက ဇီယန်၏ သွယ်လျသည့်လည်ပင်းလေးကို ပို၍ ရှည်သွယ်လှပစေသည်။ ဆံပင်ပုံစံပြောင်းလဲလိုက်သည့်က အလှတစ်မျိုးကို ယူဆောင်လာပေး၏။ သိသာစွာပင် ဇီယန်သည် နဖူးပြောင်ပြောင်မှလွဲ၍ မည်သည့်ဆံပင်ပုံစံမဆို လုပ်နိုင်ပေသည်။

ဇီယန် ဆံပင်ကို ဖြီးသင်ပြီးနောက်တွင် နည်းပြသည် ဝန်ထမ်းနှစ်ယောက်ကိုခေါ်လာကာ စားပွဲပေါ်၌ သောက်စရာအအေးများ တင်ပေးသည်။

"ဆရာ ကျွန်တော်တို့အခု ရှက်လွင့်နေပါပြီ။ လေ့လော့ပြိုင်ပွဲလုပ်ဖို့ ပြင်နေတဲ့ ရှောင်လုကျွန်းကို ကျွန်တော်တို့ ဖြတ်သွားရမှာ။ ဆရာ အဲဒါကို စိတ်ဝင်စားမလားလို့ ကျွန်တော် တွေးမိလို့ပါ" နည်းပြက ဆိုသည်။

"ကောင်းပြီ" ကျန်းဟန်က ပြန်ဖြေ၏။

သူတို့သည် ယနေ့ ကစားရန် ထွက်လာကြခြင်းဖြစ်၏။ သူတို့လုပ်ထားသည့် မည်သည့်ပရောဂျက်ကိုမဆို ကစားချင်ပေသည်။ ပေါ့ပေါ့ပါးပါး အပန်းဖြေရန်ဖြစ်သည်။ သူ၏ဘေးတွင် ဇီယန်ရှိနေသည်ဖြစ်ရာ ၎င်းက ပျော်ရွှင်သည့်ဘဝမျိုးဖြစ်သင့်သည်ဟု ခံစားမိ၏။

"ကောင်းပါပြီ" နည်းပြက ခေါင်းညိတ်ကာ ဝန်ထမ်းနှစ်ယောက်နှင့် ထွက်သွားသည်။

"ခဏလောက်သွားလှဲနေရအောင်" ကျန်းဟန်က အအေးများထဲမှ ကိုလာနှစ်ဘူးယူလိုက်သည်။

"အင်း"

ဇီယန် ခေါင်းညိတ်၏။ သူတို့ တံခါးဝမှ ကုန်းပတ်၏အပေါ်သို့ လျှောက်သွားကာ လှေကုလားထိုင်နှစ်ခုပေါ်တွင် လှဲလျောင်းလိုက်ကြသည်။

သူတို့ နေရောင်ကာအောက်တွင် မနေကြချေ။ နေပူဆာတွင်လှဲရင်း ပင်လယ်လေညှင်းကို ခံစားကာ ကိုလာသောက်ကြသည်။

"မင်းကလေးမွေးထားတယ်လို့ ဘယ်သူကမှ ယုံမှာမဟုတ်ဘူး။ မင်း အရမ်းကြည့်ကောင်းတယ်" ကျန်းဟန်က ခေါင်းကိုစောင်းကာ ဇီယန်၏လှပကျက်သရေရှိသည့် ကိုယ်ခန္ဓာကိုယ်ကြည့်ရင်း ချီကျူးသည်။

"ကျွန်မ အရင်ကထက်နည်းနည်းဝလာတယ်။ အရင်က ၄၉ ကီလိုပဲရှိတာ" ဇီယန်က ပျော်ပျော်ရွှင်ရွှင်ပြန်ပြောသည်။

“မင်းအရင်က တော်တော်ပိန်တာပဲ။ အခုတောင် နည်းနည်းပိန်နေသေးတယ်။ ဒါပေမယ့် မင်းခန္ဓာကိုယ်က အရမ်းလှတာတော့ ကိုယ်ဝန်ခံရမယ်။ အရင်က ပိန်ပိန်သွယ်သွယ်မိန်းကလေးတစ်ယောက်မှာ ရင်သားအကြီးကြီးရှိတယ်ဆိုရင် ရင်သားအစားထိုးတာတာဖြစ်ရမယ်လို့ ကိုယ်ထင်ခဲ့ဖူးတယ်။ ဒါပေမယ့် ဒီနေ့ မင်းကို တွေ့ပြီးမှပဲ ကိုယ်မှားမှန်းသိတော့တယ်” ကျန်းဟန်သည် ဇီယန်၏ဖြူဖွေးမို့ဖောင်းနေသည့်နေရာများကို စိုက်ကြည့်ရင်း ပြောသည်။

“ကျွန်မ ရင်သားအစားထိုးတာမလုပ်ပါဘူး။ ကျွန်က အဲဒါတွေ မလိုအပ်ဘူး ဟမ့်” ဇီယန်က နှာခေါင်းရှုံ့ကာ ဆက်ပြောသည်။ “အရင်က အဲဒါတွေက သိပ်မကြီးပါဘူး။ မုန့်မုန့်ကို မွေးပြီးတော့မှ ဒီလိုဖြစ်လာတာ”

အကယ်၍ အတိတ်တုန်းကဆိုလျှင် ဇီယန်သည် ဤသို့သော စကားများကို ပြောမည်မဟုတ်ချေ။ အရှယ်အစားအကြောင်းမပြောနှင့် အခြား အကဲဆတ်သည့်အကြောင်းအရာတစ်ချို့ကပင် သူမအား ရှက်ရွံ့စေလိမ့်မည်။

သို့သော် ယခုတော့ သူမသည် သဘာဝအတိုင်းပင် ပြောနေ၏။

သူသည် သူမအား ထိတွေ့နမ်းရှုံက်ပြီးနေပြီဖြစ်သည်။ ဤကဲ့သို့ပြောရသည်မှာ သဘာဝကျသည်ဟု သူမ ထင်၏။

ကျန်းဟန်သည် ဘေးသို့စောင်းလိုက်ပြီး ဇီယန်အား စိုက်ကြည့်သည်။ မုန့်မုန့်၊ ဇီယန်တို့နှင့်အတူ ဘဝကို အပူအပင်မဲ့နေထိုင်ရသည်က အလွန်သာယာလှပသည်ဟု ခံစားမိ၏။ ယွမ်ချင်သစ်သီးသည် အခြေတည်အဆင့်ထိ ဖွံ့ဖြိုးလာပါပြီး သူ၏မိဘများကို တွေ့ရှိသည့်အချိန်တွင်

မိသားစုတစ်ခုလည်း ပြန်လည်စုံစည်းကာ ပြီးပြည့်စုံသွားပေမည်။

ငင်းကိုစဉ်းစားရင်း ကျန်းဟန် ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ "မင်း အလုပ်မလုပ်တော့ရင်ရော။ အိမ်မှာပဲ မုန့်မုန့်နဲ့ ကိုယ်နဲ့ အတူတူနေလေ"

"အမ်" ဇီယန် အံ့ဩသွားသည်။ သူမ နှုတ်ခမ်းရဲရဲလေးများကို ထပ်မံကိုက်လိုက်ပြီး ပြောသည်။ "ကျွန်မ မလုပ်နိုင်ဘူး"

"ဘာလို့မလုပ်နိုင်ရတာလဲ" ကျန်းဟန်က ပေါ့ပေါ့ပါးပါးပင်မေးသည်။

"ဘာလို့လဲဆိုတော့ ကျွန်မ ကိုယ်တိုင်သက်သေပြရမယ်။ ထူးချွန်တဲ့အဆိုတော် မင်းသမီးဖြစ်ဖို့က ကျွန်မရဲ့အိပ်မက်ပဲ။ ကျွန်မ အဲဒီအတွက် ကြိုးစားချင်တယ်" ဇီယန်က ပြန်ပြောသည်။ ထိုနောက် သူမ ကျန်းဟန်အား စိုက်ကြည့်ကာ နှာခေါင်းရှုံ့လိုက်ပြီး ပြောသည်။ "အဲဒါ အကုန်လုံး ရှင့်အမှားပဲ။

ရှင့်ကြောင့်သာမဟုတ်ရင် ကျွန်မ အခုဆို အောင်မြင်နေလောက်ပြီ”

“ဟားဟား…” ကျန်းဟန် လှိုက်လှိုက်လှဲလှဲရယ်မောလိုက်သည်။ “ကိုယ်မင်းကို ထောက်ပံ့ပေးမယ်။ တိုတိုပြောရရင် ဘာဖိအားမှမရှိဘူး။ ကိုယ်ဒီမှာရှိတယ်။ မင်း ဒီဖျော်ဖြေရေးနယ်ပယ်တစ်ခုလုံးကို ဂိမ်းတစ်ခုလို သဘောထားလို့ရတယ်။ ဒါမှမဟုတ် ကမ္ဘာကြီးကို အပန်းဖြေဥယျာဉ်အဖြစ် ဆက်ဆံနိုင်တယ်”

“ခစ်ခစ်…ရှင် တော်တော် ဝင့်ကြွားတာပဲ” ဇီယန် မရယ်ဘဲ မနေနိုင်ချေ။ ထို့နောက် သူမ စိတ်ခံစားချက်များဖြင့် ဆက်ပြောသည်။ “ဒါပေမယ့် ကျွန်မ ရှင့်ကို အပြစ်မတင်ပါဘူး။ တကယ်တော့ ရှင်က ကျွန်မကို ကယ်လိုက်တာပါ။ ရှင်သာမရှိရင် အခုလောက်ဆို ကျွန်မဘဝက ကြောက်စရာတစ်ခုခုဖြစ်နေလိမ့်မယ်”

"အဲဒါ ကံတရားပဲ။ မင်းကို ကိုယ်ပိုင်တယ်လို့ ဆိုလိုတာပဲလေ။ ဘယ်သူကမှ ကိုယ့်ဆီကနေ မင်းကို လုယူသွားလို့မရဘူး"

"မဟုတ်ပါဘူး။ ကျွန်မ ရှင့်ကို လက်မထပ်ရသေးဘူးလေ"

"ဒါပေမယ့် အဟမ်း... ကိုယ်တို့မှာ ကလေးရှိနေပြီလေ"

"အဟား...မရှက်ဘူးလား။ ကျွန်မတို့လက်ထပ်တဲ့အချိန်ကျရင် ကျွန်မတို့ကလေးက မင်္ဂလာပွဲကို တက်လိမ့်မယ်။ ဒီလိုအခြေအနေမျိုးက အတော်လေးရှားတယ်။ အာ...မဟုတ်သေးပါဘူး။ မဟုတ်ဘူး။ ဘယ်သူက ရှင့်ကို လက်ထပ်မယ်လို့ပြောလို့လဲ ဟွန့်"

"ဟားဟားဟား..." ကျန်းဟန် ရယ်မောသည်။

၎င်းက ဇီယန်၏မျက်နှာကို နီမြန်းသွားစေ၏။ သူမလက်ကိုဆန့်ကာ ကျန်းဟန်၏ခါးကို လိမ်ဆွဲလိုက်၏။ "ရှင်တော်တော် စိတ်တိုဖို့ကောင်းတာပဲ"

"ကိုယ် ဒီထက်ပိုပြီး စိတ်တိုဖို့ကောင်းအောင်လုပ်နိုင်သေးတယ်" ကျန်းဟန် ပြုံးလိုက်သည်။ သူသည် ဇီယန်၏လက်ကို ဆုပ်ကိုင်လိုက်ပြီး သူမအား ညင်သာစွာ ဆွဲဖက်လိုက်ရာ ဇီယန်၏ကိုယ်လုံးလေးသည် ကျန်းဟန်၏ရင်ခွင်ထဲသို့ ကျဆင်းသွား၏။

သူတို့နှစ်ယောက်အတွက် သာယာဖွယ်အချိန်ကောင်းလေးပင်ဖြစ်သည်။

ရင်း...

ဘေးမှ ဇီယန်၏ဖုန်းက အချိန်ကောင်းလေးကို နှောင့်ယှက်လိုက်သည်။

"လွှတ်ဦး။ ကျွန်မ ဖုန်းဖြေရမယ်" ဇီယန်သည် ကျန်းဟန်၏လက်မောင်းကြားမှာ ရုန်းထွက်လိုက်သည်။

ဖုန်းကိုယူလိုက်သည်နှင့် မိန်ချီထံမှ ဖြစ်သည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် သူမ ဖုန်းကို ကောက်ကိုင်လိုက်သည်။ ထိုနောက် စကားပြောခါနီးတွင်...

သိမ်းဆည်းထားသည့် အေးစက်စက်ဗီယန်အဖြစ် ပြန်ရောက်သွားသည်။ သူမက အေးစက်သည့်လေသံဖြင့် ပြောသည်။ "အစ်မမိန်"

ကျန်းဟန်သည် ဝင်ရှုပ်နေသည်ကို ရပ်တန့်လိုက်၏။ သူ၏ခေါင်းကို လက်ပေါ်မှီကာ ဖုန်းပြောနေသည့်ဗီယန်ကို တိတ်ဆိတ်စွာ ကြည့်နေသည်။

"ဒီနေ့ ဘာလို့ ကုမ္ပဏီကို မလာတာလဲ"

"အဲဒီလာသည်ဖြစ်စေ မလာသည်ဖြစ်စေ အတူတူပါပဲ။ ကျွန်မ ရက်နည်းနည်းလောက် အနားယူရမယ်" ဗီယန် ပြန်ဖြေသည်။

“အဲ့လိုမဟုတ်ပါဘူး။ အခုက အရေးကြီးတဲ့အချိန်လေ။ မင်း အလုပ်မှာ ကောင်းကောင်းလေးနေပြရမယ်။ ဒါမှ ငါ မင်းအတွက် တောင်းပန်ပေးလို့ရမှာ” မိန်ချီက မကျေမနပ်လေသံဖြင့် ပြောသည်။

“အင်း” ဇီယန်က တုံးတိတိပင် တုံ့ပြန်သည်။

“ဒါဆို ပြီးရင် လာခဲ့လိုက်”

“ဟင့်အင်း မလာဘူး”

“ဟမ် ဇီယန် မင်းဘာဖြစ်ချင်နေတာလဲ”

“ကျွန်မ ရာသီလာနေတယ်။ နေလို့မကောင်းဘူး။ ခွင့်ယူဖို့ပြောနေတာ”

“အင်း...” မိန်ချီ အနည်းငယ် တုံ့ဆိုင်းသွားသည်။ ငါးစက္ကန့်ခန့်တုံ့ဆိုင်းနေပြီးနောက် သက်ပြင်းချကာ ပြောသည်။ “ဒါဆို ငါမင်းကို တစ်ရက် ခွင့်ပေးလိုက်မယ်။ မင်းကိစ္စနဲ့ပတ်သက်ပြီး မစ္စတာလီကို ငါပြောပြရမယ်။ သူ

မင်းကို အကြိမ်ကြိမ်ခေါ်နေပေမယ့် မင်းသဘောမတူခဲ့ဘူး။ သူက စိတ်သဘောထားကျဉ်းမြောင်းတဲ့သူ မဟုတ်ပါဘူး။ သူမင်းကို ကူညီပေးလိမ့်မယ်လို့ ငါထင်တယ်”

“အင်း”

“ကောင်းပြီ။ ဒါဆို အနားယူလိုက်တော့။ ငါဖုန်းချလိုက်တော့မယ်”

ထိုနောက် မိန်ချီ ဖုန်းချသွားသည်။ သူမ၏ရုံးခန်းထဲတွင် လီချန်းက ဆိုဖာပေါ်တွင် ထိုင်နေ၏။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ စကားပြောကြသည်။

လီချန်းသည် ဉာဏ်ကောင်းပြီး တည်ငြိမ်သူတစ်ယောက်ဖြစ်သည်။ သူသည် ဦးနှောက်မရှိသူမဟုတ်ချေ။ နှစ်ပေါင်းများစွာ စီးပွားရေးအမျိုးမျိုးလုပ်ကိုင်လာသည့် လူငယ်တစ်ယောက်အတွက် သူ တွေးသည့်အရာများမှာ သာမန်လူများထက် ပို၍ ရှုပ်ထွေးပေသည်။ ဇီယန်အား

ကိုင်တွယ်ရသည့်လုပ်ငန်းစဉ်၏မူလအစီအစဉ်မှာ အခြားသူများအပေါ် အသုံးပြုမည်ဆိုပါက သူ အောင်မြင်နေပြီးဖြစ်ပေမည်။

ကံမကောင်းစွာဖြင့်ပင် သူ၏ပန်းတိုင်က ဇီယန်ဖြစ်နေခဲ့၏။ သူ ဤသည်ကို ဆုံးဖြတ်ခဲ့ကတည်းက ဇီယန်၏နောက်ကွယ်မှာ ကာကွယ်သူသည် အလွန်ကြောက်မက်ဖွယ်ကောင်းသူတစ်ယောက်ဖြစ်လိမ့်မည် ဟု ဘယ်တုန်းကမှ မျှော်လင့်ထားခဲ့မည်မဟုတ်ချေ။ ထို့ကြောင့် သူ၏အဆုံးသတ်မှာ ဆုံးခန်းတိုင်သွားခဲ့ရပေသည်။

အခြားတစ်ဖက်ရှိ ရွက်လှေပေါ်တွင် ...

သူမ ဖုန်းချပြီးနောက် ကျန်းဟန်က ပြောသည်။ “အရင်တစ်ခါ ကျောက်ဖုန်းနဲ့ မင်းကိုပြန်ခေါ်ခိုင်းလိုက်တာနဲ့ပတ်သက်ပြီး ကုမ္ပဏီက ထိပ်ပိုင်းအရာရှိတွေက မင်းကို ခက်ခဲအောင်လုပ်နေလို့လား”

“အဲ့လိုမျိုးပေါ့”

“မင်းရဲ့ကုမ္ပဏီက သိပ်ပြီးအင်အားမရှိဘူး ထင်တယ်။ လင်းကျဲလိုကောင်ကတောင် သူတို့ကိုကြောက်အောင် လုပ်နိုင်တယ်”

“ကျွန်မမသိဘူး။ စည်းမျဉ်းတွေအရတော့ ကုမ္ပဏီရဲ့ ဒါရိုက်တာဘုတ်အဖွဲ့က အတော်လေးအားကောင်းပါတယ်။ လင်းကျဲကို မကြောက်သင့်ဘူး” ဇီယန် ပြန်ပြောသည်။

“ဒါဆို ထိပ်ပိုင်းခေါင်းဆိုအချို့က လင်းကျဲကို သိရမယ်။ မင်း နှုတ်ထွက်လိုက်ရင်ရော...”

ကျန်းဟန် ၎င်းကို စဉ်းစားကာ “မင်းအတွက် ဖျော်ဖြေရေးကုမ္ပဏီတစ်ခုဖွင့်လိုက်မယ်လေ” ဟု ပြောရန်ပြင်လိုက်သည်။

သို့သော် ထိုစကားများကို မပြောရသေးမီ ဇီယန်က မျက်စောင်းထိုးကာ သူ့အား ဖြတ်ပြောလိုက်သည်။ “ကျွန်မ နှုတ်ထွက်မှာ မဟုတ်ဘူး။ နည်းလမ်းတစ်ခုခုတော့ ရှိရမယ်။ ကျွန်မရဲ့ အစီအစဉ်ကို ထုတ်လွှင့်ပြီးတဲ့နောက်မှာ ကျွန်မ

ကောင်းမွန်တဲ့တုံ့ပြန်မှုတွေရခဲ့တယ်။ ဒီအချိန်မှာ ကျွန်မ နောက်ထပ် ပရိုဂရမ်တွေ ဒါမှမဟုတ် ပိုကောင်းတဲ့အယ်လ်ဘမ်တစ်ခုလုပ်ဖို့ ပြင်ဆင်ရမယ်။ တော်ပြီ အဲဒီကြောင်းမပြောတော့ဘူး။ ဒီကို ပျော်ဖို့လာတာပဲ။ ဟိုမှာကြည့်ဦး လှေလှော်နေတာတွေ အများကြီးပဲ”

“အင်း”

ကျန်းဟန် ခေါင်းညိတ်ကာ အဝေးသို့ လှမ်းကြည့်လိုက်သည်။ သူ ပြုံးလိုက်ပြီး ဘာမှထပ်မပြောတော့။

အယ်လ်ဘမ်ကောင်းတစ်ခုကို သူမ၏မေးလ်ဘောက်သို့ ပို့ထားပြီးဖြစ်သော်လည်း ၎င်းမှာ ဟန်ယန်အမည်ဖြင့်ဖြစ်သည်။ သူသည် ဟန်ယန်ဖြစ်ကြောင်း သူမ မတော်တဆသိရှိသွားရပါက သူမ အလွန်အံ့ဩသွားပေလိမ့်မည်။

-အခန်း(၃၀၉) ပြီး

wunzinnosp

## အခန်း(၃၁၀ - က) နံပါတ်တစ်

အပျော်စီးလှေမှာ ရှောင်လုကျွန်းသို့ ရောက်ရှိလာ၏။

ကျန်းဟန်၏လှေမှာ ရပ်တန့်သွားသည်။ မနီးမဝေးတွင် အပျော်စီးလှေများစွာရှိနေသည်။ ပို၍ကြီးသည့် ဇိမ်ခံလှေကြီးတစ်စင်းပေါ်တွင် လူတစ်ဒါဇင်ကျော်ရှိ၏။ အလယ်တွင် ရွှေရောင်ဆံပင်နှင့် အမျိုးသားတစ်ဦး လျောင်းကုလားထိုင်ပေါ်တွင် လှဲနေသည်။

လူအနည်းငယ်မှာ နေကိုလှည့်ပတ်နေသည့် ဂြိုလ်ငယ်များကဲ့သို့ သူ့အား ခြံရံနေကြသည်။

"ဟေး အစ်ကိုယု အစ်ကိုယု ကြည့်ပါဦး။ လှလိုက်တဲ့စော်လေး။ အရမ်းမိုက်တာပဲ"

"အိုး ဟုတ်တယ်ဟ။ အရမ်းလှတာပဲ"

"အမ်"

အစ်ကိုယုဆိုသည့် ဆံပင်ရွှေရောင်အမျိုးသားက ခေါင်းထောင်ကြည့်သည်။ ဇီယန်ကို မြင်လိုက်ရသည့်အခါ သူ၏မျက်လုံးများ ပြူးကျယ်သွား၏။ သူ အမြန်ထထိုင်ကာ နေကာမျက်မှန်ကိုချွတ်၍ ထိုဘက်သို့ ခဏလောက်စိုက်ကြည့်နေသည်။

ထိုနောက် အံ့သြတကြီးဖြင့် ပြောသည်။ "ဘုရားရေ သူမက တကယ်လှတာပဲ"

သူ၏လေ့နှင့် ကျန်းဟန်၏လေ့သည် ၁၀ မီတာအကွာတွင်ရှိသည်။ ဤအကွာအဝေးမှာ အမြင်အာရုံကောင်းသူများအတွက် ဘာမှပြဿနာမရှိချေ။ ပြီးပြည့်စုံသောအသွင်အပြင်နှင့် လှပသည့်ဇီယန်၏မျက်နှာမှာ လူတိုင်းကို စွဲဆောင်ထားသည်။

ရွှေရောင်ဆံပင်နှင့်အမျိုးသား၏အံ့အားသင့်မှုကြောင့် သူ၏ဘေးနားရှိ အရပ်ရှည်ရှည်မိန်းကလေး ခုနှစ်ယောက် ရှစ်ယောက်မှာ အံ့သြသွားသည်။

သူတို့သည် အစပိုင်းတွင် အထင်မြင်သေးခဲ့ကြ၏။ လှေပေါ်တွင်ရှိနေသည့်မိန်းကလေးအများစုမှာ မောဒယ်လောက၏ဝါရင့်များဖြစ်ကြပြီး သူတို့၏ကိုယ်လုံးကိုယ်ပေါက်အပေါ် အလွန်ယုံကြည်မှုရှိကြသည်။

သို့သော် သူတို့ ဇီယန်အား မြင်လိုက်ရသည့်အခါ အထင်သေးမှုများမှာ အံ့အားသင့်မှုနှင့် မနာလိုမှုအဖြစ် တဖြည်းဖြည်းပြောင်းလဲသွား၏။

ဖလက်တော့ပ်ဆံပင်ကေညှပ်ထားသည့်အမျိုးသားတစ်ယောက်က ပြုံးကာ ပြောသည်။ "အစ်ကိုယု အစ်ကိုယု ဘယ်လိုလဲ။ အဲ့စော်လေး မိုက်တယ်မလား"

"သူမ အရမ်းလှတယ်" အစ်ကိုယုက ခေါင်းညိတ်သည်။

"ကျွန်တော် သူမဆီသွားပြီး ဖုန်းနံပါတ်ဘာညာတောင်းလိုက်ရမလား"

"ဖြောင်း"

အစ်ကိုယုက မော့ကြည့်ကာ သူ၏ခေါင်းကို ရိုက်ကာ အော်လိုက်သည်။ "မင်းမျက်စိကန်းနေလား။ သူ့မှာ ဘဲကြီးငုတ်တုတ်ရှိတာကို မင်းမမြင်ဘူးလား"

"ဒါမေပယ့် အစ်ကိုသူ့ကို လိုက်လို့မရဘူးလို့ မဆိုလိုဘူးလေ" ထိုလူက ခေါင်းကုတ်သည်။

"သွားစမ်းပါ။ သူတို့ဘာသာ ဘယ်လောက်ပဲလှနေပါစေ အိမ်ထောင်ရှိတဲ့မိန်းမတွေကိုတော့ ဘယ်တော့မှမတွဲဘူး" အစ်ကိုယုက မျက်မှောင်ကြုတ်သည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့" ထိုလူက ကမန်းကတမ်းပြောကာ စကားရပ်လိုက်သည်။

“ရှောင်မား မင်းကိုယ်မင်းပြန်ကြည့်စမ်း။ မင်းက လျှောက်ပျော်ချင်နေပေမယ့် မင်း အဲဒီအတွက် နောက်ကျရင် ပြန်ပေးဆပ်ရလိမ့်မယ်။ ရည်းစားရှိတဲ့မိန်းမတွေဆီ ဘယ်တော့မှမသွားနဲ့။ မင်းအခု သူ့ကို ရရနိုင်ရင်တောင် နောက်တစ်ချိန်မှာ တစ်ယောက်ယောက်က မင်းဆီကနေ ပြန်ယူသွားနိုင်တယ်” ထိပ်ပြောင်ပြောင်လူက ပျင်းရိစွာပြောသည်။

လက်ရှိလူအားလုံးထဲတွင် သူသည် အစ်ကိုယုပြီးလျှင် အာဏာအကြီးဆုံးသူဖြစ်ပြီး သူက ပို၍သိလေသည်။

အစ်ကိုယုမှာ ကျုန့်ချန်ယုဟုခေါ်သည်။ သူ၏မိသားစုက ထရိတ်ဒင်းကုမ္ပဏီတစ်ခုပိုင်ဆိုင်ပြီး အလွန်ချမ်းသားသည်။ ကျုန့်ချန်ယု ဆယ့်နှစ်နှစ်သားအရွယ်တွင် သူတို့မိသားစု စီးပွားရေးကျဆင်းပြီး သူ၏အမေအား ပြည်မကြီးမှ သူဌေးတစ်ဦးက ခေါ်ဆောင်သွားခဲ့သည်။ ၎င်းကို ထိပ်ပြောင်လူသိရှိ၏။ ကျုန့်ချန်ယုအတွက် ၎င်းက

စိတ်ဒဏ်ရာအရိပ်မည်းကြီးဖြစ်စေခဲ့သည်။ သူသည် အခြားသူများ၏မိသားစုအား ပြိုကွဲစေသောသူများကို အမြဲမုန်းတီးခဲ့သည်။ သူသည် မိန်းမလှလေးများကို နှစ်သက်သော်လည်း အဓိကအချက်မှာ သူမက အပျိုဖြစ်ရမည်ဖြစ်၏။ ထိပ်ပြောင်လူ၏မျက်လုံးထဲတွင်တော့ ၎င်းက ကောင်းမွန်သည့်စည်းမျဉ်းတစ်ခုပင်။

ရှောင်မားသည် ထိုစကားကိုကြားပြီးနောက် ခေါင်းညိတ်၏။ သူသည် ထိပ်ပြောင်လူအား ကြည့်ကာ ပြောသည်။ "ကျွန်တော်သိပါတယ် အစ်ကိုဝမ်။ သူမက အရမ်းလှတော့ ကျွန်တော် စကားကိုရှင်းရှင်းလင်းလင်း မပြောမိဘူးဖြစ်သွားတာ။ ကျွန်တော်ဆိုလိုချင်တာက သူတို့စုံတွဲကို ကျွန်တော်တို့နဲ့ အတူတူလာပျော်ဖို့ ခေါ်လိုက်မယ်လို့ပါ"

ထိပ်ပြောင်လူမှာ ဟွမ်ဝမ်ဟုခေါ်ပြီး သူ၏စိတ်မှာ လူမိုက်တစ်ယောက်ကဲ့သို့ပင်။ သူသည်

မြေအောက်ဂိုဏ်းမှလူများစွာအား သိ၏။ သူ၏မိသားစုမှာ အလွန်ချမ်းသာပြီး သူ၏အဖေမှာ ၂ ဘီလီယံကျော် ချမ်းသာ၏။ သူ၏မိသားစုသည် ကျန့်ချန်ယု၏မိသားစုနှင့် ဆင်တူသည်။ သူတို့နှစ်ယောက်လုံးမှာ ဒုတိယမျိုးဆက် သူဌေးသားများအကြားတွင် ကျော်ကြားသည်။

အခြားလူများမှာ သူတို့၏နောက်လိုက်အချို့သာဖြစ်၏။ သူတို့ထဲက အများစုမှာ ကုမ္ပဏီလေးတစ်ခုလည်ပတ်နေသည့် မိသားစုရှိသော်လည်း သူတို့၏ကြွယ်ဝမှုက သန်း ၁၀၀ ထက်မပိုချေ။ အတူရှိနေသည့် အမျိုးသမီးအများစုမှာလည်း ကိုယ်ပိုင်ကလပ်များမှ မော်ဒယ်များဖြစ်ကြသည်။ သူတို့နှင့်အတူ ပလေးဂဲနှစ်ယောက်လည်းရှိ၏။

“မင်းပျော်ချင်ရင် သူတို့ကို တိုက်ရိုက်ခေါ်လိုက်လေ” ကျန့်ချန်ယုက ပြုံးသည်။ သူက မတ်တပ်ထရပ်ကာ ကုန်းပတ်အဆုံးသို့လျှောက်သွားပြီး တစ်ဖက်ရှိ ကျန်းဟန်အား

လှမ်းအော်လိုက်သည်။ “ဟေး မိန်းမလှလေး ကိုလူချော။ ငါတို့နဲ့အတူလာပြီး ပျော်ပါလား”

တစ်ဖက်ရှိ ကျန်းဟန်နှင့် ဇီယန်သည် လျှောင်းကုလားထိုင်များတွင် လှဲနေကြဆဲဖြစ်၏။

ထိုအသံကိုကြားသည့်အခါ နှစ်ယောက်သား ခေါင်းလှည့်ကာ ကြည့်လိုက်ကြသည်။

ထုံးစံအတိုင်းပင် ကျန်းဟန်သည် သူတို့နှင့်အတူကစားရန် စိတ်မဝင်စားသည့်အတွင် လက်ကိုဆန့်ကာ ခါယမ်းပြလိုက်ပြီး ငြင်းလိုက်သည်။

လက်ခါပြနေရင်း သူပြောလိုက်သည်။ “ကြည့်ပါဦး။ မီတာတစ်ရာကျော်အကွာကနေတောင် မင်းဘယ်လောက်လှတယ်ဆိုတာ သူတို့မြင်နိုင်ကြသေးတယ်။ ပိုပြီးတော့သာ နီးသွားရန် အတော်ကြောက်စရာကောင်းလိမ့်မယ်။ ဟားဟား… ကိုယ်က မင်းကိုဖက်နိုင်တဲ့ တစ်ဦးတည်းသောသူပဲ”

"အရှုး" ဇီယန်က ကျန်းဟန်အား ဇီယန်မျက်စောင်းလေးထိုးလိုက်၏။

အချစ်ကိုဝန်ခံပြီးနောက်တွင် ကျန်းဟန်၏အပြုအမူအပြောအဆိုများမှဦး ပို၍ပို၍ ရဲတင်းလာသည်ကို သူမသတိပြုမိ၏။ သူမသာ ရာသီလာနေချိန်မဟုတ်ပါက…

၎င်းကို တွေးမိရင်း ဇီယန်၏မျက်နှာလေးမှာ နီရဲလာပြီးစိတ်ထဲမှ အော်ဟစ်လိုက်သည်။ "ရှင်ကျွန်မကိုဒီလောက်မြန်မြန် အနိုင်ယူလို့မရဘူး ဟွန့်"

တစ်ဖက်တွင် ကျန့်ချန်ယုသည် ၎င်းကိုမြင်ပြီးနောက်ခေါင်းယမ်းလိုက်သည်။ သူသည် သူတို့အားအတင်းအကြပ်မလုပ်ချေ။

သူက လက်ကိုဝှေ့ယမ်းကာ သူ၏ဘေးနားရှိနည်းပြကိုခေါ်လိုက်သည်။ "ရမ်မီမာတင်ယူလာခဲ့ပေးပါ။အဲဒါကို ချန်ပီယံအတွက် ဆုအဖြစ်ပေးမယ်"

"ကောင်းပါပြီ" နည်းပြက ခေါင်းညိတ်ကာ ထိုကိစ္စကို စီစဉ်ရန် ပြန်သွားသည်။

ပွဲနေရာတွင် အပျော်စီးလှေများစွာရှိပြီး လှော်လှေများလည်း အများအပြားရှိသည်။ လူအများစုမှာ နည်းပြ၏ညွှန်ပြမှုအအောက်တွင် လှေလှော်လေ့ကျင့်နေကြပြီး နောက်ပိုင်း လှေလှော်ပြိုင်ပွဲအတွက် ပြင်ဆင်နေကြသည်။

ကျန်းဟန်အတွက်တော့ နည်းပြမှာ နှစ်မိနစ်ခန့်အကြာတွင် လျှောက်လာ၏။

"ဆရာ မဒမ် လှော်လှေက အဆင်သင့်ဖြစ်ပါပြီ။ အခုသွားကြတော့မလား။ ကျွန်တော် လှေလှော်နည်းတစ်ချို့ သင်ပေးမယ်လေ" နည်းပြက ပြောသည်။

"အင်း"

ကျန်းဟန် ခေါင်းညိတ်လိုက်သည်။ သူ မတ်တပ်ထရပ်ကာ ဇီယန်၏လက်ကိုဆွဲ၍ ဆင်းသွား၏။

လျော်လှေသည် လူလေးဦးဆံ့သည့် အသေးစားဒီဇိုင်းဖြစ်သည်။ ၎င်းမှာ အလွန်လည်းကျဉ်းမြောင်း၏။ အချိန်မရွေးမှောင်သွားနိုင်သလို ခံစားရသည်။

ကျန်းဟန်သည် ဇီယန်အား အသက်ကယ်အင်္ကျီတစ်ထည် ဝတ်ပေးလိုက်ပြီး သူကိုယ်တိုင်လည်း တစ်ထည်ဝတ်လိုက်သည်။ ထိုနောက် လှော်လှေသို့ သွားကြ၏။

"ဒါက ထိုင်ခုံပါ။ ခြေထောက်ကို ဒီနားက မြောင်းကြားထဲကို ထည့်ရပါမယ်။ လှေကို လှော်တဲ့အခါ လက်တွေတင်မဟုတ်ပဲ ခြေထောက်ကပါ အားနဲ့နင်းရပါတယ်။ ဒါက ခန္ဓာကိုယ်ကို ဟန်ချက်ညီစေပါလိမ့်မယ်။ လှော်တဲ့အခါ လက်တွေကို လှုပ်ရှားဖို့လည်းလိုပါတယ်။ ကျုပ် သရုပ်ပြပေးပါမယ်"

နည်းပြက သရုပ်ပြကာ သင်ပေးသည်။ ဇီယန်မှာ စိတ်ရှုပ်ထွေးနေပြီး သူပြောသည့်အတိုင်း အနည်းငယ် လှုပ်ရှားကြည့်သည်။ သို့သော် သူမ မလုပ်နိုင်သဖြင့် ကျန်းဟန်အား လှည့်ကြည့်ကာ လျှာလေးထုတ်ပြသည်။

“အရမ်းခက်တာပဲ”

“ဟားဟား..”ကျန်းဟန်က ခေါင်းကိုယမ်းကာ ရယ်သည်။ နည်းပြပြောသည့်စကားများမှာ ကျန်းဟန်အတွက် တစ်ခေါက်လောက်နားထောင်ရုံဖြင့် နည်းစနစ်ကို နားလည်သွားခဲ့သည်။

သူ့အတွက် အလွန်လွယ်ကူသော်လည်း ကျန်းဟန်မှာ စွမ်းအား အလွန်အကျွံမသုံးနိုင်ချေ။ မဟုတ်ပါက လှော်တက် ကျိုးသွားပေလိမ့်မည်။

သူတို့ နှစ်မိနစ်ခန့် အစမ်းလေ့ကျင့်သည်။ ရုတ်တရက် စပိဘုတ်တစ်စင်းက ရောက်လာပြီး လှော်လှေများအားလုံးရှေ့တွင် ရပ်လိုက်သည်။

စပိဘုတ်ပေါ်မှတစ်ယောက်က ဟွန်းအကြီးကြီးတစ်လုံးကိုကိုင်ကာ အော်ပြောသည်။ "လှေလှော်ပြိုင်ပွဲမှာ ပါဝင်မယ့် မိတ်ဆွေတို့အားလုံး ကျေးဇူးပြုပြီး နားထောင်ပေးကြပါ။ လှေလှော်ပြိုင်ပွဲကို ၁၀ မိနစ်အတွင်း စပါတော့မယ်။ ပထမဆုအတွက် အနိုင်ရတဲ့ ပြိုင်ပွဲဝင်နှစ်ဦးက ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ဖြစ်ခဲ့ရင် ဘယ်ဘက်မှာရှိတဲ့ နံပါတ်တစ်အပျော်စီးလှေပေါ်က မစ္စတာကျန့်ချန်ယုကနေပြီး ယွမ် ၅ သောင်းတန် ရမ်မီမာတင်တစ်ပုလင်း ဆုချီးမြှင့်မှာဖြစ်ပါတယ်"

သူပြောလိုက်သည်နှင့် လူများအားလုံးမှာ ကျန့်ချန်ယု၏လှေကို ကြည့်လိုက်ကြသည်။

ကျန့်ချန်ယုသည် ကမ္ဘာကြီး၏ဗဟိုချက်လိုလို ခံစားလိုက်ရ၏။ သူသည် လှေပေါ်တွင်ရပ်ကာ သူ၏ပတ်ဝန်းကျင်ရှိလူများကို လက်ပြနှုတ်ဆက်သည်။

"ကောင်းပြီ နှစ်ယောက်လှေလှော်ပြိုင်ပွဲက ၁၀ မိနစ်အတွင်း စတင်တော့မှာပါ။ ကျွန်တော့်နေရာကနေ စမှတ်အဖြစ် သတ်မှာပါမယ်။ ခင်ဗျားတို့က တစ်ဖက်ကမ်းကို လှော်သွားပြီး ဒီကိုပြန်လာရပါမယ်။ စုစုပေါင်း မီတာ ၁၃၀၀ အကွာအဝေးလောက်ရှိပါတယ်။ ပထမဆုံးလှေက အနိုင်ရသူဖြစ်ပါမယ်။ အားလုံး ပြင်ဆင်ကြပါ။ ဆယ်မိနစ်အတွင်းဒီမှာ စုကြပါ"

စပိဘုတ်ပေါ်မှ နည်းပြက သူ၏စကားကို အဆုံးသတ်လိုက်ပြီး တိတ်ဆိတ်စွာ စောင့်နေလိုက်သည်။

တစ်ဖက်ရှိ ကျန့်ချန်ယု၏လှေပေါ်တွင်

သူက လက်ခုပ်တီးက ပြောသည်။ "အောက်ဆင်းပြီး ပြင်ဆင်ကြစို့"

သူသည် ကောင်မလေးတစ်ယောက်အား လက်ဝှေ့ယမ်းကာ အတူပူးပေါင်းလိုက်ကြသည်။ သူတို့သည်

ယခင်က ဤကစားနည်းကို ကစားဖူးပြီး ရင်းနှီးနေပြီးသားဖြစ်၍ နည်းပြမလိုအပ်ချေ။

ကျန့်ချန်ယုသည် လှော်လှေပေါ်တက်ကာ ကျန်းဟန်၏လှေဆီသို့ တန်း၍ လှော်သွားလိုက်၏။

ထိပ်ပြောင်ပြောင် ဟွမ်ဝမ်နှင့် အခြားမော်ဒယ်တစ်ဦးမှာလည်း အခြားလှော်လှေပေါ်တွင်ရှိနေသည်။ ကျန့်ချန်ယု၏လှုပ်ရှားမှုကို မြင်သည့်အခါ သူတို့နှင့်အတူပူးပေါင်းရန် နောက်မှလိုက်သွား၏။

သူတို့ပို၍နီးကပ်လာသည့်အခါတွင် ကျန့်ချန်ယုမှာ ဇီယန်အား ပို၍ နီးကပ်စွာ မြင်လိုက်ရပြီး သူမက ပို၍ စွဲဆောင်ရှိသည်ဟု ခံစားမိလိုက်သည်။ သူက ကျန်းဟန်အား အပေါ်အောက်ကြည့်ကာ ပြုံး၍ ပြောသည်။ "ဟေး ကိုလူချော မိန်းမလှလေး။ ပြိုင်ပွဲစတော့မယ်။ ကံကောင်းပါစေ"

ဇီယန်က သူ့အား တစ်ချက်သာကြည့်လိုက်ပြီး ဘာမှပြန်မပြောချေ။

ကျန်းဟန်က ပြုံးကာ ခေါင်းယမ်းလိုက်သည်။

“မင်းတို့က ခရီးသွားတွေလား။ ဒေသခံတွေလား” ကျန့်ချန်ယုက မေးသည်။

“ငါတို့က ဒေသခံတွေပဲဖြစ်လိမ့်မယ်လို့ ငါထင်တယ်” ကျန်းဟန်က တည်ငြိမ်စွာ ပြန်ဖြေသည်။

ကျန်းဟန်၏တုံ့ပြန်မှုကိုမြင်သည့်အခါ ကျန့်ချန်ယု၏မျက်လုံးများ ကျဉ်းမြောင်းသွား၏။ သူသည် ဤနေရာသို့ လာရောက်သည့် ခရီးသွားသည့်လူအမျိုးမျိုးကို တွေ့ဖူးသည်။ အချို့မှာ တက်ကြွသည်။ အချို့မှာ ရှက်ရွံ့ကြသည်။ အချို့က ပွင့်လင်းကြသည်။ သို့သော် သူ့ရှေ့ရှိ ဤလူ အလွန်တည်ငြိမ်နေပြီး သီးသန့်ဆန်နေသည့်အတွက် ကျန့်ချန်ယုအနည်းငယ် အံ့အားသင့်သွားသည်။

ဒီလူတွေက ဩဇာလွှမ်းမိုးမှုရှိတဲ့သူတွေဖြစ်မှာတောင် စိုးမိတယ်။

ကျန့်ချန်ယုက ဆက်၍ ခန့်မှန်းကြည့်နေပြီး ဤလူမှာ သာမန်လူမဟုတ်သည်ကို ခံစားမိသော်လည်း သူ၏အဆင့်အတန်းအား အတိအကျမသိချေ။ ထို့ကြောင့် လေ့လော်ပြိုင်ပွဲတွင် ပါဝင်မည့် ခရီးသွားတစ်ယောက်ဟုသာ မှတ်ယူလိုက်၏။ ဤသည်က လုံလောက်ပေသည်။

"ငါ ဒီမှာ ခဏတိုင်း လေ့လော်လေ့ရှိတယ်။ ပင်လယ်ပြင်က တည်ငြိမ်နေသေးတယ်။ မင်းတို့လို လူသစ်တွေအတွက်တော့ အဆိုးဘူး။ နောက်မှ ငါဘယ်လောက်မြန်တယ်ဆိုတာ မင်းကို ပြမယ်" ကျန့်ချန်ယုက ယုံကြည်မှုအပြည့်ဖြင့် ပြောသည်။

"သူက ဒီမှာ မကြာခဏလာကစားလေ့ရှိပြီးတော့ အမြဲတမ်း ပထမနေရာရတယ်။ ဒါကြောင့် အခုလေးတင် သူဆုအဖြစ်ပေးခဲ့တဲ့ ရမ်မီမာတင်က ဘယ်လိုပဲဖြစ်ဖြစ် သူ့ဆီပဲ

ပြန်ရောက်လာမှာ” အခြားတစ်ဖက်ရှိ ဟွမ်ဝမ်က ပြုံးကာ ပြောသည်။

“အိုး စောင့်ကြည့်ပါဦး။ မင်းရဲ့ ရမ်မီမာတင်က ငါ့ဟာဖြစ်လာလိမ့်မယ်” ကျန်းဟန်က ခပ်ရေးရေးပြုံးကာ ပြောသည်။

“ခစ်ခစ်…” ဇီယန်မှာ မရယ်ဘဲမနေနိုင်ချေ။ သူမ ခေါင်းကိုလှည့်ကာ ကျန်းဟန်အား ကြည့်၍ တိုးတိုးလေးပြောသည်။

“ပြီးမှ ကိုယ့်ကိုယ်ကိုယ်အရှက်မခွဲနဲ့နော်”

“မခွဲပါဘူး” ကျန်းဟန်က ရယ်မောကာ ပြန်ဖြေသည်။

သာမန်အချိန်များတွင် ကျန်းဟန်သည် ရမ်မီမာတင် ၁၀ ပုလင်းဖြစ်လျှင်ပင် ဂရုစိုက်မည်မဟုတ်ချေ။ သို့သော် ဇီယန်နှင့် အတူပျော်ရန် ထွက်လာသည်ဖြစ်ရာ ကျန်းဟန်မှ ပို၍ စိတ်လက်သက်သာဖြစ်နေသည်။ ကျန့်ချန်ယုက

သူနှင့်စကားပြောရန်လာသော်လည်း သူက ပြုံးကာ တုံ့ပြန်ခဲ့သည်။

အရေးကြီးသည်က ဇီယန်ပျော်ရွှင်ဖို့ပင်။ အခြားသူတိုင်းကိုတော့ ကျန်းဟန် လုံးဝ ဂရုမစိုက်ချေ။

သို့သော် ကျန့်ချန်ယုသည် မှားယွင်းသည့်အတွေးများမရှိသလို ဦးနှောက်မရှိသည့် သူဌေးသားတစ်ဦးလည်းမဟုတ်သည်မှာ ကောင်းပေသည်။ အကယ်၍ သူတို့သာ ယနေ့ ငတုံးတစ်ကောင်ကို တွေ့ခဲ့မည်ဆိုလျှင် သူနှင့်ဇီယန်၏ ပျော်ရွှင်နေသော စိတ်အခြေအနေမှာ ပျက်စီးသွားရပေလိမ့်မည်။

သို့သော် ကျန်းဟန်၏စကားကိုကြားပြီးနောက် ကျန့်ချန်ယုနှင့် ဟွမ်ဝမ်တို့နှစ်ဦးလုံး အံ့အားသင့်သွားကြသည်။

"အိုး မင်းက အရမ်းယုံကြည်မှုရှိနေတာပဲ။ ဒါဆို ပြီးရင် ငါသေချာဂရုစိုက်ရမယ်" ကျန့်ချန်ယုက ပြောပြီးနောက် လက်များကို လှုပ်ရှားကာ သွေးပူအောင်လုပ်လိုက်သည်။

တစ်ဖက်ရှိ ဟွမ်ဝမ်သည်လည်း သွေးပူအောင်လုပ်နေပြီး ကျန်းဟန်သည်တော့ နေရာတွင်ပင်ထိုင်ကာ ဇီယန်နှင့် စကားပြောနေ၏။

"လော့်လော့တွေအားလုံး အာရုံစိုက်ပေးကြပါ။ ပြိုင်ပွဲက တစ်မိနစ်အတွင်း စပါတော့မယ်" စပိဘုတ်ပေါ်မှ နည်းပြက ပြောသည်။ သူပြောပြီးနောက် အရေးပေါ်အခြေအနေအတွက် ပြင်ဆင်ထားသည့် စပိဘုတ်ရှစ်စင်းက ဘေးနှစ်ဖက်တွင် ရောက်ရှိလာသည်။

"ဒါဆို ပြင်ဆင်ကြစို့" ကျန်းဟန်က သူ၏လက်များကိုဆန့်တန်းကာ ဇီယန်၏လက်မောင်းသွယ်သွယ်လေးများအား ညင်သာစွာနှိပ်ပေးရင်း ပြောသည်။ "မင်းက စည်းချက်အတိုင်း ဖြည်းဖြည်းချင်းလိုက်ပြီး လော့်ရုံပဲ။ အားအများကြီးသုံးဖို့မလိုဘူး။ မင်းက အရမ်းနူညံ့တော့ ပုံမှန်ဆိုရင် ဒီလိုလေ့ကျင့်ခန်းတွေမလုပ်တတ်ဘူး။

ရုတ်တရက်ကြီး အားအရမ်းစိုက်ရတဲ့လေ့ကျင့်ခန်းလုပ်ရင် နောက်ရက်တွေကျ မင်း ကြွက်သွားတွေ နာလာလိမ့်မယ်”

“အမ်မာ ကျွန်မ အားကစားလုပ်ပါတယ်နော်။ အပြေးလေ့ကျင့်တယ်။ ယောဂလုပ်တယ်။ အကလေ့ကျင့်တယ်။ ကျွန်မ... ကျွန်မက...ရှင်နဲ့တွေ့မှပဲ နည်းနည်းပျင်းလာတာ” ဇီယန်က မကျေမနပ်လေသံဖြင့်ပြောသည်။ “ပြီးတော့ ကျွန်မက ကလေးမလေးမဟုတ်ပါဘူးနော်”

သူမသည် အသက်လေးနှစ်အရွယ်ကလေးတစ်ယောက်၏မိခင်ဖြစ်နေပေပြီ။ သူမသည် ကလေးမလေးတစ်ယောက်မဟုတ်တော့ချေ။

ကျန်းဟန်က ရှေ့သို့တိုးလာကာ ဇီယန်၏နားနားသို့ကပ်၍ တိုးတိုးလေးပြောသည်။

“ဒါပေမယ့် မင်းက ကိုယ့်မျက်လုံးထဲမှာတော့ အမြဲတမ်းကလေးမလေးပဲ။ မင်းက ကိုယ့်ရဲ့ပျားရည်လေး။ ကိုယ့်ရဲ့ ပန်းသီးလေးပဲ”

ထိုနောက် သူ ဇီယန်၏ပါးကို နမ်းလိုက်သည်။

-အခန်း(၃၁၀ - က) ပြီး

wunzinnosp

## အခန်း(၃၁၀ - ခ)

ဇီယန်၏မျက်နှာမှာ ချက်ချင်းပင် နီရဲတက်သွား၏။

“ရှင်… ရှင်တော်တော်ဆိုးတာပဲ။ ဒီမှာ လူတွေအများကြီးရှိတယ်လေ” ဇီယန်က ခေါင်းကိုလှည့်ကာ မျက်စောင်းထိုးသည်။

ထိုအချိန်၌…

ရှေ့စပိဘုတ်ပေါ်ရှိ နည်းပြက စတင်ရန်အတွက် ကောင့်ဒေါင်းရေတွက်သည်။ "နောက်ဆုံး ၁၅ စက္ကန့်ပါ။ အားလုံးပြင်ဆင်ထားပါ။ ၁၀၊ ၉၊ ၈၊ ၇...."

ကောင့်ဒေါင်း၏နောက်ဆုံးအဆင့်တွင် ကျန့်ချန်ယုက ကျန်းဟန်ကို တစ်ချက်ကြည့်ကာ ပြောလိုက်သည်။ "ငါဘယ်လောက်ထိမြန်သလဲဆိုတာ မင်းကိုပြမယ်"

ကျန်းဟန်က ပြုံးရုံသာပြုံးလိုက်ပြီး ပြန်မဖြေချေ။

"၃...၂...၁...စပြီ"

အသံဆုံးသည်နှင့်တစ်ပြိုင်နက် ပြင်းထန်သည့်ယှဉ်ပြိုင်မှုက စတင်တော့သည်။ ဘေးပတ်လည်ရှိလှေများအားလုံးက ဝိုင်းအော်ကြသည်။

"ဝမ်း တူး၊ ဝမ်း တူး..."

ကျန့်ချန်ယု၊ ဟွမ်ဝမ်နှင့် အခြားငါးယောက် ခြောက်ယောက်က ရှေ့မှဦးဆောင်နေသည်။ သူတို့အားလုံးမှာ

အလွန်မြန်ကြ၏။ ထိုလူများမှာ ဝါရင့်လေ့လော်သမားများဖြစ်ကြောင်း သိနိုင်သည်။

ဇီယန်သည်တော့…

“ဝမ်း တူး…. ဝမ်း တူး… အမ်” ဇီယန်မှာ အကြိမ်အနည်းငယ် လော်ပြီးနောက် သူမ၏လှေမှာ အနည်းငယ်သာရွေ့သည်ကို သတိပြုမိသွားသည်။ သူမ ထူးဆန်းသလိုခံစာလိုက်ရပြီး ကျန်းဟန် လှည့်ကြည့်လိုက်၏။ ထိုနောက် သူမ မကျေမနပ်ဖြင့်ပြောသည်။ “ဟေး ရှင်ဘာလို့ မလော်သေးတာလဲ။ စနေပြီလေ”

“သူတို့ကို မီတာ ၂၀၀ အကျော်ပေးလိုက်ပါ” ကျန်းဟန်က ပြုံးကာ ဆိုသည်။

ပြိုင်ပွဲဝင် ၅၀ နီးပါးကြားတွင် အတွေ့အကြုံမရှိသူများ အများအပြားရှိပြီး ခဏအကြာတွင် သူတို့ လမ်းချော်သွားကြသည်။ အချို့မှာ ဘေးသို့ချော်ထွက်သွားပြီး အချို့မှာ မတူညီသည့်လမ်းကြောင်းအတိုင်း သွားကြ၏။

၎င်းကိုမြင်သည့်အခါ ကျန်းဟန်၏ စက္ကန့်အနည်းငယ်စောင့်ဆိုင်းပြီး သူတို့နောက်သို့ စလိုက်ရန် စဉ်းစားထားသည်။

၎င်းကို ဇီယန်မသိချေ။ သူ၏စကားကိုကြားသည့်အခါ သူမက အမြန်တိုက်တွန်းလေ၏။ "မြန်မြန်လုပ်လေ မဟုတ်ရင် ကျွန်မတို့ မမှီတော့ပဲနေမယ်"

"ကောင်းပြီ စမယ်"

ကျန်းဟန်၏လက်များ စတင်လှုပ်ရှားလာသည်။

ဇီယန်သည် ရှေ့မှနေ၍ ကြွေးကြော်နေပြီး သူမ၏အသံမှာ အလွန်ပင်သာယာလှ၏။

ကျန်းဟန်သည် ဇီယန်၏နောက်မှ စည်းချက်အတိုင်း သေသပ်စွာ လှော်နေလေသည်။

ကြည့်ရသည်မှာ မမြန်ဘူးဟု ထင်ရသော်လည်း သူတစ်ချက်လှော်လိုက်တိုင်း လှေမှာ မီတာအနည်းငယ် ရှေ့သို့

ရွှေ့သွားပြီး ကျန့်ချန်ယုနှင့် အခြားရှေ့တန်းရှိလှေများနှင့် သူ၏လှေကြား အကွာအဝေးမှာ တဖြည်းဖြည်း တိုတောင်းလာသည်။

၎င်းကိုမြင်သည့်အခါ ဇီယန်မှာ ပို၍ စိတ်လှုပ်ရှားလာပြီး သူမ၏အသံမှာ ပို၍ကျယ်လောင်လာသည်။ "ဝမ်း တူး၊ ဝမ်း တူး၊ လာပြီနော်..."

ဤသည်က ယှဉ်ပြိုင်ခြင်းမှရသည့်စိတ်လှုပ်ရှားမှုပင်။ ကျန်းဟန်မှာ ၎င်းကိုမြင်သည့်အခါ သူ၏လက်များကို အရှိန်မြှင့်လိုက်၏။

ဇီယန် တစ်ကြိမ်လှော်ခတ်ပြီးတိုင်း သူ နှစ်ကြိမ်လှော်ခတ်သည်။ ဤသို့ဖြင့် သူတို့၏အရှိန်မှာ ပို၍မြန်လာ၏။ တစ်မိနစ်မပြည့်ခင်မှာပင် သူတို့၏လှော်လှေသည် ပထမတန်းရှိ အလွန်ကြိုးစားပမ်းစား လှော်လာခဲ့ကြသော လှေများကိုကျော်တက်ကာ နံပါတ်တစ်ဖြစ်လာခဲ့သည်။

သို့သော် အခြားသူများ၏အမြင်တွင်တော့...

ဗီယန်မှာ အလွန်ပေါ့ပေါ့ပါးပါးလှော်ခတ်နေသဖြင့် သူမ၏လှော်တက်သည် ရေထဲသို့နစ်သည်မှာ ကြုံတောင့်ကြုံခဲပင်ဖြစ်နေသည်။ ၎င်းကို သူမကိုယ်တိုင်ပင် သတိမထားမိလိုက်။

သို့သော် နောက်ရှိ ကျန်းဟန်၏လှော်တက်များမှာ...

အလွန်လျင်မြန်စွာ လှုပ်ရှားနေခဲ့သည်။

"သေစမ်း သူဘာဖြစ်နေတာလဲ။ သူ စိတ်ကြွဆေးတွေများ သောက်ထားတာလား" ကျန့်ချန်ယုမှာ လှေကိုလှော်ရင်း အော်ဟစ်လိုက်သည်။

""သူတို့က အရမ်းမြန်တယ်။ အားယု မင်းရဲ့ ရမ်မီမာတင်ကတော့ ဆုံးတော့မယ်ထင်တယ်" ဟွမ်ဝမ်က ရယ်မောကာ ပို၍ ကြိုးစားလှော်သည်။

ရှေ့ရှိ ကျန်းဟန်၏ပုံရိပ်မှာ ပို၍ပို၍ ဝေးကွာလာခဲ့သည်။ သူ၏နောက်မှလူများမှာ သူ့နောက်ကျောအား ကြည့်ရုံသာတတ်နိုင်ပြီး လိုက်မမှီနိုင်။

တစ်ဖက်လှည့်လိုက်သည့်တိုင် သူ၏အရှိန်မှာ အလျှော့သေး။ သူသည် လှော်တက်တစ်ခုကို ရေထဲသို့နစ်ကာ အခြားလှော်တက်ကို ပို၍မြန်မြန်လှုပ်ရှားလိုက်သည်။

ဝုစ်...

လှော်လှော်သည့် လှပသည့်အလှည့်အကွေ့ကို တိုက်ရိုက်ပြုလုပ်သွားသည်။

၎င်းက ဇီယန်ကို ထပ်ခါထပ်ခါ အော်ဟစ်စေသည်။

နောက်သို့ကြည့်လျှင် ပထမအတန်းရှိ လှော်လှေများမှာ စုစုပေါင်းအကွာအဝေး၏သုံးပုံနှစ်ပုံသာ ရောက်သေးသည်။

"ဝိုး ကျွန်မတို့ အရမ်းမြန်တာပဲ။ နံပါတ်တစ်ဖြစ်တော့မယ်။ မြန်မြန် မြန်မြန်လျှော်…" ဇီယန်မှာ စိတ်လှုပ်ရှားစွာ အော်ဟစ်သည်။

ထိုအချိန်တွင် ကျန်းဟန်က အရှိန်ကိုလျှော့ကာ ဖြည်းဖြည်းချင်းလှော်၏။

ကျန့်ချန်ယု၊ ဟွမ်ဝမ်နှင့် သူ၏နောက်မှာ အခြားသူများမှာ မျက်လုံးများတောက်ပလာသည်။

"ဟားဟားဟား သူပင်ပန်းသွားပြီ။ မြန်မြန် သူ့ကို မှီအောင်လိုက်" ကျန့်ချန်ယုက အော်ဟစ်ကာ သူ့နောက်သို့လိုက်ရန်ကြိုးစား၏။

ကျန်းဟန်သည် ခဏလောက် ဖြည်းဖြည်းလှော်ပြီး သူတို့အား အမီလိုက်စေလိုက်သည်။

"အိုး မဖြစ်ဘူး။ ကျွန်မတို့ကို မှီသွားပြီး" ဇီယန်က အော်ပြောသည်။

ထို့ကြောင့် ကျန်းဟန်က အရှိန်ကိုပြန်တင်လိုက်ပြီး သူတို့ကို ကျောက်တက်သွားပြန်သည်။ ထိုနောက် အရှိန်ကိုပြန်လျှော့၏။

"မဟုတ်ဘူး ကျွန်မတို့ကို နောက်တစ်ခါ မှီသွားပြန်ပြီ။ မြန်မြန် မြန်မြန်လော့်။ ကျွန်မတို့ နံပါတ်တစ်ဖြစ်ရမှာ။ သူတို့ မှီလာပြီ မဖြစ်ဘူး…"

ဇီယန်မှာ အလွန်ပျော်ရွှင်နေသည့်ကလေးတစ်ယောက်ပမာ ဤစကားနည်းအား သဘောကျနေ၏။ သူမသည် အခြားသူများကို လှည့်ကြည့်ကာ ရုံဖန်ရံခါ အော်ဟစ်တတ်သည်။

ဤကဲ့သို့သော အပြန်အလှန်ပြိုင်ဆိုင်မှုမျိုးက ဖိအားအများဆုံးဖြစ်ပြီး လူများကို ပို၍စိတ်လှုပ်ရှားစေသည်။

ဇီယန်၏နောက်တွင် ထိုင်နေသည့် ကျန်းဟန်မှာ သူမအား နူးညံ့စွာကြည့်သည်။ သူသည် အခြေအနေကို ထိန်းချုပ်ထားပြီး သူမအား ပျော်ရွှင်စိတ်လှုပ်ရှားစေခဲ့သည်။

အချိန်များမှာ ကုန်ဆုံးသွား၏။

စိတ်လှုပ်ရှားစရာအကောင်းဆုံးအချိန်သို့ ရောက်ရှိလာလေပြီ။ ယခင်မီတာ ၅ဝ အကွာတွင် လှော်လှေငါးစင်းမှာ ရှေ့တန်းတွင် ရှိနေသည်။

ထိုအထဲတွင် ကျန့်ချန်ယုနှင့် ဟွမ်ဝမ်တို့မှာ ယနေ့ အကောင်းဆုံးကြိုးစားခဲ့သူများဖြစ်၏။

ပန်းတိုင်နှင့် မီတာ ၅ဝ အကွာတွင် လှေငါးစင်းမှာ အလျားလိုက်တန်းကာရှိနေသည်။

ယခု မီတာ ၄ဝ တွင် ကျန့်ချန်ယုနှင့် ဟွမ်ဝမ်တို့က ဦးဆောင်နေပြီး အမြန်ဆုံးဖြစ်၏။

"ဟားဟားဟား ငါ နံပါတ်တစ်ဖြစ်တော့မယ်ကွ" ကျန့်ချန်ယုက ရယ်မောကာ အော်ဟစ်သည်။

"သိပ်ပြီးယုံကြည်မှုရှိမနေနဲ့ဦး။ ဒီတစ်ခါ ငါ မင်းကို အနိုင်ယူပြမယ်" ဟွမ်ဝမ်ကာ မျက်လုံးများကိုပြူးလျက် ပို၍အားစိုက်ကာ လှော်ခတ်သည်။

သူ၏ခေါင်းပြောင်ပြောင်မှာ နေရောင်ကြောင့် ရောင်ပြန်ဟပ်နေသည်။ လေကိုဝဝရှူသွင်းလိုက်ပြီး သူအစွမ်းကုန်အားစိုက်ကာ လှော်နေသဖြင့် သူ၏မျက်နှာမှာ နီရဲလာသည်။ ပါးစပ်မှလည်း "ဝမ်း တူး ဝမ်း တူး..." ဟူ၍ ညာသံပေးနေသည်။

ပူ...

ရုတ်တရက် သူ၏ဖင်မှ ကျယ်လောင်သည့်အသံတစ်ခုထွက်ပေါ်လာသည်။

အစောပိုင်းက အားရပါးရရှုသွင်းထားသည့်လေများမှာ သူ၏ဖင်မှ ပြန်ထွက်လာသလိုပင်။

သူ၏ရှေ့မှာ အရပ်ရှည်ရှည်မိန်းကလေးက မျက်လုံးပြူးကာ သူ့အား လှည့်ကြည့်၏။

ဒီလေလည်တဲ့အသံက အတော်ကျယ်တာပဲ။ သူအော်သံထက် လေလည်သံက ပိုပြီးကျယ်နေတယ်။

လေလည်လိုက်ပြီးနောက်တွင် ဟွမ်ဝမ်၏အမူအရာမှာ အနည်းငယ် တောင့်တင်းသွားသည်။ သူ၏လှုပ်ရှားမှုများပင် ရပ်တန့်သွား၏။

သေစမ်း ဘယ်လိုလုပ် ငါ ဒီလိုမျိုး လေလည်လိုက်ရတာလဲ။

သူသည် ပြိုင်ပွဲအား အရှုံးပေးလိုက်ပြီး ယခု အခြားလှေသုံးစင်းမှာလည်း ရောက်လာပြီဖြစ်သည်။

ကျန်းဟန်သည်လည်း ထိုအထဲတွင် ပါဝင်သည်။

ကျန့်ချန်ယုက ဦးဆောင်နေသည်ကိုမြင်သည့်အခါ ဇီယန်က စိုးရိမ်တကြီးဖြင့်ပြောသည်။ “အိုး မဖြစ်ဘူး သူရောက်တော့မယ်။ မြန်မြန် မြန်မြန်…”

သူမ ပြောနေရင်းဖြင့် လှော်တက်များကို အားစိုက်ကာ လှော်နေသည်။

သို့သော် သူမလှုပ်ရှားရန်ပင်မလိုအပ်ဘဲ ကျန်းဟန်က အရာအားလုံးကို ပြီးမြောက်အောင် လုပ်သွားပေလိမ့်မည်။

ပန်းတိုင်သို့ နောက်ဆုံး ၁၀ မီတာအကွာသာ ကျန်ရှိတော့သည်ဖြစ်ရာ ကျန့်ချန်ယုမှာ သူအနိုင်ရပြီဟု ထင်လိုက်၏။

“ပလပ် ပလပ် ပလပ်…”

ရုတ်တရက် ရေသံခပ်စိပ်စိပ်က သူ၏ဘေးမှ ထွက်ပေါ်လာသည်။

နောက်အခိုက်ကန့်အတန့်တွင်တော့ ကျန်းဟန်၏လှေကာ ပျံသန်းလာသည့်အလား သူ့အား ဖြတ်ကျော်သွားသည်။

“ဘာလဲဟ။ သူ ဘယ်လိုလောက် ဒီလောက်မြန်နေတာလဲ”

ကျန့်ချန်ယု အံ့သြသွားသည်။ ဤကဲ့သို့ အခြေအနေမျိုးကို သူ ပထမဆုံးကြုံဖူးခြင်းဖြစ်သည်။

ထိုစက္ကန့်အနည်းငယ်အတွင်း သူရှော့ခ်ရသွား၏။

သူတို့သည် ရှေ့ရှိအပျော်စီးလှေ၏နောက်ဆုံးမျဉ်းကို ဖြတ်ကျော်သွားခဲ့သည်။

လှေရပ်သွားပြီးနောက်တွင် ကျန်းဟန်နှင့် ဇီယန်မှာ မတ်တပ်ရပ်လိုက်သည်။

ဇီယန်မှာ အလွန်စိတ်လှုပ်ရှားသွား၏။

သူမ လှော်ပေါ်တွင် ခုန်ပေါက်ရင်း အော်ဟစ်သည်။ “ရေး…ငါတို့နိုင်တယ်။ ကျွန်မတို့နံပါတ်တစ်ပဲ။ ကျွန်မတို့ အနိုင်ရပြီ”

“ဟားဟားဟား..” ကျန်းဟန်က ရယ်မောကာ ဓိယန်အား ပွေ့ဖက်ပြီး စက်ဝိုင်းသဏ္ဍာန်လှည့်လိုက်သည်။

“ကိုယ်တို့အနိုင်ရပြီ”

ဓိယန်မှာ အနိုင်ရ၍ ဝမ်းသာသည်ထက် ကျန်းဟန်နှင့် စုံတွဲအဖြစ် အတူတူအနိုင်ရသည်ကို ပို၍ပျော်ရွှင်သည်။

ကျန်းဟန်မှာ ဓိယန်ပျော်သည့်အတွက် သူလည်း ပျော်သည်။

သူတစ်ယောက်တည်းသာဆိုလျှင် ဤကစားနည်းလေးအား စိတ်မဝင်စားသော်လည်း ဓိယန်နှင့်အတူတူ ကစားရသည့်အခါ

အလွန်စိတ်ဝင်စားဖို့ကောင်းသည်ဟု ရုတ်တရက် ခံစားလိုက်ရသည်။

ဇီယန်သည် ကျန်းဟန်အား ပျော်ရွှင်စေပြီး ၎င်းကအချစ်၏စွဲဆောင်မှုတစ်ခုပင်။

သူတို့အောင်ပွဲခံနေကြချိန် ကျန့်ချန်ယုမှာ လှေကိုလှော်ရင်း သူတို့အနားသို့ ရောက်လာ၏။

"ယောက်ျားတစ်ယောက်ကို သူ့အသွင်အပြင်ကြည့်ပြီး ဆုံးဖြတ်လို့မရတာ အမှန်ပဲ။ ဟေး သူငယ်ချင်း မင်းက ကြည့်ရတာတော့ သိပ်သန်မာတဲ့ပုံမပေါ်ပေမယ့် တော်တော်သန်တာပဲ" ကျန့်ချန်ယုက ခေါင်းယမ်းကာ သက်ပြင်းချလိုက်ပြီး အဝေးမှနည်းပြကို လှမ်းအော်လိုက်သည်။ "ဝိုင်ကို ဒီယူခဲ့ပါ"

မကြာမီခင် နည်းပြက စပိဘုတ်ပေါ်တက်လာပြီး ကျန်းဟန်အား ရမ်မီမာတင်ပုလင်းကို ပေးလိုက်သည်။

"ရှင့်ရဲ့ဝိုင်အတွက် ကျေးဇူးတင်ပါတယ်" ဇီယန်က ကျန့်ချန်ယုအား ပြုံးကာ ပြောသည်။

ဤအမျိုးသမီးမှာ အလွန်လှပ၏။ ယခု သူမ၏အသံကိုကြားသည့်အခါ အသံမှာလည်း အလွန်စွဲမက်ဖွယ်ကောင်းသည်ကို ကျန့်ချန်ယုသိလိုက်ရသည်။ ဇီယန် ထိုစကားများကိုပြောလိုက်ပြီးနောက် ကျန့်ချန်ယုမှာ အလွန်ဂုဏ်ယူသွားမိသည်။ သူက လက်ကိုဝှေ့ယမ်းကာ ပြောလိုက်သည်။ "မင်းတို့အနိုင်ရတာပဲ။ မင်းတို့နဲ့ ထိုက်တန်ပါတယ်"

"ဟားဟားဟား" ကျန်းဟန်က ဝိုင်ကိုယူလိုက်ပြီး ကျန့်ချန်ယုရှေ့တွင် ဝှေ့ယမ်းပြကာ လှော်လှေအား သူ၏အပျော်စီးလှေဆီသို့ လှော်သွားသည်။

"မင်းတို့နှစ်ယောက်တည်းပဲလား။ ငါတို့အနဲ့အတူလာပျော်ပါလား" ကျန်းဟန် ၁၀

မီတာအကွာသို့ရောက်သည့်အခါ ကျန့်ချန်ယုက ထပ်၍မေးသည်။

ကျန်းဟန်က သူ၏ဘယ်လက်ကိုဆန့်တန်းကာ ခါယမ်းပြလိုက်သည်။ ထိုနောက် အပျော်စီးလှေဆီသို့ ပြန်သွား၏။

အပျော်စီးလှေအနီးသို့ရောက်သည့်အခါ နည်းပြက ကျန်းဟန်အား လက်မထောင်ပြသည်။

"ဆရာ အရမ်းတော်တယ်။ ဆရာ့ရဲ့လှေလှော်စွမ်းရည်က လုံးဝပြီးပြည့်စုံတယ်။ တကယ်ကိုလေးစားတယ်"

"ဟားဟ.. ဒါပေါ့ သူက အရမ်းတော်တယ်လေ" ဧယန်က အလွန်ဂုဏ်ယူဟန်ဖြင့် ပြန်ပြောသည်။

"လေထိုးခုန်ပျံက အဆင်သင့်ဖြစ်နေပါပြီ။ ဆရာ မဒမ် အခု ကစားတော့မလား" နည်းပြကမေးသည်။

(မှတ်ချက်။ ။လေထိုးခုန်ပျံ ဆိုတာ Trampoline

ကိုပြောတာပါ။ မြန်မာလို ဘယ်လိုခေါ်လဲမသိလို့။ လေထိုးထားတဲ့ ကောဇောလိုမျိုး အဝိုင်းပြားကြီးပေါ်မှ ခုန်ပြီး ကစားရတဲ့ဟာ)

"ကောင်းပြီ" ကျန်းဟန်က ခေါင်းညိတ်သည်။

ဇီယန်မှာ အလွန်စိတ်လှုပ်ရှားနေဆဲဖြစ်ရာ ဆက်၍ပျော်သင့်၏။ သူတို့ပင်ပင်းလာသည့်အခါ နေပူဆာလှုံ၍အိပ်ရန် အပျော်စီးလှေသို့ ပြန်သွားသင့်သည်။

သူတို့နှစ်ယောက် ရေပေါ်တွင်မျောနေသည့် ခုန်ပျံဆီသို့ သွားကြ၏။

ဇီယန်သည် ပျော်ရွှင်စွာ စတင်ခုန်ပေါက်နေသည်။

ကျန်းဟန်လည်း ပျော်ရွှင်နေ၏။ သူမသည် တစ်ခါတစ်ရံ ဇီယန်၏လက်ကိုဆုပ်ကိုင်ထားပြီး တစ်ခါတစ်ရံ သူမအား ပွေ့ဖက်ထားသည်။ သူတို့ အတူတူ ခုန်ကြ၏။

ငင်းက ကလေးဆန်သည့်ကစားနည်းတစ်ခုဖြစ်သော်လည်း သူတို့နှစ်ယောက် ပျော်ရွှင်စွာ ကစားနေကြသည်။

ငင်းက အပျော်စီးလှေဆီသို့ပြန်လာကြသည့် ကျန့်ချန်ယုနှင့် အခြားသူများ၏အာရုံကို စွဲဆောင်သွားသည်။

"သူတို့တော်တော်ပျော်နေကြတာပဲ။ ကြည့်ရ အရမ်းပျော်ဖို့ကောင်းတယ်" ဟွမ်ဝမ်က သူ၏ခေါင်းပြောင်ပြောင်ကို ပွတ်လိုက်သည်။

သူပျော်ရွှင်နေချိန်တွင် ဘာမှထူးထူးခြားခြားမဖြစ်ပေ။ သို့သော် ယခု အခြားသူများအား ကြည့်လိုက်မိသည့်အခါ သီချင်းတစ်ပုဒ်ကို သတိရသွားသည်။ ငင်းက "We Are Not The Same" "ငါတို့က မတူညီဘူး" ဟူသည့် သီချင်းပင်။

"ငါအခု ရည်းစားရှာဖို့လိုနေပြီလား"

ထိုအကြောင်းနှင့်ပတ်သက်၍ သူ အလွန်စိတ်ရှုပ်ထွေးသွားသည်။ သူ့မှာရည်းစားရှိလျှင်ကော သူတို့လို ပျော်ရွှင်ရမည်လား။

"ငါတို့ရော ဘယ်လိုပျော်ကြမလဲ" ကျန့်ချန်ယုက တုံ့ဆိုင်းစွာ မေးသည်။

"ကောင်းပြီလေ လာ"

"နည်းပြ ဒီကို ခုန်ပျံတစ်ခုယူလာခဲ့ပါ"

"…"

-အခန်း(၃၁၀ - ခ)ပြီး

wunzinnosp

## အခန်း(၃၁၁) ပြင်းထန်သည့်အားကစားနည်းများ

"အိုး ခစ်ခစ်…"

ခုန်ပုံပေါ်တွင် ဇီယန်သည် တစ်ခါတစ်ရံ ကလေးတစ်ယောက်ပမာ အော်ဟစ်နေတတ်ကာ တစ်ခါတစ်ရံ ရယ်မောနေတတ်သည်။

ကျန်းဟန်သည် သူမ၏ဘေးနားတွင်ရှိနေပြီး ရံဖန်ရံခါ အားပေးနေသည်။

သူသည် ယခု ဇီယန်၏ပုံစံကို အလွန်သဘောကျ၏။ သူမသည် ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးရှိနေလေသည်။

ဇီယန်၏လွှမ်းမိုးမှုအောက်တွင် အမြဲတည်ငြိမ်နေတတ်သည့် သူသည်လည်း တဖြည်းဖြည်းစိတ်လှုပ်ရှားလာပြီး နှစ်ယောက်အတူတူ အချိန်များကို ပျော်ရွှင်စွာ ဖြတ်သန်းခဲ့သည်။

ခုန်ပုံအား ခဏလောက်ကစားပြီးနောက် ဇီယန်မှာ မောပန်းလာသဖြင့် ကျန်းဟန်၏လက်မောင်းပေါ်တွင် မှီကာ ခုန်ပုံပေါ်၌ ခဏလောက် အနားယူသည်။

နှစ်မိနစ်ကြာပြီးနောက် သူတို့ လှေပေါ်သို့ ပြန်တက်လာပြီး ကုန်းပတ်ပေါ်ရှိ လျှောင်းကုလားထိုင်များပေါ်တွင် နေပူဆာလှုံကာ နံပါတစ်အတွက် ဆုရခဲ့သည့် ရမ်မီမာတင်ကို သောက်နေကြသည်။ အလွန်သာယာသည့် ဘဝပင်။

ထိုအချိန်တွင် အပျော်စီးလှေများအားလုံးနီးပါးမှာ အနီးနားတွင်ရှိနေကြပြီး လူများမှာ ကစားနည်းမျိုးစုံကို ကစားနေကြ၏။ အချို့အပျော်စီးလှေများမှာလည်း ဟိုဟိုသည်သည် လျှောက်ပတ်မောင်းနေကြသည်။

၁၀ မီတာကျော်အကွာရှိ ရွက်လှေပေါ်၌.

ကျန့်ချန်ယုနှင့် ဟွမ်ဝမ်တို့သည် ခုန်ပျံကစားနေကြသည်။

သူတို့သည် အားရပါးရ ခုန်ပေါက်နေကြ၏။

"ရား..."

"ဝူး..."

“ဝိုး…”

သူတို့အော်ဟစ်ခုန်ပေါက်နေကြပုံမှာ ဤကဲ့သို့ တစ်ခါမှ မခံစားဖူးကြသလိုပင်။

သို့သော် တစ်ဖက်ရှိ စုံတွဲမှာ ယခုလေးတင် ရယ်မောပျော်ရွှင်စွာကစားနေခဲ့ကြသည်ကို သူတို့တွေ့ခဲ့ရ၏။

သို့သော်… သူတို့နေရာတွင်တော့ ခဏလောက် ပျော်ရွှင်ပြီးနောက်တွင် ကျန့်ချန်ယုမှာ ဟွမ်ဝမ်၏ ပြောင်လက်လက်ခေါင်းကိုကြည့်ရင်း တစ်ဖက်ရှိ အရပ်ရှည်ရှည်အမျိုးသမီးကိုကြည့်သည်။ သူသည် ရုတ်တရက် အလွန်ငြီးငွေ့လာ၏။

နှိုင်းယှဉ်မှုမရှိလျှင် ထိခိုက်မှုမရှိပေ။

ဇီယန်ကဲ့သို့ ရင်သပ်ရှုမောဖွယ်မိန်းမလှလေးကို မြင်လိုက်ရပြီးနောက်တွင် သူသည် သူမရှိရာသို့ လှမ်းမကြည့်ဘဲ မနေနိုင်တော့ချေ။ သူ့ကိုယ်သူ

မထိန်းချုပ်နိုင်တော့ဘဲ ဤနေရာတွင်ပင် ပျော်အောင် မနေနိုင်ဖြစ်စေသည်။

မိနစ်အနည်းငယ်ခုန်ပြီးနောက် အပျော်စီးလှေသို့ ပြန်သွားကာ အအေးများသောက်လိုက်ကြသည်။

"သူတို့ ဟိုမှာ ဘာလုပ်နေကြတာလဲ"

"ငါအရမ်းစပ်စုချင်နေပြီ"

"ဟူး သနားစရာကောင်းလိုက်တာ။ ဘာလို့ ဒီလောက်လှတဲ့မိန်းကလေးကို အရင်က တစ်ခါမှမတွေ့ဖူးတာလဲ။ သူမက အရမ်းအရမ်းကိုလှတယ်။ ငါတော့ သူမကို ချစ်မိသွားပြီ" ကျန့်ချန်ယုက ဝမ်းနည်းစွာပြောသည်။

မိန်းမတစ်ယောက်နှင့်ပတ်သက်သည့်သူ၏ ခံစားချက်များကို လျစ်လျူရှုထားရန် ကြိုးစားနေသော်လည်း

သူ၏အတွင်းစိတ်ထဲတွင်တော့ အလွန်စိတ်ခါတက်ကျနေခဲ့သည်။

ဒီလိုလှပတဲ့ စင်ဂယ်မိန်းကလေးတစ်ယောက်ကို ဘာကြောင့် မဆုံနိုင်ရတာလဲ

ဟူး စိတ်မကောင်းစရာပဲကွာ...

အလွန်ကောင်းမွန်သည့်ဂေါ်ဖီထုပ်အား ဝက်တစ်ကောင်က ဖြုန်းတီးပစ်သည်ဟု သူဆိုချင်ပါသော်လည်း သူမ၏ဘဲက သူထက်အများကြီးသာသည်ကို မှန်ထဲမှာပင် သွားကြည့်နေစရာမလိုချေ။

သူသည် ဝက်တစ်ကောင်လောက်ပင် မကောင်းဟု ဝန်ခံရမည်လော။

ကျန့်ချန်ယု၏စကားကိုကြားပြီးနောက် ဟွမ်ဝမ်က ခေါင်းညိတ်ကာ သဘောတူလိုက်သည်။

"ဒီလောက်လှတဲ့မိန်းကလေးကို ငါလည်း အစွဲဆောင်ခံလိုက်ရတယ်"

"ဒါဆိုဘာလို့ မင်း သူ့ကိုမလိုက်တာလဲ အစ်ကိုဝမ်" ဆံပင်တိုတိုနှင့်လူက ရယ်မောကာမေးသည်။

"ထားလိုက်ပါကွဦး။ အဲဒီလူချောလေးမှာ ထူးခြားတဲ့စိတ်နေစိတ်ထားရှိတယ်လို့ ငါခံစားရတယ်။ သူက သာမန်လူမဟုတ်ဘူး။ ပြီးခဲ့တဲ့လက ငါ မိသားစုကို ပြဿနာတွေအများကြီးပေးပြီးပြီ။ ဒီတစ်ခါ ထပ်ရှုပ်ရင် အဖေက ငါ့ကို သေချာပေါက် ရိုက်နှက်တော့မှာ" ဟွမ်ဝမ်က အကြိမ်ကြိမ် ခေါင်းယမ်းသည်။

"အာ... အစ်ကိုဝမ် မင်း အရင်လက ပြဿနာဖြစ်ခဲ့သေးတာလား။ ဘာဖြစ်တာလဲ" နောက်ထပ် ခရမ်းရောင်ဆံပင်နှင့်လူက မေးသည်။

ယေဘူယျအားဖြင့် ခရမ်းရောင်ဆံပင်ဖြင့် မည်သူမျှ ကြည့်ကောင်းခြင်းမရှိချေ။ ထိုလူမှာ သူလုပ်ချင်ရာကို

ဖွတ်လုပ်တတ်သည့်လူမှန်း သိသာပေသည်။ သူ၏အသားရေမှာ နက်မှောင်နေပြီး ဆံပင်က ခရမ်းရောင်ဖြစ်နေ၏။ ဤသည်က အလွန်ထူးဆန်းကာ မလိုက်ဖက်လွန်းသည့် ပေါင်းစပ်မှုဖြစ်သည်။

"ဟူး… ငါ ဘားမှာအရက်သောက်ပြီးတော့ တခြားတစ်ကောင်နဲ့ ရန်ဖြစ်ခဲ့တာ။ ရန်ပွဲမှာတော့ ငါနိုင်ခဲ့တယ်။ ပြီးမှ အဲဒီကောင်က နောက်ခံရှိတဲ့သူဆိုတာ သိခဲ့တာ။ သူက လုန်ချန်ခရိုင်က အကောင်ကြီးတစ်ကောင်ရဲ့ တူဖြစ်နေတယ်လေ။ ငါ့အဖေက သူ့အဆက်အသွယ်တွေကိုသုံးပြီး ပိုက်ဆံအများကြီးအကုန်ခံဖြေရှင်းခဲ့လို့ပေါ့။ အဲဒါကြောင့်သာ ဒီရက်ပိုင်း ငါကောင်းကောင်းနေနိုင်တာ" ဟွမ်ဝမ်က သက်ပြင်းချသည်။

"ဘာ"

ထိုအချိန်တွင် ကျန့်ချန်ယုသည် ရုတ်တရက် ထထိုင်လိုက်၏။ သူသည် ကျန်းဟန်၏အပျော်စီးလှေဆီသို့ကြည့်ကာ ပြောသည်။ “ကြည့်ရတာ သူတို့ နောက်ထပ်ကစားနည်းတစ်ခု ကစားတော့မယ်ထင်တယ်။ အဲဒါဘာလဲ။ ငှက်ပျောလှေပဲ။ ငါလည်း သွားမယ်။ နည်းပြ ငှက်ပျော်လှေမြန်မြန်လေးပြင်ပေး။ ကျုပ် သူတို့နဲ့ သွားပျော်မယ်”

ကျန့်ချန်ယုသည် အနီးအနားရှိစုံတွဲကို အလွန်စိတ်ဝင်စားနေခဲ့သည်။ သူသည် ဘာကြောင့်မှန်းမသိ သူတို့နှင့်အတူတူ လိုက်၍ ကစားချင်နေ၏။ သူတို့ကိုကြည့်ရသည်မှာ အလွန်ပျော်ဖို့ကောင်းသည်။

သူတို့က သူနှင့်အတူတူလာပျော်ရန် ဆန္ဒမရှိကြ။

ကောင်းပြီလေ မင်းတို့က ငါ့ဆီလာမကစားချင်မှတော့…

ငါမင်းတို့ဆီ လာကစားမယ်…

ပျော်ရွှင်ရန်စိတ်ကူးဖြင့် ကျန့်ချန်ယုမှာ သူတို့နှင့်အတူ ပူပေါင်းရန် ရွေးချယ်ခဲ့သည်။

သူပြောပြီးသည်နှင့် ဟွမ်ဝမ်က သံယောင်လိုက်သည်။ “ငါလည်း လိုက်မယ်လေ”

“ဒါဆို မင်းလည်း မိန်းကလေးတစ်ယောက်ရွေးလိုက်။ ငါတို့ လေးယောက် ငှက်ပျောလှေပေါ်မှ ထိုင်ကြမယ်” ကျန့်ချန်ယုက ဆိုသည်။

ငှက်ပျောလှေသည် ပင်လယ်ပြင်ရှိ အပန်းဖြေပစ္စည်းတစ်ခုဖြစ်သည်။ လှေအား မော်တော်ဘုတ်ဖြင့် မောင်းနှင်ပြီး လူများကို ပင်လယ်ပြင်၌ လှည့်ပတ်မျောရွှေ့နေသည့်ခံစားချက်ကို ရရှိစေသည်။

ယေဘူယျအားဖြင့် လှေတစ်စင်းတွင် လူ ၃ ယောက် ၄ ယောက်ပါဝင်သည်။ ထို့ပြင် ၎င်းက အန္တရာယ်မရှိသည့်အပြင် အများအားဖြင့် ကလေးများနှစ်သက်ကြသည်။ ငှက်ပျောလှေဟုခေါ်ရခြင်းမှာ လှေ၏ပုံသဏ္ဍာန်က

ငှက်ပျောသီးနှင့် အလွန်တူသောကြောင့်ပင်။ ၎င်းသည် ငှက်ပျော်သီးနှင့်တူသည့် ရုပ်ပြေးယာဉ်ဖြစ်သည်။

ခဏအကြာတွင် ကျန်းဟန်၏ငှက်ပျောလှေမှာ အဆင်သင့်ဖြစ်သွားသည်။

ဇီယန်သည် ရှေ့တွင်ထိုင်နေပြီး ကျန်းဟန်က နောက်တွင်ထိုင်ကာ သူမ၏ခါးကို ဖက်ထား၏။

"စတော့မယ်"

နည်းပြက ရှေ့တွင် မော်တော်ဘုတ်ကို မောင်းနှင်ရန်ပြင်ဆင်ပြီး မစခင် နောက်သို့ လက်ဖော့ယမ်းပြသည်။

"သွားကြစို့" ဇီယန်က ကျယ်လောင်စွာ တုံ့ပြန်လိုက်သည်။

ဘွန်း...ဘွန်း...ဘွန်း...

မော်တော်ဘုတ်မှာ စတင်ရွေ့လျားလာပြီး မြန်သည်ထက်မြန်လာ၏။

၎င်းနောက်ရှိငှက်ပျောလှေအတွက် လှိုင်းလုံးများဖန်တီးပေးပြီး လှိုင်းစီးရသည့်ခံစားချက်ကို ပေးသည်။

ထိုအချိန်တွင် ကျန့်ချန်ယုနှင့် အခြားသူများမှာ အသက်ကယ်အင်္ကျီများဝတ်ကာ ငှက်ပျောလှေပေါ်တက်ကြသည်။ ကျန်းဟန် ထွက်သွားသည်ကိုမြင်သည့်အခါ ကျန့်ချန်ယုက အလောတကြီးအော်သည်။ "မြန်မြန် မြန်မြန်လိုက်"

ဘွန်း....

သူတို့ အရှိန်မြှင့်လိုက်သော်လည်း ကျန်းဟန်၏နည်းပြက ၎င်းကိုမြင်ပြီးနောက် အရှိန်လျှော့လိုက်သည်။

ထိုနောက် ကျန့်ချန်ယုနှင့် အခြားသူများ တဖြည်းဖြည်း မှီလာကြသည်။

သူတို့ မှီကာနီးတွင် ကျန့်ချန်ယုနှင့် ဟွမ်ဝမ်က လှမ်းအော်သည်။

"အိုး သူတို့ နောက်တစ်ခါလိုက်လာကြပြန်ပြီ" ဇီယန်မှာ နောက်သို့ ခေါင်းလှည့်ကာ အော်ပြောသည်။ "မြန်မြန်"

သူမသည် လေ့လော့ပြိုင်ပွဲဝင်နေဆဲဖြစ်ပုံရသည်။ သူမ၏အလွန်ချစ်စရာကောင်းသည့် ပုံစံကြောင့် ကျန်းဟန်မှာ အကြိမ်ကြိမ် ရယ်မောနေရသည်။

သို့သော် နည်းပြ၏တမင်အရှိန်လျှော့မှုကြောင့် ကျန့်ချန်ယုနှင့်အခြားသူများမှာ ကျန်းဟန်နှင့် ဇီယန်တို့အား လျင်မြန်စွာ မှီလာပြီး ဘေးချင်းယှဉ်ကာ မောင်းနှင်နေကြသည်။ သူတို့မှာ ငါးမီတာ ခြောက်မီတာခန့် ခြားထားကြ၏။

"ဝိုး"...ကျန့်ချန်ယုက ကျန်းဟန်နှင့် ဇီယန်ကို ကြည့်ကာ အော်ဟစ်သည်။ "ငါက လျှပ်စစ်မော်တာလေးပဲ"

"ယား..." ဟွမ်ဝမ်လည်း အော်ဟစ်လိုက်သည်။ သို့သော် သူက ပို၍ ကျယ်၏။ သူသည် သူ၏တောက်ပြောင်နေသည့်ခေါင်းကို ညာလက်ဖြင့်ပုတ်ကာ အော်သည်။ "ငါက ရောင်ပြန်ဟပ်တဲ့နေပဲ။ သွားကြစို့"

"ဝိုး...ကျွန်မက ပျံသန်းနေတဲ့ နတ်သမီးလေးပဲ"

ကျန်းဟန် အံ့သြသွားသည်က ဇီယန်လည်း လိုက်၍ အော်ဟစ်လိုက်သည်ကိုပင်။ သူမသည် အများအားဖြင့် သီးသန့်နေတတ်ပြီး တိတ်ဆိတ်နေသော်လည်း ယခုတော့ အလွန်စိတ်လှုပ်ရှားနေပုံရသည်။

၎င်းကိုမြင်သည့်အခါ ကျန်းဟန်လည်း သူမနောက်မှလိုက်ပါပေးသည်။ သူက အကြိမ်အနည်းငယ် ရယ်မောလိုက်ပြီး ပြောသည်။ "ကိုယ်က နတ်သမီးလေးရဲ့နောက်လိုက်ပဲ"

"ခွိ...ဟားဟား..."

ဇီယန်မှာ အူလိုက်သည်းလိုက်ရယ်မောလိုက်ပြီး ရှေ့မှနည်းပြကို အော်ပြောသည်။ "မြန်မြန် မြန်မြန် ကျွန်မတို့ သူတို့ကို ကျော်တက်ရမယ်"

"သွား သွား သွား" ကျန့်ချန်ယုကလည်း အော်သည်။

ရှေ့မော်တော်ဘုတ်ပေါ်ရှိ နည်းပြနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ဘွန်း...

နှစ်ယောက်သားတစ်ပြိုင်နက် အရှိန်မြှင့်လိုက်ကြသည်။ သူတို့သည် အတူတူပူးပေါင်းဆောင်ရွက်ကြ၏။

ဘယ်ညာအဆက်မပြတ် ရွေ့လျားနေကြပြီး ဆန်းကြယ်သည့် လှုပ်ရှားမှုများ ပြုလုပ်ကြ၏။ သူတို့နောက်သို့ ကြည့်လိုက်မည်ဆိုပါက အမြီးကိုခါယမ်းနေသည့် နဂါးတစ်ကောင်ကဲ့သို့ပင်။

ငှက်ပျောလှေများသည် ကွေ့ပတ်ကာ အမြန်မောင်းနေကြ၏။

သူတို့ အတန်ကြာကစားပြီးနောက် အပျော်စီးလှေနားသို့ ပြန်လာကြ၏။ ဤကစားနည်းကို ကစားပြီးနောက် အခြားကစားနည်းများကို ဆက်၍ ကစားကြသည်။

ထိုနောက် သူတို့အနားယူရန် အပျော်စီးလှေသို့ ပြန်သွားကြ၏။

“ဟူး…ကျွန်မ ဒီလိုမျိုး မကစားရတာ ကြာပြီ” ဇီယန်က လျှောင်းကုလားထိုင်ပေါ်ပြန်လှဲကာ အအေးသောက်ပြီးနောက် ပြောသည်။

“ဒါဆို ကိုယ်တို့ မကြာခဏ အပြင်ထွက်ကစားကြတာပေါ့” ကျန်းဟန်က သူ၏လက်ကိုဆန့်ကာ ဇီယန်၏ဖြူဖွေးနူးညံ့သည့် မျက်နှာလေးကို ထိလိုက်သည်။

"အင်း" ဇီယန်က နာခံစွာဖြင့် ခေါင်းညိတ်သည်။

သူမသည်လည်း ပျော်ရွှင်ရသည်ကို နှစ်သက်သော်လည်း မုန့်မုန့်နှင့်အတူရှိခဲ့သည့် ပြီးခဲ့သည့်နှစ်များအတွင်း သူမ လျှောက်သွားကစားရန် အတွေးကို အဆက်မပြတ်ဖိနှိပ်ခဲ့ရသည်။ ယခု ကျန်းဟန်နှင့်အတူရှိချိန်၌ သူမ၏နှလုံးသားထဲမှ အတွေးများ တဖြည်းဖြည်း အသက်ဝင်လာခဲ့သည်။ မုန်ပေသည် ပျော်ရွှင်စရာကစားနည်းများစွာကို လူတိုင်းစိတ်ဝင်စားကြသည်။ သူမသာ မပျော်ရွှင်ပါက အားလုံးက သူမကို ပျင်းရိစေလိမ့်မည်။

"ဟိုင်း"

ထိုအချိန်တွင် သူတို့နှင့်မနီးမဝေးရှိ ကျန့်ချန်ယုက ရုတ်တရက် အော်ပြောသည်။ "ငါတို့ လှိုင်းသွားစီးမလို့။ ငါတို့နဲ့လိုက်မလား"

"ဟမ် လှိုင်းစီးတာလား" ဇီယန်၏မျက်လုံးများမှာ တလက်လက်ဖြင့်လာပြီး သူမ ရေရွတ်လိုက်သည်။ "အရမ်းစိတ်လှုပ်ရှားဖို့ကောင်းမယ့်ပုံပဲ"

"မင်း ကစားချင်လား" ကျန်းဟန်က ပြုံးကာ မေးသည်။

"ကျွန်မ…ကျွန်မ..ကစားချင်တယ်။ ဒါပေမယ့် ကြောက်တယ်" ဇီယန် နှုတ်ခမ်းများကို ကိုက်ကာ ပြန်ဖြေသည်။

"မစိုးရိမ်ပါနဲ့ ကိုယ်ရှိတယ်" ကျန်းဟန်က ပြုံးကာ ခေါင်းယမ်းသည်။

ရေလွှာလှိုင်းစီးခြင်းသည် လှိုင်းလုံးများ၏အားဖြင့် ကစားရသည့် ပြင်းထန်သည့်အားကစားနည်းတစ်ခုဖြစ်သည်။ ရေလွှာလျှောစီးသူများသည် သင့်လျော်သည့် လှိုင်းလုံးများရှိသည့်နေရာတွင်လဲအိပ်ကာ သို့မဟုတ် လှိုင်းစီးဘုတ်ပေါ်တွင်ထိုင်ကာ ကစားကြသည်။ သင့်တင့်သည့် လှိုင်းလုံးများ နီးကပ်လာသည့်အခါ

ရေလွှာလျှောစီးသူများသည် ဘုတ်၏ဦးတည်ရာကို ထိန်းညှိကာ ထိုပေါ်တွင် လှဲလျောင်းကြသည်။ ရေသည်သည် လှိုင်းများ၏ဆွဲငင်အားအောက်၌ သတ်မှတ်ထားသည့်အရှိန်ဖြင့် ရွေ့လျားနေချိန်တွင် ရေလွှာလျှောစီးသူက မတ်တပ်ရပ်ကာ လျှောစီးဘုတ်၏ဦးတည်ရာကို ထိန်းချုပ်နိုင်သည်။

လှိုင်းစီးခြင်းသည် လူများအား သူတို့၏ပြဿနာများကို မေ့လျော့စေပြီး လှိုင်းလုံးများအတိုင်း စီးမြောလိုက်ပါ၍ စိတ်လှုပ်ရှားစရာများကို တွေ့ကြုံခံစားစေနိုင်သည်။ ထို့ကြောင့် လှိုင်းလုံးများနှင့်အတူ ပြီးပြည့်စုံသည့် ရေလွှာလျှောစီးခြင်းအတွက် ကမ္ဘာတစ်ဝှမ်းတွင် လှိုင်းစီးနေရာများကို နေ့စဉ်ရှာဖွေနေကြသည်။

တစ်ချိန်တည်းမှာပင် ၎င်းသည် အန္တရာယ်ရှိသည့် အားကစားတစ်ခုလည်းဖြစ်ပေသည်။ အချို့ ကြီးမားသည့် လှိုင်းလုံးကြီးများက လူများကို တုန်လှုပ်စေပြီး ပင်လယ်ထဲသို့

နှစ်မြုပ်သွားစေနိုင်သည်။ ရေဖိအားအလွန်မြင့်ပါက နားစည်များကို ကျိုးပျက်သွားစေနိုင်၏။

လှိုင်းစီးရန်အတွက် လှိုင်းအမြင့်သည် ယေဘူယျအားဖြင့် မီတာ၀က်မှ တစ်မီတာအထိရှိသည်။ မီတာများစွာမြင့်သော လှိုင်းများမှာ အလွန်အားပြင်း၏။ ထိပ်တန်းအားကစားရှစ်မျိုးထဲမှတစ်ခုအဖြစ် ပြင်းထန်သည့်လှိုင်းစီးခြင်းကို ခေါ်နိုင်သည်။

သို့သော် ကျန်းဟန်၏အမြင်တွင်တော့ ဤနေရာတွင် လှိုင်းစီးရခြင်းက ကိတ်မုန့်စားသလောက်သာဖြစ်ကြောင်းပြောလျှင် လွန်မည်မထင်။

သူတို့နှစ်ယောက် စကားမပြောခင်တွင် ကျန်းဟန်၏လက်ပတ်က အကြိမ်အနည်းငယ် တုန်ခါသွားသည်။

သူတို့ စကားအနည်းငယ်ပြောပြီးနောက်တွင် နည်းပြတက်လာသည်။ "ဆရာ ရေနက်ပင်လယ်ကွေ့ရဲ့အပြင်ဘက် ကမ်းနားမှာ လေနဲ့ လှိုင်းတွေ ပေါ်လာလိမ့်မယ်။ လှိုင်းစီးဖို့အတွက် သင့်တော်တယ်။ သွားကြည့်ချင်လား"

"သွားကြရအောင်" ကျန်းဟန်က လက်ကို ပေါ့ပေါ့ပါးပါး ဝှေ့ယမ်းလိုက်သည်။

"ကောင်းပါပြီ" နည်းပြကာ ခေါင်းညိတ်ကာ ကျန်းဟန်အား ထူးဆန်းစွာကြည့်သည်။

သူက လှိုင်းတောင်စီးနိုင်တာလား။

၎င်းက သေချာသည့်စွမ်းရည်များ လိုအပ်ပေသည်။ အချို့လူများမှာ ထိုရေသို့ လှိုင်းစီးရန်သွားခြင်းမဟုတ်ဘဲ အခြားသူများအား ကြည့်ရှုရန် သို့မဟုတ် လှိုင်းလုံးသေးများကို တွေ့ကြုံခံစားရန် သွားကြသည်။

နည်းပြက ဘာမှမမေးတော့ဘဲ လှေအား ဦးတည်ရာသို့ သွားရန် အခြားသူများကို ပြောလိုက်၏။

ထိုနောက် အပျော်စီးလှေတစ်ဒါဇင်ကျော်သည် ထိုနေရာမှ ထွက်ခွာလာခဲ့သည်။

နာရီဝက်ကျော်ကြာပြီးနောက် သူတို့သည် ရေနက်ပင်လယ်ကွေ့မှ ထွက်လာပြီး သမုဒ္ဒရာပန်းခြံ၏တောင်ဘက် သိပ်မဝေးသည့် ကမ်းနားသို့ ရောက်လာသည်။

ဤနေရာတွင် အပျော်စီးလှေတစ်ဒါစင်ကျော်ရှိပြီး အချို့သောရေလွှာလျှောစီးသူများမှာ အဆင်သင့်ဖြစ်နေကြပေပြီ။

လှေကိုရပ်လိုက်ပြီးနောက် ကျန့်ချန်ယုက သူတို့အား လှမ်းအော်သည်။ “မင်းတို့ အခု လှိုင်းစီးနိုင်သေးလား”

ပြောနေရင်းဖြင့် သူ၊ ဟွမ်ဝမ်နှင့် အခြားနှစ်ယောက်သည် ရေလွှာလျှောစီးဘုတ်များကိုထုတ်ကာ စတင်ရန် ပြင်ဆင်နေကြသည်။

“ကျွန်မတို့ စီးနိုင်တာပေါ့”

ကျန်းဟန်က အရည်အချင်းရှိပြီး သူနဲ့အတူသာဆိုလျှင် လုပ်နိုင်မည်ဟု သိထားသည့်အတွက် ဇီယန်က ယုံကြည်မှုအပြည့်ဖြင့် ပြန်ပြောသည်။

ထို့ကြောင့် သူမက လက်ပြကာ နည်းပြအား ခေါ်လိုက်ပြီး ပြောသည်။ “လျှောစီးဘုတ်ယူလာခဲ့ပါ။ ကျွန်မတို့ သူတို့နဲ့အတူပါမယ်”

“ခဏစောင့်ရအောင်။ အခု လှိုင်းလုံးတွေက အရမ်းသေးတယ်” ကျန်းဟန်က ခေါင်းကိုအနည်းငယ် ခါယမ်းကာ ပြောသည်။

"အင်း ဒါဆို နောက်မှသွားကြမယ်" ဇီယန်က နာခံစွာဖြင့်ပင် ခေါင်းညိတ်၏။

"လှိုင်းလုံးတွေက...သေးနေသေးတာလား"

ဇီယန်မှာ နားမလည်သော်လည်း နည်းပြကတော့ ကောင်းကောင်းနားလည်သည်။ သူအနည်းငယ် အံ့သြသွားပြီး ကျန်းဟန်အား ကြည့်ကာ ပြောသည်။ "လှိုင်းတွေက မသေးပါဘူး။ အခု ၁.၃ မီတာ အမြင့်ရှိနေပြီ။ ခဏလောက်တော့ စီးလို့ရတယ်။ လေကြောင်းအရ နောက်လှိုင်းလုံးတွေမကုန်မချင်း စီးလို့ရမှာမဟုတ်ဘူး"

-အခန်း(၃၁၁) ပြီး

wunzinnosp

## အခန်း (၃၁၂ - က) အလွန်ကောင်းမွန်သည့်ခံစားချက်

"အဆင်ပြေပါတယ်" ကျန်းဟန်က ခေါင်းယမ်းကာ ပြောသည်။ "လျှောစီးဘုတ်ကိုသွားပြင်လိုက်ပါ။ သွားဖို့အဆင်သင့်ဖြစ်ရင် ကျုပ်ခေါ်လိုက်မယ်"

"အဲဒါက... ကောင်းပါပြီ" နည်းပြက ခေါင်းညိတ်ကာ ရေလွှာလျှောစီးဘုတ်ပြင်ဆင်ရန် ထွက်သွားသည်။

အပူချိန်နှင့် လေလမ်းကြောင်းသည် များသောအားဖြင့် လှိုင်းစီးသူများအတွက် သင့်တော်သည်။ အထူးသဖြင့် အတွေ့အကြုံမရှိသေးသည့်သူများအတွက်ပင်။ များသောအားဖြင့် လှိုင်းအမြင့်မှာ ၁.၅ မီတာထက် မပိုချေ။

သို့သော် ယနေ့တွင် ရေပြင်အခြေအနေက လှိုင်းလုံးကြီးမည်ဟု ညွှန်ပြနေသဖြင့် လူများ ပို၍ ပျော်ရွှင်နေကြသည်။ ပုံမှန်အားဖြင့် အပျော်စီးလှေ ၁၀ စီးခန့်သာရှိသည်။ ယခုတော့ အစီး ၃၀ နီးပါးရှိနေလေ၏။ သိသာစွာပင် ယနေ့ ဝါရင့်ကျွမ်းကျင်သူများ

အများအပြားရှိနေပေသည်။ သူတို့အားလုံးမှာ ထိုသို့ပို၍ကြီးမားသည့် လှိုင်းလုံးများကို စောင့်ဆိုင်းနေကြသည်.

သို့သော် သမုဒ္ဒရာမှာ အမြဲတမ်းအတက်အကျရှိနေသဖြင့် လှိုင်းမည်မျှမြင့်မည်ကို အတိအကျခန့်မှန်းရန်မှာ မဖြစ်နိုင်ချေ။

နည်းပြသည် ပြင်ဆင်ရန်ဆင်းလာစဉ် အတန်သင့်ကြီးမားသော အပျော်စီးလှေတစ်စီးကို တွေ့လိုက်ရသည်။ လှေပေါ်တွင် လူ ၂၀ နီးပါးရှိ၏။

သူသေချာစူးစိုက်ကြည့်လိုက်သည့်အခါ အချို့သောပုံရိပ်များကိုမြင်လိုက်ရပြီး အံ့သြစွာရေရွတ်လိုက်မိသည်။

"အဲဒါ လုကျိုးကွမ်းမလား။ သူလည်း ဒီနေ့ ရောက်လာတာလား။ ဟမ် ဖန်းရီလဲ့၊ ယွဲ့တ... အိုး တောင်ပိုင်းကျွန်းရဲ့

ရေလွှာလျှောစီးကျွမ်းကျင်သူတွေအကုန်လုံး ဒီကိုရောက်နေတာပဲ”

သူပြောခဲ့သည့်လူများမှာ ဤနယ်ပယ်တွင် ထူးချွန်သည့် ကစားသူများဖြစ်ကြသည်။ သူတို့သည် ရေလွှာလျှောစီးလာသည်မှာ ခြောက်နှစ် ခုနှစ်နှစ်ခန့်ရှိပြီဖြစ်သည်။

“လခွမ်း အဲဒါ ဒေးဗစ်မဟုတ်လား။ သူလည်း ရောက်နေတာလား”

ဒေးဗစ်၏နာမည်အပြည့်အစုံမှာ ဒေးဗစ်ကားဖြစ်သည်။ သူသည် နာမည်ကြီး အမေရိကန်ရေလွှာလျှောစီးချန်ပီယံဖြစ်ပြီး ၁၅ မီတာရှိသည့် လှိုင်းလုံးကြီးကို ကျော်ဖြတ်နိုင်ခဲ့သူဖြစ်သည်။

ယနေ့ ဒေးဗစ်လာလိမ့်မည်ဟု နည်းပြ မမျှော်လင့်ထားချေ။ ဤလှိုင်းလုံးများမှာ ဒေးဗစ်အတွက် ကိတ်မုန့်စားသလောက်သာရှိကြောင်း သူသိ၏။

နေပါဦး။

ဒေးဗစ်က ဘယ်တုန်းက လှိုင်းလုံးသေးသေးလေးတွေကို လျှော့စီးလို့လဲ။

ဒီနေ့ လှိုင်းလုံးကြီးတွေများ ဖြစ်လာနိုင်သလား။

နည်းပြ မျက်လုံးပြူးသွား၏။ သူသည် ကလပ်၏နည်းပြခေါင်းဆောင်နှင့် စကားပြောရန် ဝေါကီတော်ကီကို ထုတ်လိုက်သည်။

"နည်းပြခေါင်းဆောင်။ ဒေးဗစ်ကား ရောက်နေတယ်။ ဒီနေ့ လှိုင်းလုံးကြီးမှာလား"

သို့သော် တုံ့ပြန်မှုမရှိချေ။

နည်းပြခေါင်းဆောင်သည် ယခုအချိန်၌ ဒေးဗစ်၏လှေပေါ်တွင် ရှိနေသည်။

“ငါးမိနစ်ပဲ ကျန်တော့တယ်။ ဒေးဗစ် ပြင်ဆင်လိုက်ရအောင်။ ဒီတစ်ခေါက် ငါမင်းနဲ့ပြိုင်ချင်တယ်။ ဟားဟားဟား…” ဖန်းရီလဲ့က ဒေးဗစ်အား ပြောသည်။

“ကောင်းပြီလေ” ဒေးဗစ်က ခေါင်းညိတ်ကာ ပြုံးလိုက်သည်။

“ငါ မင်းတို့အတွက် လျှောစီးဘုတ်တွေယူလာပေးမယ်” သူ၏ဘေးနားရှိ နည်းပြခေါင်းဆောင်က ပြောသည်။

ဒေးဗစ်သည် ဤနေရာသို့ အပျော်လာခြင်းဖြစ်ပြီး ဖန်းရီလဲ့၏ ရေလှိုင်းစီးရန် ဖိတ်ခေါ်ခြင်းခံခဲ့ရသည်။

ရေလွှာလျှောစီးမည့် ဝါရင့်လူများအနေဖြင့် အခြားသူများအားလုံးသည်လည်း ရေလွှာလျှောစီးရသည်ကို သဘောကျသူဖြစ်ကြသည်။ ဒေးဗစ်ဤနေရာတွင်ရှိနေသည်ကို ကြားသည့်အခါ သူတို့အားလုံးက ကြည့်ရှုရန် ရောက်ရှိလာကြသည်။

သူတို့အားလုံး ပြင်ဆင်နေပြီဖြစ်သည်။

တစ်ဖက်တွင် ကျန့်ချန်ယုနှင့် အခြားသူများမှာ ရေလှိုင်းစီးနေကြပြီဖြစ်သည်။

"ဝူး..."

ကျန့်ချန်ယုသည် မနီးမဝေးရှိ ကျန်းဟန်နှင့် ဇီယန်တို့အား လှမ်း၍ အော်ဟစ်သည်။ သူတို့ ကုန်းပတ်ပေါ်တွင်ရပ်ကာ ပင်လယ်ပြင်အားကြည့်နေစဉ် သူ၏အရည်အချင်းအား စတင်ပြသသည်။

လှိုင်းလုံးများရောက်လာချိန်တွင် ကျန့်ချန်ယုက သူ၏လှုပ်ရှားမှုများကို စတင်ပြသည်၏။

တစ်ခါတစ်ရံ သူသည် လှိုင်းများ၏ရှေ့တွင်ရပ်နေပြီး တစ်ခါတစ်ရံ ၎င်းတို့အပေါ်တွင် ရပ်နေသည်။ သူသည် အရှိန်ဖြင့် လှိုင်းလုံးပေါ် ခုန်တက်ပြီး နောက်တစ်ကြိမ်

ထပ်ခုန်သည်။ သူ၏လှုပ်ရှားမှုများကို ပြသရန် အကြိမ်ကြိမ် ပြုလုပ်နေ၏။

"ခစ်…သူက တော်တော် အရည်အချင်းရှိတဲ့ပုံပဲ။ ဒီလူက အရမ်းပျော်တတ်တာပဲ။ သူ့မှာ သူငယ်ချင်းတွေ အများကြီးရှိနေတာတောင် အမြဲတမ်း ကျွန်မတို့နဲ့ ကစားချင်နေတယ်" ဇီယန်က ပြုံးသည်။

"ဟူး…" ကျန်းဟန်က သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ" ဇီယန်က သူ့အား လှည့်ကြည့်သည်။

"မင်းက အရမ်းလှပြီး ချစ်စရာကောင်းတယ်။ အနာဂတ်မှာ မင်းကို လူဘယ်လောက်များ လိုက်မလဲဆိုတာ ကိုယ် တွေးကြည့်လို့တောင်မရဘူး" ကျန်းဟန်က ပြောနေရင်း ရယ်လိုက်သည်။

"ကျွန်မက ကျွန်မကလေးရဲ့အဖေကလွဲ၍ တခြားဘယ်သူနဲ့မှ အတူရှိမှာမဟုတ်ဘူး" ဇီယန်က အောက်နှုတ်ခမ်းအား အသာလေးကိုက်ကာ ကျန်းဟန်အား စိုက်ကြည့်၍ပြောသည်။

ဆိုလိုရင်းကား သူနှင့် ကလေးရခဲ့ခြင်းမရှိခဲ့ပါက သူနှင့်လည်း အတူရှိနေမည်မဟုတ်။

ကျန်းဟန် မရယ်ဘဲမနေနိုင်။ သူသည် လက်ကိုဆန့်ကာ ဇီယန်၏ခါးလေးအား တိုက်ရိုက်ဆွဲဖက်လိုက်ပြီး သူမ၏နားနားသို့ကပ်၍ တိုးတိုးလေးပြောသည်။ "မင်းက ကိုယ်နဲ့အတူရှိဖို့ ကံစီမံထားပြီးသားပါ"

"အရှူး" ဇီယန်က သူမ၏ခါးအောက်ပိုင်းကို လိမ်လိုက်ပြီး ကျန်းဟန်အား သူမ၏တင်ပါးလေးဖြင့် အသာလေးတိုက်လိုက်သည်။

အရမ်းဆက်စီကျတယ်။

ၒင်းကိုမြင်သည့်အခါ ကျန်းဟာန်၏မျက်လုံးများ မှေးစင်းသွားပြီး တိုးတိုးလေးပြောလိုက်သည်။ “မင်း ရာသီလာတာပြီးတဲ့နေ့ကို ကိုယ်စောင့်နေတယ်”

အလွန်ပင် ကြမ်းရှလွန်းသည့်စကားလုံးများပင်…

ၒင်းက ဇီယန်အား အို ခနဲဖြစ်သွားစေသည်။

သူမ၏မျက်နှာလေး နီမြန်းသွား၏။ ကျန်းဟာန် ဖက်ထားသည့် သူမ၏ခါးက ပူလောင်လာပြီး သူမ၏ခန္ဓာကိုယ်လည်း တောင့်တင်းလာသလိုခံစားလိုက်ရသည်။

သူမ အနည်းငယ် စိတ်လှုပ်ရှားကာ ရှက်ရွံ့လာသည်။ ထို့ကြောင့် သူမ မခို့တရို့လေး ပြောလိုက်သည်။

“ရှင်…ရှင်..ကျွန်မ…ကျွန်မ မလိုချင်ပါဘူး။ အိပ်မက်မက်နေလိုက်။ ကျွန်မ ရှင့်ကို စစ်ဆေးလို့မပြီးသေးဘူးလေ။ အဲဒါ

အရမ်းစောလွန်းနေသေးတယ်။ ရှင့်က ဇာတိပြချင်နေပြီ။ အနာဂတ်မှာ ဘာတွေဖြစ်မလဲ ဘယ်သူကသိနိုင်မှာလဲ”

“ဆက်ပြောပါ…” ကျန်းဟန်ပြောသည်။

ဇီယန်၏ပါးပြင်မှာ ကြက်သွေးရောင် ပြောင်းလာ၏။

ကံကောင်းစွာဖြင့်ပင် နည်းပြက ရုတ်တရက် တက်လာခဲ့သည်။ “ဆရာ လျှောစီးဘုတ်အဆင်သင့်ဖြစ်ပါပြီ”

ကျန်းဟန်က ခေါင်းညိတ်ကာ ဇီယန်၏လက်ကိုဆွဲ၍ အောက်ဆင်းသွားသည်။

လျှောစီးဘုတ်နှစ်ခုကိုမြင်သည့်အခါ ကျန်းဟန်က ခေါင်းယမ်းကာ ပြောသည်။ “တစ်ခုဆိုရပါပြီ။ ငါ သူမကို ခေါ်သွားမယ်”

“ဆရာ သူမကို အတူခေါ်သွားမှာလား” နည်းပြ၏အသံမှာ ပိုကျယ်လာပြီး သံသယဖြင့် ပြောသည်။ “အဲဒါ…ဖြစ်ပါ့မလား”

“ငါ့ကို မစိုးရိမ်ပါနဲ့” ကျန်းဟန်က ပြတ်သားစွာဆိုသည်။

"အင်း...ဆရာတို့နှစ်ယောက်လုံး ရေကူးတတ်တယ်မလား"

ထိုသို့ပြောပြီးမှ နည်းပြသည် သူ အစိပ္ပာယ်ရှိသည်ကို မေးလိုက်မိမှန်း သတိပြုမိသွားသည်။

ရေမကူးတတ်ပါက မည်သူကမျှ ရေလှိုင်းစီးရဲပါမည်နည်း။ ကျန်းဟန်၏အမူအရာနှင့် လေသံအရ သူသည် ဝါရင့်တစ်ယောက်ဖြစ်ကြောင်း သိသာပေသည်။

၎င်းကို တွေးမိသည့်အခါ နည်းပြက ခေါင်းညိတ်ကာ ပြောသည်။ "ကောင်းပါပြီ။ ကျွန်တော် လုံခြုံရေးကြိုးတွေ ပေးလိုက်ပါမယ်"

ကျန်းဟန်က ခေါင်းညိတ်သည်။

နည်းပြက လက်ထိပ်နှင့်တူသည့် ကြိုးနှစ်ချောင်းကို ယလူလိုက်ပြီး ကျန်းဟန်အား ပေးလိုက်သည်။ "ဒါတွေကို ခါးမှာချည်လိုက်ပါ"

ကျန်းဟန်က သူ့ကိုယ်သူရော ဇီယန်၏ခါးကိုပါ ချည်လိုက်သည်။

သူတို့ လှိုင်းစီးသည့်နေရာသို့ ရောက်ရှိလာကြသည်။

ဒေးဗစ်နှင့် အခြားသူများမှာ အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

လှိုင်းလုံးကြီးများမှာ တစ်စထက်တစ်စ ပို၍ကြီးမားလာ၏။ သုံးမီတာအမြင့်သို့ရောက်လာသည့်အခါ လူအနည်းငယ်မှာ လှိုင်းစီးနေကြဆဲပင်။ ထိုနောက် ခြောက်မီတာ ခုနစ်မီတာမြင့်သည့် လှိုင်းလုံးများ ဝင်ရောက်လာသည်။ နောက်လာမည့်လှိုင်းလုံးများမှာ ရှစ်မီတာခန့်ရှိလိမ့်မည်ဟု ဒေးဗစ်နှင့် အခြားသူများမျှော်လင့်ထားကြသည်။

ကျန့်ချန်ယုနှင့် အခြားသူများမှာ သူတို့လေ့ဆီသို့ ပြန်သွားကြ၏။

"လှိုင်းလုံးကြီးတွေက ပိုပြီးလန်းဆန်းတာပဲ။ ဒါပေမယ့် အဲ့လောက်အကြီးကြီးတွေ ငါကောင်းကောင်းမထိန်းနိုင်ဘူး" ကျန့်ချန်ယုက ခေါင်းယမ်းသည်။

"ဝါရင့်တွေပဲ ဒီလိုမျိုးတွေနဲ့ ကစားရဲတာ။ လူသစ်တွေဆိုရင် သေချာပေါက် ပင်လယ်ထဲနစ်သွားမှာ" ဟွမ်ဝမ်က ပြုံးသည်။ ပင်လယ်ပြင်ပေါ်တွင် နောက်ထပ် ရွေ့လျားနေသည့် လှေျာစီးဘုတ်များကိုမြင်သည့်အခါ သူက အံ့အားသင့်စွာပြောသည်။ "အိုး အဲဒါ ဟိုအတွဲမဟုတ်ဘား။ သူတို့က အခုမှလှိုင်းစီးတော့မလို့ဘား"

"အဲဒါသူတို့ပဲ။ လခွမ်း သူတို့က လှေျာစီးဘုတ်တစ်ခုတည်းစီးတာလား။ အရမ်းမိုက်တယ်" ကျန့်ချန်ယု၏မျက်နှာပေါ်တွင် ဒရာမာဆန်သည့်အမူအရာတစ်ခုပေါ်လာသည်။

"သူတို့ မလုပ်နိုင်ရင် ရေထဲနစ်သွားလိမ့်မယ်။ ဒါပေမယ့် လှိုင်းလုံးတွေကကြီးတော့ အရမ်းအန္တရာယ်များတယ်။ သူတို့ အရမ်းစွန့်စားလွန်းရာမကျဘူးလား" ဟွမ်ဝမ်က မျက်မှောင်ကြုတ်ကာ ပြောသည်။ "မိန်းမလှလေးသာ ထိခိုက်သွားရင် ငါတော့ သူမအတွက် ဝမ်းနည်းနေရမှာ"

"တော်စမ်းပါ။ သူတို့လာရဲမှတော့ သူတို့မှာ အရည်အချင်းရှိလို့ပဲဖြစ်မှာပေါ့" ကျန့်ချန်ယုက ထိုသို့ပြောပြီးနောက် နောက်သို့ ကြည့်လိုက်မိသည်။ "ကြည့်စမ်း။ လှိုင်းလုံးမြင့်ကြီးတွေလာနေပြီ။ ငါ့လခွမ်း အမြင့်က ဆယ်မီတာလောက်ရှိမှာပဲ။ ချီး... အဲဒီလျှောစီးသူတွေက ဘယ်သူတွေလဲ"

ဆယ်မီတာ... သုံးထပ်တိုက်တစ်လုံးထက်ပင်ပို၍မြင့်သည်။ လှိုင်းလုံးမများမှာ ပို၍ကြီးမားသည်။ ၎င်းတို့၏ကြီးမားလွန်းမှုကြောင့် လူများအား ကြောက်လန့်သွားစေသည်။

သိပ်မဝေးလှသည့် အပျော်စီးလှေဆီမှ အသံတစ်ခုထွက်လာသည်။

"လေးစားရပါသော မိတ်ဆွေတို့ခင်ဗျား။ မိတ်ဆွေတို့ကို ရေလွှာလျှောစီးသူတွေနဲ့ မိတ်ဆက်ပေးပါရစေ။ ဘယ်ဘက်ဆုံးကတစ်ယောက်ကတော့ အမေရိကကလာတဲ့ ဒေးဗစ်ကားဖြစ်ပါတယ်။ ဒုတိယကတော့ ရေလွှာလျှောစီးသမား ဖန်းရီလဲ့ပါ။ တတိယကတော့..."

သူပြောပြီးသည်နှင့် အပျော်စီးလှေများထံမှ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ကျန့်ချန်ယုသည်လည်း အနည်းငယ် အံ့သြသွား၏။ သူက ဟွမ်ဝမ်အား ကြည့်ကာ ပြောသည်။ "အဲဒါ အမေရိကန်ရေလွှာလျှောစီးချန်ပီယံ ဒေးဗစ်နဲ့အတူတူပဲမလား။ လခွမ်း အဲဒီစူပါစတားက ဒီကိုရောက်နေတာပဲ"

"တခြားသူတွေကလည်း တောင်ပိုင်းကျွန်းက ရေလွှာလျှောစီးသမားတွေပဲ" ဟွမ်ဝမ်က

ခေါင်းကိုအကြိမ်ကြိမ်ယမ်းကာ ပြောသည်။ "အိုး ငါသိပြီ။ သူတို့က ရေလှိုင်းအကြီးကြီးတွေကို စောင့်နေကြတာကိုး"

လှေပေါ်ရှိ အခြားသူများလည်း အံ့သြသွားကြသည်။

"အဲဒါ အမေရိကန်ချန်ပီယံပဲ။ အရမ်းမိုက်တယ်"

"ဖန်းရီလဲ့က ပြီးခဲ့သည့်အကြိမ်က ကျင်းပခဲ့တဲ့ တောင်ပိုင်းကျွန်းရေနက်ပင်လယ်ကွေ့ကလပ်ပြိုင်ပွဲမှာ ပထမရခဲ့တာကို ငါမှတ်မိတယ်။ သူလည်း အရမ်းတော်တဲ့သူပဲ"

"သူတို့က တကယ့်မာစတာကြီးတွေပဲ။ ဒီနေ့ သူတို့ဘာတွေလုပ်မလဲ ကြည့်ရအောင်"

"သူတို့စတော့မယ်။ အဲဒါက အရမ်းမြင့်တာပဲ။ အရမ်းမိုက်တယ်"

-အခန်း(၃၁၂ - က)ပြီး

wunzinnosp

## အခန်း(၃၁၂ - ခ)

ထိုပရိသတ်များအားလုံး၏ရှေ့၌ ထိုလူများမှာ လှိုင်းလုံးကြီးများပေါ်တွင် လျှောစီးကြလေသည်။

ဒေးဗစ်သည် လှိုင်းစီးခြင်း၏စံသတ်မှတ်ချက်ပုံစံများကို ကျွမ်းကျင်ကြောင်း ပရော်ဖက်ရှင်နယ်အချို့ သတိပြုမိကြသည်။ သူ၏လှုပ်ရှားမှုများမှာ အလွန်ပေါ့ပေါ့ပါးပါးရှိ၏။ လှိုင်းလုံးကြီးများ၏သယ်ဆောင်မှုက သူ့အား ပျော်ရွှင်စေကာ စိတ်လက်သက်သာစေပုံရသည်။

အခြားသူများအနေဖြင့် ဖန်းရီလဲ့သည်တော့ သူ့လောက်မမိုက်ချေ။ သိသာစွာပင် ထိုလှိုင်းလုံးကြီးများက သူ့အတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

သူ၏ဘေးနားရှိ လူနှစ်ယောက်သည်တော့ ဆင်တူပြီး သူတို့၏လှုပ်ရှားမှုများမှာ အနည်းငယ်သတိထားနေကြသည်။

သို့သော် လှိုင်းလုံးများက ပုံသဏ္ဍာန်ပြောင်းလာခဲ့သည်။ သူတို့ မဖြတ်သေးသည့်အတွက် လျှော့စီးသူများအားလုံးမှာ ၎င်းအား ကိုင်တွယ်နိုင်ခဲ့ကြသည်။

လှိုင်းလုံးကြီး၏ဘယ်ဘက်နှင့် ညာဘက်တွင် မော်တော်ဘုတ်နှစ်စင်းရှိသည်။ သူတို့သည် လှိုင်းလုံးများ၏နောက်မှလိုက်ကာ ရေလွှာလျှော့စီးသူများ၏လုံခြုံရေးကို စောင့်ကြပ်နေကြသည်။ တစ်စုံတစ်ယောက် ရေထဲပြုတ်ကျသွားပါက သူတို့ ချက်ချင်းကယ်ဆယ်မည်ဖြစ်သည်။

ထိုအချိန်တွင် ကျန်းဟန်နှင့်ဇီယန်တို့မှာ လှိုင်းစီးသည့်နေရာသို့ ရောက်နေပြီဖြစ်သည်။ သူတို့သည် လှိုင်းလုံးများနှင့်အတူ ပျံသန်းနေသကဲ့သို့ ရွေ့လျားနေသည်။

“ဝိုး”

ဇီယန်သည် အော်ဟစ်လိုက်ပြီး အလွန်စိတ်လှုပ်ရှား၊ စိုးရိမ်၊ ကြောက်လန့်မှုတို့ကို ခံစားလိုက်ရသည်။

လှိုင်းလုံးများ မြင့်တက်လာသည်နှင့်အမျှ ရေတောင်ကြီးမှာ လွန်မြန်စွာ ရွေ့လျားဖြတ်ကျော်သွားသည်။ ရုတ်တရက် လူအများအပြားမှာ ဘေးတိုက်လှိုင်းစီးလာကြသော်လည်း နောက်ဘက်မှ လူနှစ်ယောက်မှာ ကောင်းကောင်းမထိန်းချုပ်နိုင်လိုက်ချေ။ လှိုင်းလုံးများ၏ တွန်းလှန်ခံလိုက်ရပြီး ဟန်ချက်ပျက်ကာ ပင်လယ်ထဲသို့ ပြုတ်ကျသွား၏။

မော်တော်ဘုတ်သည် အရှိန်ဖြင့် မောင်းနှင်လာပြီး ရေထဲကျသွားသူများအား ပြန်ခေါ်လာသည်။

ဒေးဗစ်နှင့်အခြားသူများမှာ လှိုင်းစီးပြီးနောက် သူတို့အပျော်စီးလှေဆီသို ပြန်သွားကြသည်။ သူတို့သည် သဘောဝတရား၏ယဉ်ပါးမှုက အလွန်အံ့သြဖွယ်ကောင်းကြောင်း ပြသခဲ့၏။

ကျန်းဟန်၊ ဇီယန်နှင့် နည်းပြတို့သည် လှိုင်းစီးရေယာမှ ရှစ်မီတာ ကိုးမီတာခန့်ရှိသော လှိုင်းအနည်းငယ်ကို စောင့်ဆိုင်းနေခဲ့ကြသည်။

ရုတ်တရက် အဝေးမှ လှိုင်းလုံးကြီးများ ပေါ်လာသည်။

"ကောင်းပြီ ဒီတစ်ခါ ကိုယ်တို့အလှည့်ပဲ"

ကျန်းဟန်က မျက်လုံးများကိုကျဉ်းမြောင်းကာ ပြောလိုက်၏။ သူသည် လှိုင်းစီးဘုတ်အား အောက်ချလိုက်ပြီး ဇီယန်အား အရင်ဆုံး တက်ခိုင်းလိုက်သည်။ ထိုနောက် သူက ဇီယန်၏နောက်၌ ရပ်ကာ လှိုင်းစီးကွင်းကိုပတ်လိုက်သည်။

ကြိုးနှစ်စသာရှိသဖြင့် ကျန်းဟန်သည် လှိုင်းစီးဘုတ်အား ထိန်းချုပ်ရန် ၎င်းတို့ကိုပတ်ထားသည်။ ဇီယန်သည် လှိုင်းစီဘုတ်ရှေ့၌ ခြေဗလာဖြင့်ရပ်နေရင်း စိတ်ရှုပ်ထွေးစွာဖြင့် သူ့အား လှည့်ကြည့်၏။

"ကျွန်မမှာ တစ်ခုမှမရှိဘူး။ ဘယ်လိုတက်ရမှာလဲ"

"မင်းက အဲဒါတွေမလိုပါဘူး။ ပြီးရင် ကိုယ်မင်းကို ဖက်ထားမှပေါ့" ကျန်းဟန်က ပြုံးကာ ပြောသည်။

"အာ... ရှင်ကျွန်မကို ဖက်ထားမှာလား။ သေချာလို့လား" ဇီယန်က နှုတ်ခမ်းလေးကို ကိုက်လိုက်သည်။

"ဒါပေါ့။ လှိုင်းလုံးတွေလာနေပြီ။ မင်းအရင်ဆုံး စကွက်ထိုင်လိုက်။ တခြားဘာမှလုပ်စရာမလိုဘူး" ကျန်းဟန်က ပြောသည်။

ဇီယန် ထိုင်ချလိုက်ပြီး ကျန်းဟန်လည်း စကွက်ထိုင်ချကာ လှိုင်းလာသည့်အခါ လက်ဖြင့် လှိုင်းစီးဘုတ်ကို လျှောချရန် အသင့်စောင့်နေသည်။

သူတို့နှစ်ယောက် အဆင်သင့်ဖြစ်နေကြပေပြီ။ သူတို့ လှိုင်းများရောက်လာမည်ကို စောင့်ဆိုင်းနေကြသည်။

သူတို့၏ကိုရီးယားပုံစံကို မြင်သည့်အခါ မော်တော်ဘုတ်ပေါ်ရှိ နည်းပြမှာ စိတ်ပူသွားကာ သူ့ဘာသာသူ ရေရွတ်လိုက်၏။

"သူတို့ တကယ်လုပ်နိုင်ပါ့မလား"

"သူတို့ရဲ့အနေအထားတွေကိုကြည့်ပါဦး။ လှိုင်းတွေလာရင် ပြုတ်ကျကုန်မှာတော့ ငါစိုးမိတယ်"

တစ်ဖက်တွင် လူတစ်စုသည် အပျော်စီးလှေများပေါ်မှဆင်းကာ လှိုင်းစီးရန် အဆင်သင့်ဖြစ်နေကြ၏။

လှိုင်းလုံးကြီးများ ကုန်ဆုံးသွားပြီဖြစ်၍ တစ်မီတာခန့်ရှိသည့် လှိုင်းများလာလိမ့်မည်ဟု မျှော်လင့်နေကြသည်။

ကံဆိုးစွာဖြင့်ပင်...

ပင်လယ်ပြင်မှာ တက်ကြွနေခဲ့၏။

"အာ...ဟိုမှာ ကြည့်ဦး။ ငါ့လခွမ်း။ လှိုင်းလုံးအကြီးကြီးတွေပဲ" ကျန့်ချန်ယုသည် လှိုင်းစီးရန်ပြင်နေသည့် ကျန်းဟန်နှင့် ဇီယန်တို့ကို လှမ်းကြည့်နေရင်း ၎င်းတို့နောက်ဘက်မှ ပင်လယ်ရေက ရုတ်တရက် လှုပ်ရှားလာပြီး အလွန်ကြီးမားသည့် လှိုင်းလုံးကြီးများ အရှိန်ပြင်းစွာ တက်လာနေသည်ကို တွေ့လိုက်ရသည်။

"အဲဒါကြီးတွေက ၁၇ မီတာ ၁၈ မီတာလောက်ရှိတယ်ဟ" ဟွမ်ဝမ်၏မျက်လုံးများ ပြူးကျယ်သွားသည်။

"အိုး မဖြစ်ဘူး။ ဟိုစုံတွဲက လှိုင်းစီးတော့မှာပဲ" စိုးရိမ်နေသည့် ကျန့်ချန်ယုသည် ကုန်းပတ်ပေါ်အမြန်ပြေးတက်ကာ ကျန်းဟန်တို့ဆီသို့ ဦးတည်၍ လှမ်းအော်သည်။ "ဟေး ဟေး လှိုင်းလုံးကြီးတွေလာနေပြီ။ သတိထား"

အပျော်စီးလှေပေါ်ရှိလူများပင် ၎င်းကိုမြင်ရသည်။ အားလုံးမှာ ထိတ်လန့်စွာဖြင့် မျက်လုံးပြူးနေကြ၏။

အလွန်ကြီးမားသည့် လှိုင်းလုံးကြီးများမှာ ရုတ်တရက် မည်သည့်နေရာမှ ပေါ်လာမှန်းမသိချေ။

သွားခါနီးလူများပင် ရပ်တန့်ကာ လှိုင်းလုံးများကို တိတ်ဆိတ်စွာဖြင့် ကြည့်နေသည်။

ကျန်းဟန်နှင့် မီတာအနည်းငယ်အကွာတွင်ရှိနေသော နည်းပြသည် တစ်ခုခုမှားနေကြောင်း သတိပြုမိသွားပြီး ထိတ်လန့်စွာဖြင့် နောက်လှည့်ကြည့်သည်။

“ဘုရားရေ။ အရမ်းကြီးလွန်းတယ်”

၁၇ မီတာ ၁၈ မီတာခန့်မြင့်သည်။ ၎င်းသည် အလွန့်အလွန်ကြီးမားလွန်းသည့် လှိုင်းလုံးကြီးများပင်။

သူသိလိုက်သည်နှင့်တပြိုင်နက် ကျန်းဟန်အား အမြန်လှမ်း၍ အော်ပြောသည်။ "ဟေး မြန်မြန်ဆင်းလိုက်။ လျှောစီးဘုတ်ကို မဆင်းနဲ့ဦး။ မလှုပ်နဲ့"

ဤမျှကြီးမားသော လှိုင်းလုံးများကို စီးရန်မှာ အလွန်အန္တရာယ်များ၏။ ထို့ကြောင့် နည်းပြက လျှောစီးဘုတ်အား တစ်နေရာတည်းတွင် ထိန်းထားပြီး လှိုင်းလုံးကြီးများပျောက်ကွယ်သွားမည့်အချိန်ကို စောင့်ရန် အော်ပြောသည်။

ကိုလူချောက သူ၏စကားအား နားမထောင်ဘဲနေလိမ့်မည်ဟု သူ မမျှော်လင့်ထားချေ။ လှိုင်းစီးရန်ပြင်ဆင်ရန် သူ၏လက်များကို ပင်လယ်ထဲသို့ နက်ရှိုင်းစွာ နှစ်လိုက်သည်။

"အိုး မဟုတ်ဘူး"

နည်းပြမှာ အံ့အားသင့်သွား၏။ ဤမျှကြီးမားသည့် လှိုင်းလုံးကြီးများပေါ်၌ သူတို့က လှိုင်းစီးကြမည်လား။

သူ ကြောက်လန့်သွားသည်။ သူတို့သာ ထိခိုက်ဒဏ်ရာရသွားပါက သူတာဝန်ယူရပေလိမ့်မည်။

သို့သော် ယခုအချိန်၌ တစ်ခုခုပြောရန်မှာ နောက်ကျသွားပေပြီ။

တစ်ဖက်တွင် ဒေးဗစ်နှင့် အခြားသူများသည် သူတို့၏လှေပေါ်သို့ ရောက်နေပြီဖြစ်သည်။

“နှမြောစရာပဲ။ ဒီလိုလှိုင်းလုံးကြီးတွေကို ငါလိုချင်တာပဲ” ဒေးဗစ်က အလွန်ကြီးမားသည့် လှိုင်းလုံးကြီးများကို လှမ်းကြည့်သည်။

“ဒီလှိုင်းလုံးတွေက ၁၈ မီတာလောက်ရှိလိမ့်မယ်။ ကမ္ဘာ့စံချိန်က ၂၃.၇ မီတာရှိတာ။ ဒီလိုလှိုင်းများက ကိုင်တွယ်ရခက်တယ်။ ငါသာဆိုရင် ကောင်းကောင်းထိန်းနိုင်မှာ မဟုတ်ဘူး” ဖန်းရီလဲ့က သက်ပြင်းချ၏။

သူ၏နှလုံးသားထဲတွင် ကြီးမားသည့်လှိုင်းလုံးကြီးများကို စီးချင်ပါသော်လည်း ထိုသို့စွမ်းရည်မရှိချေ။

"ဟေး ဘာလဲဟ။ ဟိုနှစ်ယောက် လှိုင်းစီးနေတုန်းပဲလား။ တစ်ယောက်တည်းဆိုရင်တော့ အဆင်ပြေလိမ့်မယ်။ ဒါပေမယ့် သူက တစ်ခြားတစ်ယောက်နဲ့အတူတူ လှိုင်းလုံးကြီးတွေကို စီးမလို့လား။ သူတို့ လာနှောက်နေတာပဲဖြစ်ရမယ်"

လှိုင်းလုံးကြီးများနှင့် မနီးမဝေးတွင်ရှိနေသော ကျန်းဟန်နှင့် ဇီယန်အား ရုတ်တရက် မြင်လိုက်ရပြီးနောက် ဒေးဗစ်မျက်မှောင်ကြုတ်လိုက်သည်။

သူသည် လှိုင်းစီးခြင်းကို သဘောကျနှစ်ခြိုက်သော်လည်း အလွန်ကြီးမားသည့်လှိုင်းလုံးကြီးများကိုတော့ ထိတ်လန့်သည်။ လှိုင်းလုံးကြီးများမှာ လှပသော်လည်း အလွန်အန္တရာယ်ရှိကြောင်း သိရှိ၏။ ထို့ကြောင့် သူသည် လှိုင်းလုံးကြီးတစ်ခုပြီးတစ်ခု အနိုင်ရချင်ခဲ့သည်။

ဤကဲ့သို့သော ကြီးမားသည့်လှိုင်းလုံးဖြင့် ရင်ဆိုင်ရသည့်အခါမျိုးတွင် သူသည်ပင် အထူးဂရုစိုက်ရ၏။ ကြုံရခါခရီးသွားနှစ်ယောက်က ဤမျှရဲတင်းလိမ့်မည်ဟု သူမမျှော်လင့်ထားချေ။ သူတို့သည် လှိုင်းစီးဘုတ်တစ်ခုတည်းဖြင့်ပင် စီးရဲကြသေးသည်။

သူ၏အမြင်တွင် ထိုလူမှာ သာမန်အပျော်တမ်းတစ်ယောက်သာဖြစ်သည်။ လှိုင်းစီးနည်းကို အမှန်တကယ်သိနားလည်ပါက ဤကဲ့သို့အခြေအနေမျိုးတွင် လှိုင်းစီးရန် ရွေးချယ်မည်မဟုတ်ချေ။

သို့သော် နောက်ဆက်တွဲအဖြစ်အပျက်ကို မြင်လိုက်ရသည့်အခါတွင်တော့...

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

ဒေးဗစ် ရေရွတ်လိုက်သည်။

“ငါအခု ဘာကြီးမြင်လိုက်ရတာလဲ” ဖန်းရီလဲ့ကလည်း ရေရွတ်သည်။

လူတိုင်း တုန်လှုပ်သွားကြ၏။ “သောက်ကျိုးနည်း”

...

အလွန်ကြီးမားသည့်လှိုင်းလုံးကြီးကို မြင်လိုက်ရသည့်အခါ လူတိုင်း အလွန်စိုးရိမ်စိတ်လှုပ်ရှားသွားခဲ့ကြသည်။

ကျန်းဟန်လည်း ထိုသို့ပင် ခံစားခဲ့ရ၏။

“ကိုယ်စတော့မယ်” ကျန်းဟန်က ပြောသည်။ သူသည် ရေထဲသို့ လက်နှစ်လိုက်သည့်အခါ လှိုင်းစီးဘုတ်မှာ အားဖြင့် ရှေ့သို့တိုးသွားသည်။

ထိုအခိုက်၌ နည်းပြက လှိုင်းစီးဘုတ်အား မရွေ့ရန် အော်ပြောသည်။ ဇီယန် နောက်လှည့်ကြည့်လိုက်သည့်အခါ သူတို့၏နောက်၌ ခြောက်ထပ်တိုက် ခုနှစ်ထပ်တိုက်ခန့် မြင့်မားသည့် လှိုင်းလုံးကြီးများရှိနေသည်ကို တွေ့လိုက်ရ၏။

"အား..."

ဇီယန် ကြောက်လန့်စွာအော်သည်။

ရုတ်တရက် ကြီးမားလွန်းသည့် လှိုင်းလုံးကြီးများက သူမအား အလွန်စိုးရိမ်ထိတ်လန့်သွားစေ၏။
"အရမ်းကြီးလွန်းတယ်။ ကျန်းဟန် ကျန်းဟန် ကျွန်မတို့ ဘာလုပ်ကြမလဲ။ ကျွန်မတို့ရေနစ်တော့မယ်။ အခု လှိုင်းစီးဘုတ်ကို ရပ်ထားလိုက်တော့"

"ဟားဟားဟား... အဆင်ပြေပါတယ်။ မစိုးရိမ်နဲ့ ကိုယ်ရှိတယ်" ကျန်းဟန်က ဇီယန်၏လက်များကို ဆုပ်ကိုင်ကာ မတ်တပ်ရပ်လိုက်သည်။

ဇီယန်အား သူ၏လက်မောင်းထဲတွင် ပွေ့ဖက်ထားရင် ခြေထောက်များက ခြေထိုးကွင်းကို ဖိလိုက်သည်။ ကြီးမားသောလှိုင်းလုံးကြီးများအကြား၌ သူသည် ဇီယန်၏နှုးညံ့သည့်ပါးပြင်လေးများအား စိမ်ပြေနပြေနမ်းလိုက်၏။

“မင်း ပိုပြီးစိတ်လှုပ်ရှားချင်လား ဒါမှမဟုတ် တည်ငြိမ်ချင်လား” ကျန်းဟန်က မေးသည်။

“အာ... ကျွန်မ...ကျွန်မ...” ဧီယန် ဘာပြန်ပြောရမှန်းမသိချေ။

၎င်းကိုမြင်သည့်အခါ ကျန်းဟန် ရယ်လိုက်သည်။

ကျန်းဟန်၏အပြုံးကိုမြင်လိုက်ရသည့်အခါ ဧီယန်မှာ တဖြည်းဖြည်း စိတ်သက်သာရာရသွားသည်။

ခဏအကြာတွင် ကျန်းဟန်က ဧီယန်၏ခါးကိုဆွဲကာ သူမအား ခေါင်းပေါ်မြှောက်လိုက်သည်။

ဧီယန်၏ကိုယ်အလေးချိန်ကြောင့် သူမအား ခါးနေရာတစ်ခုတည်းမှကိုင်မြှောက်ထားခြင်းက သူမကို မသက်မသာဖြစ်စေနိုင်သည်ကို သတိပြုမိသည့်အခါ ကျန်းဟန်က ညာလက်ကို ဆန့်ထုတ်လိုက်သည်။

ဘီကီနီဝတ်ထားသည့် ဇီယန်၏ဆက်စီကျလှသည့် တင်ပါးလေးများကို သူ ဖိကပ်ထားသည်။ ကြားထဲတွင် အဝတ်တစ်လွှာရှိသော်လည်း ၎င်းကို ခံစားရလေသည်…

ကျန်းဟန် ရုတ်တရက် လည်ချောင်းများ ခြောက်သွေ့လာ၏။

လှိုင်းလုံးကြီးများက တွန်းမလိုက်သည့်အခါ လျှောစီးဘုတ်သည် ဆယ်မီတာနီးပါးမြောက်တက်သွားသည်။

ဇီယန်သည် ဤကဲ့သို့ လှိုင်းစီးရသည်ကို အလွန်စိတ်လှုပ်ရှားနေပေပြီ။ သို့သော် ကျန်းဟန်သည်တော့ ဤမျှလောက် ရိုးရှင်းစွာပျော်ရန် အစီအစဉ်မရှိချေ။

အချိန်ကျတော့မည်။ ကျန်းဟန်သည် သူ၏ခန္ဓာကိုယ်ထဲရှိ စိတ်ဝိညာဉ်စွမ်းအားကို လက်နှင့်ခြေထောက်ထံ လွှဲပြောင်းပေးသည်။

ဧယန်အား ကိုင်မြှောက်ထားသည့် သူ၏လက်များက မလှုပ်ရှားသော်လည်း သူ၏ခြေထောက်များကတော့ ပြင်းထန်စွာ လှုပ်ရှားသွားသည်။

ရုတ်တရက် လှိုင်းစီးဘုတ်တစ်ခုလုံး ပင်လယ်ထဲမြှုပ်သွားပြီး ကျန်းဟန်၏ခန္ဓာကိုယ်သည်လည်း လျင်မြန်စွာ နစ်မြုပ်သွားသည်။

ရေက သူ၏ရင်ဘတ်သို့ ရောက်သည့်အခါ သူသည် စွမ်အား လျှော့ချလိုက်ပြီး လှိုင်းစီးဘုတ်ကို အမြန်ပြန်ပေါ်လာစေသည်။ ရေထဲမှ ပြန်တက်လာခါနီးတွင် နောက်တစ်ကြိမ် အားစိုက်လိုက်ပြန်သည်။

အိုး..

ကျန်းဟန်သည် လှိုင်းစီးဘုတ်ဖြင့် ရေထဲမှ ခုန်ထွက်လိုက်၏။

ထိုနောက် လေထဲတွင် နောက်ပြန်ကျွမ်းထိုးလိုက်သည်။

"အား..."

ဇီယန်သည် အနည်းငယ် စိုးရိမ်စိတ်လှုပ်ရှားစွာဖြင့် အော်ဟစ်လိုက်၏။

ကျန်းဟန်၏ခန္ဓာကိုယ်မှာ ရေပြင်ပေါ်ပြန်ကျသည့်အခါ တစ်ဖန် ရေအောက်ထဲနစ်မြုပ်သွားပြန်သည်။ ထိုနောက် ရေထဲမှပြန်ထွက်ကာ နောက်တစ်ကြိမ် ကျွမ်းထိုးပြန်၏။ သူသည် လင်းပိုင်ကဲ့သို့ ရေထဲတွင် ထပ်ခါထပ်ခါ ဆော့ကစားနေလေသည်။

၎င်းက အခြားသူများကို မျက်လုံးပြူးသွားစေသည်။ ချန်ပီယံဆုရှင် ဒေးဗစ်သည်လည်း အလားတူပင်။

သူသည် ဤကဲ့သို့မျိုးကို ပထမဆုံး တွေ့ဖူးခြင်းပင်။ တစ်စုံတစ်ယောက် ဤကဲ့သို့ လှိုင်းစီးနိုင်လိမ့်မည်ဟု သူစိတ်ကူးပင်မယဉ်ဖူးချေ။

လူအများစုမှာ အထူးပြုလုပ်ချက်များဖြင့်ဖန်တီးထားသည့် ရုပ်ရှင်တစ်ကားအား ကြည့်နေရသလို တွေးမိလာ၏။

သို့သော် ဤသည်က အစစ်အမှန်ဖြစ်သည်။ သူတို့၏မျက်စိရှေ့တွင် အမှန်တကယ်ဖြစ်ပျက်ခဲ့ခြင်းပင်။

"သူ...သူ..သူ့ရဲ့စကေးက ငါ့ထက်အများကြီး ပိုကောင်းတာပဲ။ ဒါက သေချာပေါက် ကမ္ဘာ့အမြင့်ဆုံးအဆင့်ပဲ" ဒေးဗစ်က အနည်းငယ်စိတ်ခါတ်ကျစွာ ရေရွတ်သည်။

ကမ္ဘာပေါ်မှ တတိယမြောက် ဥရောပထိပ်တန်း ရေလွှာလျှောစီးဘုရင်နှင့် တွေ့ဆုံခဲ့သည့်အချိန်က အလွန်လှပသော လှုပ်ရှားမှုများကို တွေ့ခဲ့ရသည်အား သတိရမိသည်။ သူ၏လှုပ်ရှားမှုများမှာ ခက်ခဲသော်လည်း ၎င်းတို့အား လူတစ်ဦးတည်း လုပ်ဆောင်ခဲ့သည်။ ဤလူသည်တော့ သူနှင့်အတူ အမျိုးသမီးတစ်ယောက်ပါ အတူပါရှိလေသည်။

ဤသည်က အလွန်ကြောက်မက်ဖွယ်ကောင်း၏။

၎င်းကိုတွေးရင်း ဒေးဗစ်မှာ သက်ပြင်းလေးကြီး မချပဲမနေနိုင်ချေ။

ဇီယန်သည် ကြောက်လန့်လွန်းသဖြင့် အစပိုင်းတွင် မျက်လုံးများကို တင်းတင်းမှိတ်ထားသည်။ ထိုနောက် သူမ ဖြည်းဖြည်းနှင့်…

အမ်…ငါအဆင်ပြေနေတာလား။

မျက်လုံးများကိုဖွင့်ကာ ပတ်ဝန်းကျင်အား အံ့သြတကြီးကြည့်လိုက်မိ၏။ ကျန်းဟန်၏လှုပ်ရှားမှုများနှင့် နောက်ဘက်ရှိလှိုင်းလုံးကြီးများကိုမြင်သည့်အခါ သူမ စိတ်လှုပ်ရှားစွာဖြင့် စတင်အော်ဟစ်နေတော့သည်။

-အခန်း(၃၁၂ - ခ)ပြီး

wunzinnosp

## အခန်း(၃၁၂ - ၈)

ခဏအကြာတွင် အလွန်ကြီးမားသည့်လှိုင်းလုံးကြီးများက ၎င်းတို့၏အထွတ်အထိပ်သို့ ရောက်ရှိလာပြီး ရုတ်တရက် ရောမရေတံတိုင်းကြီးတစ်ခုက သူတို့အပေါ် ကျဆင်းလာသည်။

"အာ.. လာနေပြီ။ ကျန်းဟန် ကျွန်မကြောက်တယ်" ဇီယန် အော်ဟစ်၏။

ကျန်းဟန်သည် အခြားလှုပ်ရှားမှုများကိုရပ်တန့်လိုက််ပြီး ဇီယန်အား အောက်ပြန်ချကာ သူမ၏မျက်နှာကိုကြည့်လိုက်သည်။ ထိုနောက် သူပြောလိုက်၏။ "ကိုယ့်ကို တင်းတင်းကိုင်ထား"

ဇီယန်၏သွယ်လျသော ခြေထောက်များက ကျန်းဟန်၏ခါးကို တွယ်ချိတ်ထားပြီး သူမ၏လက်များက သူ၏လည်ပင်းအား တင်းကြပ်စွာ

ဖက်တွယ်ရစ်ပတ်ထားသည်။ သူမ အလွန်စိုးရိမ်စွာဖြင့် မျက်လုံးများကို မှိတ်ထား၏။

သူ၏ရှေ့မှ မိန်းမလှလေးကို ကြည့်ရင်း...

ကျန်းဟန် သူမအနားသို့ မတိုးကပ်သွားပဲ မနေနိုင်ချေ။

"အင်း...."

သူတို့နှစ်ဦးသည် လှိုင်းစီးနေရင်းဖြင့် ပြင်သစ်အနမ်းပေးနေကြသည်။

လှိုင်းလုံးများမှ စီးဆင်းလာသည့်ရေများက သူတို့၏ခန္ဓာကိုယ်ပေါ်သို့ ကျဆင်းလာခြင်းမရှိချေ။

ကျန်းဟန်သည် ဇီယန်အား နမ်းနေရင်းဖြင့် သူ့ကိုယ်ကိုလှည့်ကာ အလျားလိုက် လှိုင်းစီးနေသည်။

ထိုနောက် လှိုင်းလုံးများက သူတို့၏ခေါင်းပေါ်မှကျော်ကာ မီတာအနည်းငယ်အကွာတွင် ပင်လယ်ထဲသို့ ပြန်လည်ကျဆင်းသွား၏။

ဝေါ ဝေါ ဝေါ...

ထိုအသံက လူတိုင်း၏နားထဲသို့ ရောက်ရှိသွားသည်။

ထိုအခိုက်၌ ကျန်းဟန်နှင့် ဇီယန်မှာ လှိုင်းလုံးကြီး၏အတွင်း၌ ဖုံးကွယ်နေခဲ့သည်။

ရေကန့်လန့်ကာဖြင့် ဖွဲ့စည်းထားသည့် လှိုဏ်ဂူတစ်ခုကဲ့သို့ပင်။ သူတို့သည် အပြင်ဘက်ကမ္ဘာအား အတွင်းမှနေ၍ မြင်နိုင်ဆဲဖြစ်၏။

အတန်ကြာအောင်နမ်းပြီးနောက် ကျန်းဟန်၏နှုတ်ခမ်းများက ဇီယန်၏နီဆွေးဆွေးနှုတ်ခမ်းများကို လွှတ်ပေးလိုက်သည်။ “မျက်လုံးဖွင့်ကြည့်လိုက်” ကျန်းဟန် တိုးတိုးလေးပြောသည်။

“အင်း”

ဇီယန်သည် အလွန်နာခံစွာဖြင့်ပင် သူမ၏မျက်လုံးများကို ဖွင့်လိုက်သည်။ သူမ၏ရှေ့မှမြင်ကွင်းကို

တွေ့လိုက်ရပြီးနောက်တွင်တော့ တဖြည်းဖြည်းမျက်လုံးများ ပြူးကျယ်လာသည်။

"လှလိုက်တာ"

ဇီယန်သည် သွယ်လျသည့်လက်ချောင်းလေးများအား ဆန့်ထုတ်ကာ ပင်လယ်ရေကန့်လန့်ကာထဲသို့ တို့ထိနစ်လိုက်သည်။

ရေစီးကြောင်းနှင့် ရေကန့်လန့်ကာ၏စည်းချက်မှာ အံ့မခန်းပင်။

"လှတယ်မလား" ကျန်းဟန်က ရယ်မောရင်း မေးသည်။

"အင်း အရမ်းအံ့ဩဖို့ကောင်းတယ် အရမ်းလှတယ်""

"ဟားဟားဟားး... အဲဒါက ဘယ်လောက်ပဲလှနေပါစေ မင်းကိုတော့ မယှဉ်နိုင်ပါဘူး" ကျန်းဟန်သည် ဇီယန်အား စိုက်ကြည့်ကာ ပြောလိုက်သည်။

အို...

ကျန်းဟန်၏ချစ်စကားကြိုက်စကားများက ဇီယန်အား စိတ်ရောကိုယ်ပါ အချစ်၏သက်ရောက်မှုခံစားရစေသည်။

"စကားမပြောနဲ့။ ကိုယ့်ကိုနမ်း"

"..."

နမ်းပြီးနောက်တွင် ဇီယန်၏မျက်နှာလေးမှာ နီရဲသွားပြန်သည်။ သူမ ခေါင်းလေးမော့ကာ ကျန်းဟန်အား ကြည့်လိုက် ရေကန့်လန့်ကာအား ကြည့်လိုက်ဖြင့် ဤသည်ကို အိပ်မက်တစ်ခုလို ခံစားနေရသည်။

သို့သော် လှိုင်းလုံးများမှာ တဖြည်းဖြည်းဖြင့် အဆုံးသတ်သွားပေမည်။

လှိုင်းလုံးများ ထွက်ခါနီးတွင် ကျန်းဟန်သည် ဦးတည်ရာအား ထိန်းချုပ်ကာ ရေကန့်လန့်ကာအတွင်းမှ ထွက်လာခဲ့သည်။

ဆယ်မီတာကျော်မြင့်မားသည့် လှိုင်းလုံးကြီးများမှာ ပြီးဆုံးသွားသည်။

အဝေးမှလူများမှာ သူတို့အား မြင်လိုက်ရသည့်အခါ ရွှင်မြူးသွားကြ၏။

နည်းပြသည် မော်တော်ဘုတ်အား ကမန်းကတမ်းမောင်းလာခဲ့၏။ သူသည် ကျန်းဟန်အား လေးစားစွာကြည့်၍ လက်မထောင်ပြသည်။

"မင်းက အံ့သြစရာပဲ"

ယခု သူ အမုန်တကယ်ယုံကြည်သွားပေပြီ။ လုံးဝကိုယုံကြည်သွားပေပြီ။

သူသည် ရေမလှိုင်းလုံးကြီးများအား စောင့်ဆိုင်းနေခဲ့သည်မှာ အမုန်ပင်။ သူသည် အံ့မခန်းရေလွှာလျှောစီးသမားဖြစ်ကြောင်း ထင်ရှား၏။

"လှိုင်းလုံးကြီးတွေမရှိတော့ဘူး။ မင်းတို့ ဆက်ပြီးကစားဦးမှာလား" နည်းပြက နောက်ပြန်ကြည့်ရင်း မေးသည်။

လှိုင်းလုံးကြီးများ ရိုက်ခတ်လာပြီးနောက် ပင်လယ်ပြင်သည် ငြိမ်သက်လာပြီး လှိုင်းလုံးများမှာ တစ်မီတာအမြင့်သာဖြစ်လာပြန်သည်။ သူ၏ရှေ့မှ ထိုအရည်အချင်းရှိသည့်ကောင်လေးအတွက်တော့ ဤလှိုင်းလုံးများက ဘာမှမဟုတ်သည်ကို သူသိ၏။

သို့သော် အစောပိုင်းက ရောမလှိုင်းလုံးကြီးများသည်ပင် သူ့အတွက် ကိတ်မုန့်တစ်ခုပမာဖြစ်ခဲ့သည်ကိုတော့ သူမသိခဲ့ချေ။

"ကိုယ်တို့ ဆက်ကစားဦးမလား" ကျန်းဟန်က ဇီယန်ကို ကြည့်ကာ မေးသည်။

"ဟင့်အင်း ကျွန်မ ပြန်ပြီးတော့ ခဏလောက်လှဲချင်တယ်" ဇီယန်က ခေါင်းယမ်းသည်။

"အင်း ဒါဆို… ငါ မင်းတို့ကို ပြန်ခေါ်သွားပေးမယ်" နည်းပြက ပြောသည်။

နည်းပြက သူတို့အား အပျော်စီးလှေဆီသို့ ပြန်ခေါ်သွား၏။

ကုန်းပတ်ပေါ်ရှိ လျှောင်းကုလားထိုင်တွင် လှဲနေရင်း ဇီယန်သည် ရင်ဘတ်ကိုပုတ်ကာ အသက်ပြင်းပြင်းရှူလိုက်သည်။ သူမ ကျန်းဟန်အား စိတ်လှုပ်ရှားစွာကြည့်ရင်း ပြောသည်။ "အရမ်းစိတ်လှုပ်ရှားဖို့ကောင်းတယ်။ ရှင်က အံ့သြစရာပဲ"

"မင်း ဆက်ကစားချင်သေးလို့လား" ကျန်းဟန်က ပြုံးကာ ပြောသည်။ "ခဏလောက် သွားပြီး ကစားဦးမလား"

"အမ် အဲ့မှာ လှိုင်းလုံးကြီးတွေရှိလား" ဇီယန်က ခေါင်းမော့ကာ ပင်လယ်ပြင်အား ကြည့်သည်။

တစ်မီတာသာရှိသည့်လှိုင်းလုံးငယ်များမှာ သူတို့အတွက် အလွန်သေးလွန်းသည်ဟု သူမ ခံစားရ၏။

“လှိုင်းလုံးကြီးတွေတော့ မရှိဘူးထင်တယ်”

“ဒါဆို မသွားနဲ့။ ခဏလောက် လဲပြီး နားရအောင်”

ကျန်းဟန်က ပြုံးကာ ပြောသည်။ “နောက်ကျရင် မင်းကို အကြီးကျယ်ဆုံးလှိုင်းလုံးတွေစီးဖို့ ကိုယ်ခေါ်သွားပေးမယ်။ ပင်လယ်အောက်ချေကို ခေါ်သွားပေးပြီး တစ်ကမ္ဘာလုံးမှာ မင်းနဲ့အတူတူ ပျော်မယ်”

“ခစ်ခစ်…ကျွန်မ စောင့်နေမယ်” ဇီယန်က တခစ်ခစ်ရယ်သည်။

သူတို့ လှေပေါ်တွင် မိနစ်အနည်းငယ်ကြာအောင် လဲနေပြီးနောက် နည်းပြက သူတို့ထံ လျှောက်လာသည်။

“ဆရာ ဟိုလှေပေါ်က ဒေးဗစ်က ဆရာ့ဆီလာလည်ချင်နေတယ်”

"ငါ့မှာ အချိန်မရှိဘူး"

တစ်မိနစ်အကြာ…

"ဆရာ မစ္စတာကျန့်က ဆရာနဲ့လာပြီးကစားချင်နေတယ်"

"မကစားချင်ဘူး"

"ဟုတ်ကဲ့ပါ" နည်းပြက ခေါင်းညိတ်ကာ ထွက်သွားသည်။

ဤတစ်ကြိမ်တွင် ကျန်းဟန်က ပြောလိုက်သည်။ "လေ့ကို စက်ဝိုင်းပုံစံ မောင်းသွားလိုက်ပါ"

"ကောင်းပါပြီ"

ဇီယန်အလွန်ပျော်ရွှင်နေသည်။

နောက်တစ်နာရီကျော်အထိ

"အရမ်းစိတ်လှုပ်ရှားဖို့ကောင်းတာပဲ။ ရှင်က အရမ်းအံ့ဩစရာကောင်းတယ်" ဟု ထပ်တလဲလဲ ပြောနေသည်။

နောက်ဆုံးတွင် ကျန်းဟန်က ပြန်ပြောသည်။ "ကိုယ် ပိုပြီးအစွမ်းထက်နိုင်တယ်"

ထိုနောက် သူပြုံးကာ သူ၏ခန္ဓာကိုယ်ဖြင့် သူမအား ဖိကပ်လိုက်၏။

"အင်း..."

ထိုသို့ဖြင့် သူတို့နှစ်ဦးသည် ပွေ့ဖက်ကြရင်း ရှုခင်းကို ခံစားကြည့်ရှုနေကြသည်။

အချိန်က ၁၂ နာရီ မိနစ် ၃၀။

ကျန်းဟန် ပြောသည်။ "မင်းဗိုက်ဆာပြီလား။ ကိုယ်တို့ နေ့လည်စာသွားစားကြတော့မလား"

"အင်း ကျွန်မ နည်းနည်းဆာနေပြီ။ စားသောက်ဆိုင်ပြန်ပြီး စားကြမှာလား" ဇီယန်က ကျန်းဟန်၏ရင်ခွင်ထဲမှ ရေရွတ်သည်။

"မပြန်တော့ဘူး။ အခုပြန်သွားရင် မုန့်မုန့်က ကျေနပ်မှာမဟုတ်ဘူး။ ကျိုးဖေးက သူမအတွက် မုန့်တွေ စားမကုန်အောင် ပြင်ဆင်ပေးထားလိမ့်မယ်။ သူမလေးအခု အဲဒါတွေစားနေလိမ့်မယ်ဆိုတာ ကိုယ်ယုံတယ်" ကျန်းဟန်က ပြောရင်း ရယ်မောလိုက်သည်။

"အဲဒီကောင်မလေးကတော့" ဇီယန်လည်း ရယ်မောလိုက်သည်။ "အနောက်တိုင်းအစားအစာ သွားစားရအောင်"

"ကောင်းပြီ"

ထို့သို့ဖြင့် သူတို့နှစ်ဦး ပြန်သွားကြကာ လေ့အား ရေနက်ပင်လယ်ကွေ့သို့ ပြန်မောင်းသွားခဲ့သည်။

ထိုအချိန်တွင် မုန့်မုန့်သည် သူတို့ထင်သည့်အတိုင်းပင် ဖြစ်နေ၏။

စားသောက်ဆိုင်၏ပထမထပ်တွင် မုန့်မုန့်သည် လောလီပေါ့အား ကိုင်ကာ ပျော်ရွှင်စွာ စားနေလေသည်။

"အန်တီဖေးဖေး သမီးဗိုက်ဆာနေပြီ။ ဘာလို့ ဟင်းမချက်တာလဲ" မုန့်မုန့်က တီဗီကြည့်ရင်း ပြောသည်။

"ချက်ရမှာလား။ ငါမချက်တတ်ဘူးလေ" ကျိုးဖေး၏နှုတ်ခမ်းများ ရှုံ့မဲ့သွားသည်။ "မေ့နေပြီလား။ အန်တီတို့ နေ့လည်ကျရင် KFC သွားစားမယ်လေ" ဟုပြောရင်း မုန့်မုန့်၏မျက်နှာလေးအား ညှစ်လိုက်၏။

"သမီး အဲဒါမစားချင်ဘူး။ KFC မစားချင်ဘူး။ အန်တီးဖေးဖေး သမီးကိတ်မုန့်ဘယ်မှာလဲ။ မွေးနေ့ကိတ်စားချင်တယ်" မုန့်မုန့်က နှုတ်ခမ်းလေးစူပုတ်ကာ ပြောသည်။

"အိုး မင်းသမီးလေးရယ်။ ကျွန်မပြောပြီးပြီလေ။ အန်တီတို့ ညကျရင် ကိတ်မုန့်စားကြမယ်လို့" ကျိုးဖေးမှာ အကူအညီမဲ့စွာ ပြော၏။

-အပိုင်း(၃၁၂ - ၈)ပြီး

wunzinnosp

## အခန်း(၃၁၃) မခေါ်တော့ဘူး

“ဒါပေမယ့်...ဒါပေမယ့် သမီး အခု မွေးနေ့ကိတ်စားချင်တယ်” မုန့်မုန့်က နှာခေါင်းလေးရှုံ့ကာ ပြောသည်။

မုန့်မုန့်၏အလွန်ချစ်စရာကောင်းသော ပုံစံကြောင့် ကျန်းလီနှင့် လော့ချင်းတို့ မရယ်ဘဲမနေနိုင်ချေ။

“မုန့်မုန့် သမီးသဘောတူပြီးပြီလေ။ အန်တီးဖေးဖေးပြောတာကိုနားထောင်ရင် ညကျ ကိတ်မုန့်စားရမယ်လို့ ကတိပေးထားတယ်” ကျိုးဖေးက အကူညအညီမဲ့စွာ ပြောသည်။

မနက်ပိုင်းတွင် သူမသည် မုန့်မုန့်အား လဆန်းတောင်သို့ ကစားရန် ခေါ်သွားခဲ့၏။ ၁၂ နာရီထိုးမှ သူတို့ပြန်လာကြသည်။ သူတို့သည် KFC စားရန် စီစဉ်ထားပြီး ဆိုင်များ၌ လူရှုပ်နေမည်စိုး၍ ကျောက်ဖုန်းအား ပါဆယ်ဝယ်လိုက်းလိုက်သည်။

အမျိုးသမီးသုံးဦးနှင့် မုန့်မုန့်မှာ စားသောက်ဆိုင်ပထမထပ်တွင်ရှိနေပြီး ကျောက်ဖုန်းက အပြင်တွင်ရှိနေသည်။ သူသည် ကြော်ငြာဘုတ်တစ်ခုအား ယူလိုက်ကာ "ယနေ့ ဆိုင်ပိတ်သည်" ဟု ရေးထားခဲ့၏။

မုန့်မုန့်သည် သူမ၏စကားကိုကြားသည့်အခါ နှုတ်ခမ်းလေးစူလိုက်သည်။ "ဒါပေမယ် သမီး ဗိုက်ဆာတယ်"

"အန်တီတို့ KFC မစားတော့ဘူးလား" ကျိုးဖေး ပြောသည်။

"ဖေဖေ ချက်ထားတဲ့ ထမင်းစားချင်တယ်" မုန့်မုန့်က ခေါင်းလေးအသာငုံ့ကာ သူမ၏မျက်လုံးထဲ၌ အလင်းရောင်တစ်ခု လက်သွား၏။

ကလေးမလေးသည် ခဏလောက်စဉ်းစားလိုက်ပြီး ကိတ်မုန့်စားနိုင်မည့် နည်းလမ်းကို တွေ့ရှိသွားသည်။

သို့သော် ကျိုးဖေးသည် မုန့်မုန့်အား သေချာကြည့်နေခဲ့ပြီး သူမလေး ဘာတွေးနေသည်ကို သိရှိလေ၏။

"အဟမ်း" ကျိုးဖေးက အသာချောင်းဟမ့်ကာ ဖုန်းကိုထုတ်လိုက်သည်။ "ကောင်းပြီလေ ဒါဆို အန်တီ သမီးဖေဖေနဲ့မေမေကို အခုပြန်လာဖို့ခေါ်လိုက်မယ်"

"အမ်" မုန့်မုန့် အံ့အားသင့်သွား၏။ သူမ ခေါင်းကိုအမြန်မော့ကာ ကျိုးဖေးအား ကမန်းကတမ်းပြောသည်။ "မဟုတ်ဘူး မခေါ်နဲ့ မခေါ်နဲ့ ဖေဖေက ဒီမှာမရှိဘူးဆိုတော့ ထားလိုက်တော့။ နေ့လည်ကျရင် မွေးနေ့ကိတ်သွားစားကြမယ်"

"မွေးနေ့ကိတ်က ညကျမှပဲ စားလို့ရမှာ။ အဲဒါ ထားလိုက်ပါတော့။ သမီးအဖေကိုပဲ ဟင်းချက်ဖို့ ပြန်ခေါ်လိုက်မယ်" ကျိုးဖေးက ဖုန်းဆက်ဟန်ဆောင်သည်။

မုန့်မုန့်သည် သူမ၏လက်သေးသေးလေးများကို ဝှေ့ယမ်းကာ အမြန်ပြောသည်။ "အိုး မဟုတ်ဘူး မခေါ်နဲ့ KFC ပဲ သွားစားရအောင်"

"မခေါ်တော့ဘူးလား" ကျိုးဖေးက ဖုန်းချရန် တုံ့ဆိုင်းနေပုံဖြင့် မေးသည်။

"အင်း မခေါ်နဲ့တော့" မုန့်မုန့်က အလေးအနက်ဖြင့် ခေါင်းညိတ်သည်။

"သမီးအဖေ ချက်ပေးတဲ့ ထမင်းဟင်းတွေ မစားချင်ဘူးလား"

“သမီး ကြက်ဥထမင်း...အာ...KFC လည်းအဆင်ပြေတယ်။ ကြက်ပေါင်စားရတာ ကြိုက်တယ် သမီးက”

“ကောင်းပြီလေ ဒါဆို အန်တီ သူ့ကို မခေါ်တော့ဘူး” ကျိုးဖေးက ဖုန်းကို ဘေးဖယ်လိုက်သည်။

“ဟွန့်” မုန့်မုန့်သည် ဟွန့်ခနဲလုပ်ကာ အရုပ်များဖြင့်ကစားရန် တစ်ဖက်သို့ လှည့်သွား၏။

၎င်းကိုမြင်သည့်အခါ ကျိုးဖေးနှင့်လော့ချင်းမှာ အရယ်မရပ်နိုင်တော့ချေ။

မုန့်မုန့်သည် အလွန်အမင်းချစ်စရာကောင်းလွန်းသည်ဟု သူတို့ ခံစားမိ၏။

ထိုအချိန် စားသောက်ဆိုင်၏အပြင်ဘက်၌...

McLaren ကားသည် စားသောက်ဆိုင်၏ကားပါကင်၌ ရပ်သွား၏။

စွန်းဒုန်ဟမ်နှင့် လုယင်သည် ကားပေါ်မှဆင်းလာကြသည်။

"အစ်ကိုဖုန်း" စွန်းဒုန်ဟမ်က ကျောက်ဖုန်းအား မြင်သည့်အခါ လျှောက်လာသည်။ ဆိုင်းဘုတ်ကိုမြင်လိုက်ရသည့်အခါ အံ့အားသင့်သွား၏။ "ဒီနေ့ ဆိုင်မဖွင့်ဘူးလား"

"အင်း" ကျောက်ဖုန်း ခေါင်းညိတ်၏။

"အိုး သူဌေး အပြင်သွားပြီးကစားတာလား"

"အင်း"

"ဟမ် ဆိုင်ထဲမှာ လူရှိနေတာလား" စွန်းဒုန်ဟမ်သည် ကျန်းလီနှင့်အခြားသူများ အထဲ၌ ထိုင်နေသည်ကို တွေ့လိုက်ရ၏။

"အဲဒါ မုန့်မုန့်၊ ကျန်းလီနဲ့ တခြားသူတွေပါ။ ဒီနေ့ သူဌေးက သူဌေးကတော်နဲ့ အတူတူအပြင်သွားကြတာ" ကျောက်ဖုန်းက ရှင်းပြသည်။

"အာ ဒါဆို ကျွန်တော် အထဲကိုခဏလောက် ဝင်ထိုင်လို့ရမလား" စွန်းဒုန်ဟာမ် မေးသည်။

ကျောက်ဖုန်းက ခဏလောက်စဉ်းစားလိုက်ပြီး သံသယဖြင့်မေးသည်။ "နေ့လည်စာလည်းမရှိပါဘူး။ ဘာကိစ္စရှိလို့လဲ"

ကျောက်ဖုန်း၏ စကားကိုကြားသည့်အခါ သူ၏အရေးမစိုက်ဟန်တုံ့ပြန်မှုကိုမြင်သဖြင့် လုယင် အလွန်သိချင်လာသည်။

အစ်ကိုဒုန်သည် အလွန်ချမ်းသာသူတစ်ယောက်ဖြစ်၏။ သို့သော် ထိုအစ်ကိုဖုန်းက သူ့ထက် များစွာပို၍ စွမ်းအားကြီးပုံရသည်။

အဓိကအချက်မှာ အစ်ကိုဖုန်းသည် ထူးခြားသည့် စိတ်ထားရှိပြီး အလွန်ချောမောနေခြင်းပင်။ သူသည် သူမ၏ချစ်သူဖြစ်ရန်အတွက် ပြီးပြည့်စုံပေ၏။

"အာ... မုန့်မုန့် အထဲမှာ ရှိတယ်မဟုတ်လား။ ကျွန်တော် သူ့ဆီလာတာပါ" စွန်းဒုန်ဟာမ်က ခေါင်းကုတ်သည်။

"မုန့်မုန့်ဆီလာတာလား။ ဘာလို့ချင်လို့လဲ" ကျောက်ဖုန်း ပို၍ပင်သိချင်စိတ်ပြင်းပြလာသည်။

မုန့်မုန့်သည် လေးနှစ်အောက်သာရှိသေး၏။ သူသည် ဘာကြောင့် သူမဆီ လာရသနည်း။

"ကျွန်တော် တိုက်ရိုက်လွှင့်နေတာကို သိတယ်မလား" စွန်းဒုန်ဟာမ်က ပြုံးကာ ပြောသည်။ "ကျွန်တော်လိုက်ဖ်ပေ့ချ်မှာ ဗီရိုတစ်ခုတင်လို့ရတယ်။ မကြာသေးခင်ကမှ ကျွန်တော် ဖန်ဂရုနှစ်ခုထောင်ထားတာဆိုတော့ ပင်မစာမျက်နှာမှာ မုန့်မုန့်အကြောင်း ဗီဒီယိုတစ်ခုတင်ချင်လို့။ သူမက အရမ်းချစ်စရာကောင်းပြီး အရမ်းလှတယ်လေ။

ပရိသတ်တွေကြိုက်ကြမယ်လို့ ယုံကြည်တယ်။ ကျွန်တော်
သူမအတွက် ကိတ်မုန့်ယူလာခဲ့ပါတယ်”

စွန်းဒုန်ဟမ်က လက်ထဲမှ အစားအသောက်အိတ်ကို
မြှောက်ပြသည်။

ကျောက်ဖုန်း စဉ်းစားလိုက်ပြီး ပြောသည်။ “ကောင်းပြီ
ဒါဆို မင်း သူဌေးကို ဖုန်းဆက်ပြီး မေးသင့်တယ်”

စွန်းဒုန်ဟမ်၏မိသားစုနှင့် သူဌေးသည်
တစ်ဦးနှင့်တစ်ဦးရင်းနှီးကြပြီး သူဌေးကလည်း သူတို့အား
ကယ်တင်ခဲ့ဖူးသည်။ သူသည်
အပြင်လူတစ်ယောက်မဟုတ်သည့်အတွက် ကျောက်ဖုန်းက
သူ့အား တိုက်ရိုက်ငြင်းပယ်ခြင်းမပြုချေ။

“သူဌေးရဲ့ ဖုန်းနံပါတ်ကဘာလဲ” စွန်းဒုန်ဟမ်က
နှုတ်ခမ်းများကို သပ်လိုက်ပြီး မေးသည်။

"ငါ သူ့ကို ခေါ်လိုက်မယ်" ကျောက်ဖုန်းက ဖုန်းကိုထုတ်ကာ ကျန်းဟန်၏နံပါတ်အား ခေါ်ဆိုလိုက်၏။

ဖုန်းဝင်သွားသည့်အခါ စွန်းဒုန်ဟမ်အား ဖုန်းပေးလိုက်သည်။

"အဟမ်း သူဌေး ကျွန်တော် ဒုန်ဟမ်ပါ။ ကျွန်တော် လိုက်လွှင့်တဲ့အလုပ်လုပ်နေတာလေ။ အဲဒါ မုန့်မုန့်ရဲ့ ဗီဒီယိုလေးတစ်ခု ပေ့ချ်မှာ တင်ချင်လို့။ အဆင်ပြေမလားမသိဘူး။ အာ... ဟုတ်ကဲ့ ကျေးဇူးပါသူဌေး ကျေးဇူးတင်ပါတယ်"

စကားအနည်းငယ်ပြောပြီးနောက် ကျန်းဟန်၏သဘောတူညီမှုကို ရရှိသွားသည်။ စွန်းဒုန်ဟမ်သည် နားရွက်တက်ချိတ်မတက်ပြုံးလိုက်၏။ သူ ကျောက်ဖုန်းအား ဖုန်းပြန်ပေးလိုက်ရင်း ပြောသည်။ "ရပြီ သူဌေးက သဘောတူလိုက်တယ်"

"အင်း" ကျောက်ဖုန်းက ခေါင်းညိတ်ကာ စွန်းဒုန်ဟာမ်နှင့်အတူ ဆိုင်ထဲသို့ ဝင်သွားသည်။

"မုန့်မုန့် ငါလာပြီ။ မုန့်မုန့်အတွက် ဘာယူလာပေးလဲ ကြည့်ပါဦး" စွန်းဒုန်ဟာမ်သည် မုန့်မုန့်ဆိုဖာပေါ်တွင် ထိုင်နေသည်ကို တွေ့သည့်အခါ လျှောက်သွား၏။

"အမ် အဲဒါဘာလဲ" စွန်းဒုန်ဟာမ်၏လက်ထဲမှ အစားသောက်အထုပ်ကို မုန့်မုန့် စိုက်ကြည့်နေသည်။ အထဲတွင် ကိတ်မုန့်ရှိနေသည်အား သူမလေး ဝိုးတဝါးခံစားမိသည်။ သူမလေးသည် ကိတ်မုန့် အလွန်ကြိုက်နှစ်သက်၏။

"ကိတ်မုန့်လေးတွေ" ကျောက်ဖုန်းက ပြန်ဖြေသည်။

"အာ သမီး စားချင်တယ်" မုန့်မုန့်၏မျက်လုံးများမှာ တခဏချင်း တောက်ပသွားသည်။

"ရတာပေါ့ ဒါပေမယ့် မုန့်မုန့်က အစ်ကိုကြီးကို တစ်ခုလောက် ကူညီပေးလို့ရမလား" စွန်းဒုန်ဟာမ်က ပြောသည်။

"ဘာလဲ နင်ဘာလိုချင်တာလဲ" ကျိုးဖေးမေးသည်။

စွန်းဒုန်ဟာမ် ခေါင်းကုတ်လိုက်ပြီး "အဲ...အဲဒါက... မုန့်မုန့်ကို ဗီဒီယိုလေးတစ်ခု ရိုက်ချင်လို့ပါ"

"မဖြစ်နိုင်ဘူး" ကျိုးဖေး ခေါင်းယမ်းလိုက်ပြီး "ငါတို့မုန့်မုန့်က အရမ်းချစ်ဖို့ကောင်းတာ။ ကိတ်မုန့်လေးနည်းနည်းနဲ့ သူ့ကို ဝယ်လို့ရမလား"

"ငါဘာလုပ်ရမှာလဲ" စွန်းဒုန်ဟာမ် ပြောသည်။ "သူ့ငွေးက သဘောတူပြီးပြီ"

"ခဲအိုက သဘောတူတယ်လား။ နေဦး ငါသူ့ကို မေးဦးမယ်" ကျိုးဖေး ဖုန်းကိုထုတ်ကာ ကျန်းဟန်၏နံပါတ်အား ခေါ်ဆိုလိုက်သည်။ အမှန်တရားအား

သိရှိပြီးနောက် သူမသည် စွန်းဒုန်ဟမ်အား စိုက်ကြည့်ကာ ပြောလိုက်သည်။ "ကောင်းပြီ ဒါဆို မြန်မြန်ရိုက်"

"ကောင်းပါပြီ" စွန်းဒုန်ဟမ်ပြုံးလိုက်သည်။ သူ၏အိတ်ကတ်ထဲမှ မှတ်စုစာအုပ်ကိုထုတ်လိုက်ပြီး မုန့်မုန့်အား ပြောသည်။ "မုန့်မုန့် ပြီးကျရင်လေး ဒါလေးကို ဖတ်ပြရုံပဲ သိလား"

မုန့်မုန့်သည် သူမ၏မျက်လုံးဝိုင်းကြီးများအား မှိတ်တုတ်မှိတ်တုတ်လုပ်ကာ မေးသည်။ "အိုး အဲဒါဘာလဲ"

"အစ်ကိုကြီး သင်ပေးမယ်" စွန်းဒုန်ဟမ်က မုန့်မုန့်အား အမူအရာဖြင့် ပြောပြသင်ပေးသည်။

ဆယ်မိနစ်ခန့်ကြာသော်...

ရိုက်ကူးမှုစတင်သည်။ စွန်းဒုန်ဟမ်သည် ဖုန်းကို ထုတ်ကာ လက်ဟန်ပြ၍ တိုးတိုးလေးပြောသည်။ "စမယ်"

မုန့်မုန့်သည် ကင်မရာအား မျက်နှာမူကာ မျက်လုံးဝိုင်းကြီးများကို မှိတ်တုတ်မှိတ်တုတ်ဖြင့် ပြောသည်။ သူမလေးသည် အလွန်ချစ်စရာကောင်းနေ၏။

"အိုး... အားလုံးပဲ မင်္ဂလာပါ။ ဒီလိုက်ဖ်ဗီဒီယိုတွေကို သဘောကျတယ်ဆိုရင် အောက်က ဂရုတွေကို ဝင်ပေးကြပါနော်။ QQ နံပါတ်က ၁ ၆ ၂ ၀ ၉ ၉ ၂ ၂ ၇ ဖြစ်ပြီး WeChat နံပါတ်က ၁၃၃ ၄၇၂၅ ၀၄၁ ဖြစ်ပါတယ်။ အဲဒီဖန်ဂရုတွေကို ဝင်ထားကြပါနော်။ အားလုံးပဲ မြန်မြန်လေး ဝင်လိုက်ကြပါ"

မုန့်မုန့်သည် အလွန်မှတ်ဉာဏ်ကောင်းပြီး စွန်းဒုန်ဟမ် သင်ပေးထားသည့်အတိုင်း ပြန်ပြောပြသည်။ ထို့ပြင် မုန့်မုန့်သည် အလွန်လှပကာ ချစ်စရာကောင်းနေပြီး မျက်လုံးဝိုင်းကြီးများက တောက်ပနေ၏။ အွန်လိုင်းပေါ်ရှိလူအများစုမှာ သူမအား ချစ်ခင်ကြပေလိမ့်မည်။

"ပြည့်စုံတယ်"

ရိုက်ကူးပြီးနောက်တွင် စွန်းဒုန်ဟမ်က ရယ်မောကာ လက်ခုပ်တီးသည်။

"ကိတ်မုန့် သမီး ကိတ်မုန့်စားချင်တယ်"

တာဝန်ပြီးစီးသည်နှင့် မုန့်မုန့်သည် လက်ကိုဆန့်ကာ ကိတ်မုန့်တောင်းတော့သည်။

မုန့်ထုပ်အားရရှိပြီးနောက် မုန့်မုန့်သည် ၎င်းကို ဖွင့်ရန် မစောင့်နိုင်တော့ချေ။ ဖွင့်ကြည့်ပြီးနောက်တွင်တော့ သူမအား အံ့အားသင့်သွား၏။

သူမလေးသည် စွန်းဒုန်ဟမ်အား ကြည့်ကာ ပြောသည်။ "ဒါက ကိတ်မုန့်လည်းမဟုတ်ဘူး။ ခရင်မ်က ဘယ်မှာလဲ ခရင်မ် မရှိဘူး"

"အာ… အဲဒါ ခရင်မ်မပါတဲ့ ကိတ်မုန့်တွေ" စွန်းဒုန်ဟမ် ရှက်ရွံ့စွာ ပြုံးလိုက်၏။

အစကတည်း သူသိခဲ့ပါက မုန့်မုန့်အတွက် သူ ခရင်မ်ပါသည့်ကိတ်မုန့်ကို ဝယ်ခဲ့ပေလိမ့်မည်။

မုန့်မုန့်သည် ကိတ်မုန့်တစ်ခုအား ကောက်ယူကာ အကိုက်သေးသေးလေးကိုက်လိုက်ပြီး အိတ်ထဲသို့ ချက်ချင်းပြန်ထည့်လိုက်၏။ သူမလေးသည် စွန်းဒုန်ဟာမ်အား အလွန်မကျေမနပ်ဖြစ်နေသည်။

“ဟွန့် မကောင်းဘူး။ အစ်ကိုကြီးက လူလိမ်ပဲ။ ဒါက ကိတ်မုန့်မဟုတ်ဘူး။ မုန့်မုန့် အစ်ကိုကြီးကို မခေါ်တော့ဘူး”

-အခန်း(၃၁၃)ပြီး

wunzinnosp

## အခန်း(၃၁၄) မဆိုးပါဘူး

ကျန်းဟန်နှင့် မုန့်မုန့်သည် သဘော်ာဆိပ်သို့ ပြန်လာခဲ့ကြ၏။

သူတို့ ကမ်းပေါ်မတက်ခင် အဝတ်အစားလဲရန် အခန်းထဲသို့ အရင်သွားကြသည်။ ကျန်းဟန်သည် ဇီယန်အား ချီကာ အခန်းထဲဝင်သွား၏။

ထိုနောက်...

ငါးမိနစ်ခန့်ကြာသည့်အခါ ကျန်းဟန်မှာ နှင်ထုတ်ခံလိုက်ရသည်။

ဇီယန်သည် အလွန်ရှက်ရွံ့နေသည့်တွက် ကျန်းဟန်၏ရှေ့တွင် အဝတ်အစားလဲရန်မှာ မဖြစ်နိုင်ချေ။

နောက်ထပ် ငါးမိနစ်ကြာသည့်အခါ...

ဇီယန် အဝတ်အစားလဲပြီးသွားပြီး အစောပိုင်းက စည်းနှောင်ထားသည့် ဆံပင်ရှည်များကို ဖြည်ချထားသည်။ နှုတ်ခမ်းနီမဆိုးထားသော်လည်း သူမနှုတ်ခမ်းဖူးလေးများက နီရဲနေသည်။

ဇီယန်သည် နှုတ်ခမ်းလေးများကို သပ်လိုက်ပြီး တိုးတိုးလေးပြောသည်။ "အရှူး အဝတ်အစားသွားလဲလေ"

"အင်း"

ကျန်းဟန် ပြုံးလိုက်သည်။ အထဲဝင်သွားပြီး အဝတ်အစားများ ဝတ်လိုက်၏။

ထိုနောက် သူပြန်ထွက်လာသည်။ သူသည် ဇီယန်၏ခါးအား ဖက်ထား၏။

ကမ်းပေါ်တက်လာပြီးနောက် သူတို့ အပျော်စီးလှေကလေပ်မှ ထွက်လာကြသည်။

ပန်ဒါကားပေါ်တက်ခါနီးတွင် သူတို့အား ပထမဆုံးလက်ခံတွေ့ဆုံသည့် ဝန်ထမ်းအမျိုးသားက တလေးတစားဖြင့် လိုက်ပို့ပေးသည်။

သူသည် အတွေးနက်နေခဲ့၏။ ဤကဲ့သို့လှပသော မိန်းကလေးမျိုးအား သာမန်လူတစ်ယောက်က

အနိုင်ယူနိုင်မည်မဟုတ်ချေ။ သို့သော် ဇီမ်ခံကားတစ်စီးမောင်းနှင်ခြင်းက အထောက်အကူဖြစ်သည် မဟုတ်ပါလာ။ သူသာဆိုလျှင် စိမ်ခံကားကိုမောင်းကာ မိန်းမလှလေးအား အတူလျှောက်စီးရန်ခေါ်ပေမည်။ လက်ရှိအခြေအနေက သူ့အား စိတ်ရှုပ်ထွေးစေပြီး လူချမ်းသာများ၏ဘဝကို နားလည်ရန် ခက်ခဲနေခဲ့သည်။

"ဘယ်ဆိုင်ကို သွားကြမလဲ" ကျန်းဟန်က ကားမောင်းရင်း မေးသည်။

"ကန်းလော့လမ်းက ပါ့ဗ်ရီးစားသောက်ဆိုင်ကို သွားရအောင်။ ကျွန်မ တစ်ခေါက်ရောက်ဖူးတယ်။ ပတ်ဝန်းကျင်က တော်တော်လေးကောင်းတယ်" ဇီယန်က ဖြေသည်။

"ကောင်းပြီ" ကျန်းဟန်က ခေါင်းညိတ်ကာ "နေ့လည်စာစားပြီးရင် ကိုယ် မင်းကို ရှော့ပင်းခေါ်သွားပေးရမလား"

"ရှင့်သဘောပါ" ဇီယန်က ပြုံးကာ ပြောသည်။

သူမ၏အမူအရာကိုမြင်သည့်အခါ ကျန်းဟန်မှာ သူ၏ညာလက်ကို မဆန့်မိဘဲမနေနိုင်ချေ။

ဇီယန်၏ဖြူဖွေးသွယ်လျသည့် ခြေတံလေးများပေါ်သို့ပင်…

"အာ…အရမ်းစိတ်ညစ်ဖို့ကောင်းတာပဲ။ ကားကို သေချာမောင်းပါ" ဇီယန်သည် ခန္ဓာကိုယ်အား တွန့်လိုက်ကာ မခို့တရို့လေးပြော၏။

"ဟုတ်ကဲ့ပါ မဒမ်"

စတီယာရင်ပေါ်သို့ လက်နှစ်ဖက်လုံးတင်လိုက်ပြီး ကားကို ပါ့ဗ်ရီးစားသောက်ဆိုင်သို့ မောင်းနှင်သွားခဲ့သည်။

ပါ့ဗ်ရီးစားသောက်ဆိုင်၌ အလွန်တိတ်ဆိတ်သည့်ပတ်ဝန်းကျင်နှင့် အထက်တန်းသော

အပြင်အဆင်များရှိသည်။ ပုံမှန်အားဖြင့် ဈေးနှုန်းမြင့်မားပြီး ဟောင်ကောင်တွင် အတော်လေးနာမည်ကြီး၏။

၎င်း၏နာမည်ကျော်ကြားမှုမှာ စားဖိုမှူးမာစတာ ဝမ်လုံကြောင့်သည်။

စားသောက်ဆိုင်တွင် စုစုပေါင်း အထပ်သုံးထပ်ရှိသည်။ ပထမထပ်သည် နာမည်ကြီးစားဖိုမှူးတစ်ယောက် တာဝန်ယူထားကာ သာမန်ဧည့်သည်များအတွက်ဖြစ်သည်။

ဒုတိယထပ်သည် ဆယ်လီဘရစ်တီများအတွက်ဖြစ်ပြီး အဓိကအပြင်အဆင်မှာ အေးချမ်း၍ ရိုမန့်တစ်ဆန်သည်။ စားပွဲအားလုံးနီးပါး၌ ထိုင်ခုံနှစ်ခုံရှိသည်။ အချို့မှာ အများဆုံး လေးခုံအထိရှိသည်။ ဇီယန်နှင့် ကျိုးဖေးသည် ဤနေရာတွင် တစ်ကြိမ်လာစားဖူးပြီး အထင်အမြင်ကောင်းရှိခဲ့သည်။

စားဖိုမှူးမာစတာဝမ်လုံသည် စားသောက်ဆိုင်၏တစ်စိတ်တစ်ပိုင်းကို ပိုင်ဆိုင်သည်။

သူသည် ဒုတိယထပ်နှင့် တတိယထပ်မှ ဧည့်သည်များအား အဓိက တာဝန်ယူ၏။

တတိယထပ်တွင် လူများအတူတကွစားကြရန် သီးသန့်အခန်းများရှိသည်။ သို့သော် ဝမ်လုံသည် အခြားစားသောက်ဆိုင်များစွာကိုလည်း ပိုင်ဆိုင်သည့်အတွက် ဤဆိုင်တွင် နေ့တိုင်းမရှိနိုင်ချေ။ သူရှိနေသည့်အချိန်တွင်လည်း သူသည် နောက်ခံရှိသည့်လူများကိုသာ လက်ခံသည်။

ယခုအချိန်၌ ဝမ်လုံသည် ပါ့ဗ်ရီးစားသောက်ဆိုင်၌ ရှိနေ၏။

"မင်္ဂလာပါ သူဌေးလျို အထဲကိုကြွပါ"

စားသောက်ဆိုင်ရှေ့တွင် ဝမ်လုံသည် လူခြောက်ဦးအား ကြိုဆိုရောက် ကိုယ်တိုင်ကိုယ်ကျရောက်နေပြီး ခေါင်းဆောင်ဖြစ်သူ လူလတ်ပိုင်းပုဂ္ဂိုလ်အား ပြောလိုက်သည်။

“ဟားဟားဟား မစ္စတာဝမ် ဒီနေ့ မင်း ဒီကိုရောက်နေတယ်လို့ ငါကြားခဲ့တယ်။ ငါ ဒီနားကို စီးပွားရေးကိစ္စပြောဖို့ ရောက်နေတာ။ အဲဒါနဲ့ မင်းရဲ့ဟင်းချင်လက်ရာကို မြည်းစမ်းရအောင် ဒီကိုလာခဲ့လိုက်တာ။ ငါ့ဘေးက ပုဂ္ဂိုလ်တွေကတော့ ဒီနေ့တကယ်ကံကောင်းတာပဲ။ အရင်က မင်းရဲ့လက်ရာကို မမြည်းစမ်းဖူးကြဘူး။ သူတို့ မြည်းစမ်းပြီးသွားရင်တော့ တောင်ပိုင်းကျွန်းကနေပြန်ဖို့ တွန့်ဆုတ်နေတော့မှာမြင်ယောင်သေးတယ်” သူဌေးလျိုက ရယ်မောသည်။

“သူဌေးလျို ငါ့ကိုမြှောက်ပင့်လွန်းနေပါပြီ။ လာပါ အထဲကိုကြွပါ” ဝမ်လုံကာ ပြုံးကာ ပြောသည်။

သူဌေးလျိုသည် သီးသန့်ခန်းကြိုတင်မှာယူထားပြီးဖြစ်သည်။ သိသာစွာပင်

သူသည် ထမင်းစားရန်နှင့် စကားပြောရန် နှစ်ခုစလုံးအတွက် ဤနေရာသို့ ရောက်လာခဲ့ခြင်းဖြစ်၏။

ဝမ်လုံဘေးပတ်လည်အား လှည့်လိုက်သည့်အခါ အပြင်ဘက်သို့ အမှတ်မထင် ကြည့်လိုက်မိပြီး ရုတ်တရက် ထိုနေရာရှိ ပန်ဒါကားတစ်စီးအား မျက်လုံးများ စူးစိုက်သွားသည်။

"ပန်ဒါကားလား"

"အဲဒီကားက..."

ဝမ်လုံသည် ရပ်တန့်လိုက်ပြီး စက္ကန့်အနည်းငယ် စောင့်ဆိုင်းလိုက်သည်။ ကားပေါ်မှဆင်းလာသည့်လူအား မြင်လိုက်ရပြီးနောက် သူ၏မျက်လုံးများ အနည်းငယ်ကျဉ်းမြောင်းသွားသည်။

မစ္စတာကျန်း...

လျိုချင်းဖုန်းသည် အက်စလင်းစားသောက်ဆိုင်သို့မသွားခင် သူ့အား လူတိုင်း၏ရှေ့၌ ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်ခင်ခဲ့သည့်အတွက် ကျန်းဟန်၏အကြောင်းအား အလွန်သိချင်နေခဲ့သည်။ ၎င်းက အရေးအကြီးဆုံး အကြောင်းပြချက်မဟုတ်သေးချေ။ အရေးအကြီးဆုံးအချက်မှာ လျိုချင်းဖုန်းသည် ထိုလူအား မစ္စတာကျန်းဟု ခေါ်ခဲ့ခြင်းပင်။ သူသည် ထိုလူအား အလွန်အမင်း လေးစားမှုထားနေခဲ့၏။

လျိုချင်းဖုန်းက ထိုသို့ပုံစံဖြင့် ဆက်ဆံသည့်လူတိုင်းမှာ သာမန်လူမဟုတ်သော်လည်း ဝမ်လုံသည် ထိုအချိန်က သိပ်ပြီး အာရုံမထားခဲ့ချေ။ နောက်ဆုံးတွင်တော့ သူသည် ဘာအများမှမလုပ်ထားခဲ့ပေ။ သူသည် အလွန်သဘောကောင်းသူဖြစ်ပြီး မည်သူ့ကိုမျှ မစော်ကားချေ။

ကျန်းဟန်မှန်း သိရှိပြီးနောက် ဝမ်လုံသည် ခဏလောက်စဉ်းစားလိုက်ပြီး သူ၏ဘေးနားရှိ သူငွေးလျိုအား

ပြောလိုက်သည်။ "သူဌေးလျို ကျေးဇူးပြုပြီး အရင်တက်နှင့်ပါ။ မင်းအော်ဒါမှာရင် ငါ အားလုံးစီစဉ်ပေးပါမယ်"

"ကောင်းပြီ" သူဌေးလျိုသည် ပြုံးကာ ခေါင်းညိတ်ပြီး မန်နေဂျာ၏လမ်းညွှန်မှုဖြင့် တတိယထပ်သို့ တက်သွားခဲ့သည်။

ဝမ်လုံသည် တံခါးနားတွင် ရပ်လိုက်၏။ သူသည် မသွားသေးဘဲ အပြင်ဘက်မှလူနှစ်ယောက် ဝင်ရောက်လာသည်ကို တိတ်ဆိတ်စွာ ကြည့်နေခဲ့သည်။

၎င်းက ကောင်တာရှိ ငွေကိုင်နှင့် စားပွဲထိုးများကို သိချင်စိတ်ဖြစ်စေခဲ့သည်။

"သူဌေးကြီးက အပေါ်တက်သွားပြီလေ။ သူက ဒီမှာ ဘာလုပ်နေတာလဲ"

"ဟေး ဟိုမှာ လူချောလေးနဲ့ မိန်းမချောလေးလာနေပြီ" ငွေကိုင်အမျိုးသမီးက သူမဘေးနားမှလူကို တိုးတိုးလေးပြောသည်။

"ဟုတ်တယ် ဟုတ်တယ်။ ဒီလိုခန္ဓာကိုယ်အချိုးအစားနဲ့ သူမက သေချာပေါက် အရမ်းမလှတဲ့မိန်းကလေးပဲဖြစ်ရမယ်။ နေပါဦး သူဌေးဝမ်က ဘာလို့ သူတို့ကို လူကိုယ်တိုင်သွားနှုတ်ဆက်တာလဲ"

"…"

ကျန်းဟန်နှင့် ဇီယန်ဝင်လာပြီးနောက် ဝမ်လုံက သူတို့အား နွေးထွေးသည့်အပြုံးဖြင့် နှုတ်ဆက်သည်။ "မင်္ဂလာပါ မစ္စတာကျန်း မစ္စကျန်း ကြိုဆိုပါတယ်"

"အင်း" ကျန်းဟန်က ဝမ်လုံအား တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ပြသည်။

“ရှင်က အယ်ဗီချောင်ရဲ့ဆရာမဟုတ်လား” ဇီယန်က သူ့အား မှတ်မိနေသေးသည်။

“အာ…” ဝမ်လုံက ပြုံးလိုက်ပြီး “ကျုပ်က ဝမ်လုံပါ။ ကျုပ်မှာ တပည့်မရှိပါဘူး”

“မစ္စတာကျန်း မစ္စကျန်း မင်းတို့အတွက် ကျုပ် သီးသန့်ခန်းတစ်ခု စီစဉ်ပေးပါရစေ” ဝမ်လုံက ခေါင်းညိတ်ကာ ပြောသည်။

“ရပါတယ်။ ကျွန်မတို့ ဒုတိယထပ်မှာပဲထိုင်ပါမယ်” ဇီယန်က ပြန်ဖြေသည်။

“ကောင်းပါပြီ။ ကျေးဇူးပြုပြီး ဒီဘက်ကိုကြွပါ” ဝမ်လုံက သူတို့အား ယဉ်ကျေးစွာ ဖိတ်ခေါ်ပြီး ကျန်းဟန်နှင့် ဇီယန်တို့အား ဒုတိယထပ်သို့ ကိုယ်တိုင်ကိုယ်ကျ ခေါ်ဆောင်သွားခဲ့သည်။

ၾငင်းက ငွေကိုင်အမျိုးသမီးနှင့် ကောင်တာမှစားပွဲထိုးကို အံ့အားသင့်သွားစေသည်။

“သူတို့က အကောင်ကြီးတွေဖြစ်ရမယ်။ ငါတို့သူဌေးက အရမ်းကို စိတ်အားထက်သန်နေတာ” စားပွဲထိုးက တိုးတိုးလေးပြော၏။

“အင်း သူတို့က စွမ်းအားကြီးတဲ့ပုံပဲ” ငွေကိုင်အမျိုးသမီးကလည်း ရေရွတ်သည်။

ဟောင်ကောင်တွင် နာမည်ကြီးစားဖိုးမှူးလေးယောက်ထဲမှ တစ်ယောက်အနေဖြင့် ဝမ်လုံသည် အလွန်အမင်းချမ်းသာကြွယ်ဝသူ သို့မဟုတ် အာဏာရှိသူများကိုသာ လက်ခံတွေ့ဆုံသည်။ သူတို့၏အမြင်တွင် ယခုလေးတင်ဝင်လာသည့် ထိုစုံတွဲမှာ အလွန်ချမ်းသာသည့် မိသားစုကြီးတစ်ခုမှဖြစ်သည်။

မှန်ပေသည်။ အစောပိုင်းကတင် ရောက်လာခဲ့သည့် သူဌေးလျိုအားလည်း ဝမ်လုံက

စိတ်အားထက်သန်မှုရှိပေသည်။ သို့သော် ထိုစုံတွဲနှင့်ယှဉ်လျှင်တော့ အတော်လေး ယဉ်ကျေးသိမ်မွေ့မှုနည်းပေသည်။

သူတို့ ဒုတိယထပ်သို့ ရောက်လာပြီးနောက် ဝမ်လုံက သူတို့အား ပြတင်းပေါက်နားတွင် ထိုင်ခိုင်းသည်။

ဒုတိယထပ်ရှိ လေထုမှာ အလွန်ကောင်းပေသည်။ ဘေးပတ်ပတ်လည်တွင် ပန်းအိုးများ အဆင်တန်ဆာများစွာဖြင့် ရှိသည်။ ပေါ့ပေါ့ပါးပါး တေးဂီတကိုပါ ထပ်ပေါင်းလိုက်ရာ လေထုမှာ ပြီးပြည့်စုံသွား၏။

“မစ္စတာကျန်း မစ္စကျန်း မင်းတို့ ဘာစားချင်လဲ” ဝမ်လုံက မီနူးမယူတော့ဘဲ တိုက်ရိုက်မေးသည်။

သူ၏အမြင်တွင် မစ္စတာကျန်းသည်လည်း ပရော်ဖက်ရှင်နယ်တစ်ယောက်ဖြစ်၏။ သူသည်

ဟင်းပွဲများစွာကို သိရှိပြီး ဘာစားရမလဲကို သဘာဝကျကျပင် သိပေလိမ့်မည်။

"ဒီမှာရှိတဲ့ အထူးဟင်းပွဲတွေအားလုံးယူခဲ့ပါ" ကျန်းဟန်က ပေါ့ပေါ့ပါးပါးပင်ဖြေသည်။

ဇီယန်က စဉ်းစားလိုက်ပြီး "အရင်တစ်ခေါက်က အမဲသားက အတော်လေးအရသာရှိတာ ကျွန်မမှတ်မိတယ်။ ပြီးတော့ တောင်အာဖရိကပုစွန်၊ အိုင်းရစ်အချိုပွဲတွေရောပဲ။ ပြီးတော့ တခြားဟာတစ်ခုခုပါ ယူခဲ့ပေးပါ"

"ကောင်းပါပြီ။ ကျုပ်စီစဉ်လိုက်ပါမယ်။ အရင်ဆုံး ဖူအာလက်ဖက်ရည်တစ်အိုး လာချပေးပါမယ်။ မင်းတို့ အရင်သောက်လို့ရတာပေါ့" ပြောပြီးနောက် ဝမ်လုံ ထွက်သွားသည်။

သူတို့အတွက် ကိုယ်ကိုင်ကိုယ်ကျချက်ပြုတ်ရန်စီစဉ်ထားပြီး မစ္စတာကျန်းအား သူ၏လက်ရာများကို မြည်းစမ်းစေမည်။

မကြာခင်မှာပင် ဖူအာလက်ဖက်ရည်တစ်အိုးတည်ခင်းပြီး စားပွဲထိုးကာ သူတို့အတွက် လက်ဖက်ရည်နှစ်ခွက်ငှဲ့ပေး၏။

လက်ဖက်ရည်သောက်ခြင်းသည်လည်း ထုံးတမ်းစဉ်လာတစ်မျိုးဖြစ်သည်။ သို့သော် ကျန်းဟန်သည် ၎င်းကို သိပ်မသိဘဲ ဇီယန်ကတော့ အနည်းငယ်သိ၏။

လက်ဖက်ရည်သောက်ပြီးနောက် ဇီယန်သည် ကျန်းဟန်အား စိတ်ကြည့်ရင်း နှုတ်ခမ်းများအား အပေါ်သို့ ကွေးညွတ်လိုက်သည်။

"ဘာလို့ ပြုံးနေတာလဲ။ ပေါ်တောတောနဲ့" ကျန်းဟန်က သူမအား စနောက်သည်။

"ဘယ်သူကပေါ်တာလဲ" ဇီယန်၏အပြုံးမှာ ပျောက်ကွယ်သွားပြီး နှာခေါင်းရှုံ့လိုက်သည်။ ထိုနောက် သူမ အနည်းငယ် စိတ်လှုပ်ရှားလာပြီး ပြောသည်။ "ကျွန်မ ခုနက လှိုင်းစီးခဲ့တာကို တွေးမိတော့ ကြက်သီးတောင်ထတယ်။ ရှင်သိလား။ လှိုင်းလုံးတွေရဲ့အမြင့်က

ခုနှစ်ထပ်တိုက်လောက်ရှိတယ်။ အဲဒါတွေက အရမ်းအန္တရာယ်များသလိုပဲ။ အရမ်းကြောက်ဖို့ကောင်းတယ်။ ရှင်ကျွန်မလက်ကို ကိုင်ပြီးတော့ လှိုင်းစီးရတာ အရမ်းစိတ်လှုပ်ရှားဖို့ကောင်းတယ်။ ကျွန်မ ပထမဆုံး လှိုင်းစီးဖူးတာပဲ။ ရေနဲ့လုပ်ထားတဲ့ လှိုဏ်ဂူက အရမ်းလှလိမ့်မယ်လို့ ကျွန်မ မထင်ထားဘူး။ ဗီဒီယိုတွေထဲကထက် ပိုလှတယ်။ အရမ်းပျော်ဖို့ကောင်းတာပဲ”

“အိုး မင်း စိတ်လှုပ်ရှားစရာဂိမ်းတွေကြိုက်တာလား” ကျန်းဟန် ရယ်မောရင်း မေးသည်။

“အင်း။ ကျွန်မ စိတ်လှုပ်ရှားရတဲ့ဂိမ်းတွေက ကြိုက်တယ်။ အရင်က ဘန်ဂျီးခုန်တာ ခဏခဏလုပ်ဖူးတယ်” ဇီယန်က နှုတ်ခမ်းရဲရဲလေးများကို သပ်လိုက်၏။ (ဘန်ဂျီးခုန်တယ်ဆိုတာ ခါးမှာ ကြိုးချည်ထားပြီး ချောက်ကမ်းပါးလိုနေရာမျိုးကနေ ခုန်ချတာကို ပြောတာပါ)

"ကိုယ်မထင်ထားဘူး။ မင်းကို အေးစက်ပြီး ခပ်ခွာခွာနေတတ်တဲ့သူလို့ ထင်ခဲ့တာ။ အခုတော့ မင်းက ခပ်မိုက်မိုက်ကောင်မလေးတစ်ယောက်လိုပါပဲ" ကျန်းဟန် ရယ်မောသည်။

"ဟွန့်" ဇီယန် သူ့အား မျက်စောင်းထိုးလိုက်ပြီး "ကျွန်မက အမြဲတမ်းဒီတိုင်းပါပဲ။ ကျွန်မလည်း ကျွန်မသူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါးကစားလို့ရပါတယ်နော်"

"သူငယ်ချင်းတွေအပြင် မင်းမှာ တခြားသူတွေရှိလား" ကျန်းဟန် ပြုံးကာ ပြောသည်။

"တစ်ယောက်မှမရှိဘူး"

"ရှိပါတယ်"

"ဘယ်သူလဲ။ ကျွန်မမိသားစုလား"

"မဟုတ်ဘူး။ မင်းရဲ့ယောကျ်ားလေ"

"အာ မဖြစ်နိုင်တာ… ရှင်….ဟွန့်"

ဇီယန်၏လှပသည့်မျက်နှာလေးမှာ နီမြန်းသွား၏။

"ဟားဟားဟား…" ကျန်းဟာန် ရယ်သည်။

ကျန်းဟာန် ခဏလောက်စဉ်းစားပြီးနောက် ပြောသည်။ "မင်း စိတ်လှုပ်ရှားစရာဂိမ်းတွေကို သဘောကျတာလား။ ဒါဆို ညကျရင် မင်းကို ဂိမ်းတစ်ခုကစားဖို့ ခေါ်သွားမယ်"

"ဘာဂိမ်းလဲ" ဇီယန်က စိတ်ဝင်တစားမေးသည်။

"ကားပြိုင်ပွဲ"

"ကားပြိုင်ပွဲလား။ အဲဒါက လုံခြုံရဲ့လား" ဇီယန် နှုတ်ခမ်းများကို ကိုက်လိုက်သည်။

"မင်းက ကိုယ်နဲ့အတူရှိနေတာလေ။ သေချာပေါက် လုံခြုံတာပေါ့" ကျန်းဟာန်က ပြုံးသည်။ "မေ့သွားပြီလား ကိုယ် ကားပြိုင်ပွဲကနေ ပြိုင်ကားတစ်စီးအနိုင်ရခဲ့တယ်လို့ မုန့်မုန့် မင်းကိုပြောဖူးတယ်လေ"

"ဟွန်နဲ့ ရှင်ကွန်မကို စိတ်ဆိုးအောင်လုပ်နေတာပဲ။ ရှင်က လုံးဝကို အလေးအနက်မထားတာ။ ကျွန်မက ရှင့်ကို မုန့်မုန့်ကို ဂရုစိုက်ဖို့ပြောခဲ့တာလေ။ ဒါပေမယ့် ရှင်က ဘယ်လိုလုပ် သူမကို ကားပြိုင်ပွဲခေါ်သွားရတာလဲ။ အဲဒါက လုံခြုံတဲ့နေရာမဟုတ်ဘူး" ဇီယန် ဒေါသဖြင့် ပြောသည်။

"ဘာမှမဖြစ်ပါဘူး။ ကိုယ်ပြိုင်နေကျပါ။ တချို့လမ်းတွေက ဖြောင့်ဖြောင့်တန်းတန်းပဲ။ အရှိန်ကလည်း သိပ်မမြန်ဘူး။ အရမ်းကိုလုံခြုံပါတယ်"

"ဒါဆို ကျွန်မတို့ သွားကြမယ်လေ" ဇီယန် ပြုံးကာ ဖြေသည်။ ယနေ့သည် သူတို့နှစ်ယောက်အတွက် သီးသန့်အချိန်ဖြစ်သည်။ ပထမဆုံးအကြိမ် လှိုင်းစီးခြင်း...ပထမဆုံးအကြိမ်ကားပြိုင်ခြင်း...။ ဤသည်က သူမဘဝ၏အမှတ်တရကောင်းတစ်ခုဖြစ်မည်မှာ သေချာပေသည်။

သူတို့ စကားပြောနေစဉ် ဟင်းပွဲများ လာချပေးသည်။

မိနစ်အနည်းငယ်ကြာပြီးနောက် ဝမ်လုံသည် နောက်ဆုံးဟင်းပွဲနှင့်အတူ လျှောက်လာခဲ့သည်။

"မစ္စတာကျန်း မစ္စကျန်း မြည်းကြည့်ပါဦး" ဝမ်လုံက ပြုံးကာ ပြောသည်။ "ဒီ မွန်ဒို့ဝိုင်က မင်းတို့အတွက် ကျုပ်ရဲ့လက်ဆောင်သေးသေးလေးပါ။ မစ္စတာကျန်း ကျေးဇူးပြုပြီး ကျုပ်ရဲ့ဟင်းပွဲတွေကို မြည်းကြည့်ပါဦး"

ဝမ်လုံက သူ၏ကြင်နာမှုကို ဖော်ပြခဲ့ပြီး တစ်ချိန်တည်းမှာပင် သူသည် ကိစ္စတစ်ခုကို စဉ်းစားနေခဲ့သည်။

မစ္စတာကျန်းအား ပါဝင်စွည်းများအကြောင်း မည်သို့မေးသင့်သနည်း။

ထိုနေ့က အက်စလင်းစားသောက်ဆိုင်မှ ပြန်လာပြီးနောက် ဝမ်လုံသည် အရသာရှိလွန်းသည့်ထမင်းကြော်ကို အမြဲတွေးနေခဲ့သည်။ ပါဝင်ပစ္စည်းများက သူ့အား သိချင်စိတ်ပြင်းပြလာစေသည်။

ရက်အနည်းငယ်အတွင်း မုန့်မုန့်အပန်းဖြေရာစားသောက်ဆိုင်သို့သွားရန် သူစဉ်းစားနေခဲ့၏။ ယနေ့ သူ၏ပစ်မှတ်က မထင်မှတ်ဘဲ ရောက်လာခဲ့သည်။

ဝမ်လုံသည် ကျန်းဟန် သူ၏ဟင်းလျာများကိုမြည်းစမ်းပြီးနောက် ထိုကိစ္စကိုပြောရန် ရည်ရွယ်ခဲ့သည်။ သူ၏ဟင်းချက်ကျွမ်းကျင်မှုကိုယုံကြည်ပြီး မစ္စတာကျန်းသည် ပရော်ဖက်ရှင်နယ်တစ်ယောက်အနေဖြင့် စားဖိုမှူးတစ်ယောက်၏ဆန္ဒကိုသိရှိသည့်အတွက် ကိစ္စများ ပို၍လွယ်ကူလာနိုင်သည်ဟု သူယူဆသည်။

သို့သော် သူအထင်မှားခဲ့ပေသည်။

သူ၏မျှော်လင့်ချက်များပြည့်နေသည့် အကြည့်များအောက်တွင် ကျန်းဟန်က အမဲသားတစ်တစ်ကိုက်စားလိုက်သည်။ သူသည် ခေါင်းညိတ်ကာ ပေါ့ပေါ့ပါးပါးပင် ဖြေလိုက်၏။

“မဆိုးပါဘူး”

-အခန်း(၃၁၄) ပြီး

wunzinnosp

## အခန်း(၃၁၅)  ထိုအခိုက်အတန့်ကိုစောင့်မျှော်နေခြင်း

“မဆိုးဘူးလား”

ဝမ်လုံ၏နှုတ်ခမ်းများ တုန်ခါသွားသည်။ ကျန်းဟန်၏အမူအရာနှင့် အရေးမစိုက်သည့်လေသံကြောင့် မစ္စတာကျန်း၏အမြင်တွင် သူ၏ဟင်းပွဲမှာ သာမန်သာဖြစ်ကြောင်း သိလိုက်သည်။

“သာမန်ပဲလား” လွှန်ခဲ့သည့် ဆယ်နှစ်ကျော်က သူနောက်ဆုံးရရှိခဲ့သော အကဲဖြတ်မှုကို ရရှိလိုက်သလိုပင်။

သူအနည်းငယ်
စိတ်ပျက်သွားသလိုခံစားလိုက်ရသော်လည်း ကံကောင်းစွာဖြင့်
ဇီယန်၏အကဲဖြတ်ပေးမှုက ခံသာသွားသည်။

"ကောင်းပါတယ်" ဇီယန်က ကျန်းဟန်အား
တစ်ချက်ကြည့်ကာ ပြောသည်။
"ရှင်ချက်တာလောက်မကောင်းပေမယ့်
အတော်လေးနီးစပ်ပါတယ်"

"အာ ဟုတ်တာပေါ့။ ကျုပ်ရှုံးတာကို ဝန်ခံပါတယ်"

ဝမ်လုံ ခါးသီးစွာ ရယ်မောလိုက်သည်။
မစ္စတာကျန်း၏စားသောက်ဆိုင်မှာ
ကြက်ဥထမင်းကြော်ကြောင့် နာမည်ကြီးပြီး
ထိုပါဝင်ပစ္စည်းများက အစားအသောက်ကြိုက်သူများအား
အနိုင်ယူနိုင်မည်ဟု အသေအချာပင်ဖြစ်ကြောင်း သူသိ၏။

"ခင်ဗျားရဲ့ဟင်းချက်လက်ရာကကောင်းပါတယ်။
ဒါပေမယ့် ပါဝင်ပစ္စည်းတွေက နည်းနည်းဆိုးနေတာ"

ကျန်းဟန်က အခြားဟင်းပွဲအချို့ကို မြည်းစမ်းကြည့်သည်။ ထိုနောက် ဝမ်လုံအား တစ်ချက်ကြည့်လိုက်၏။

ဆိုလိုသည်မှာ "ကျုပ်အကဲဖြတ်တာပြီးသွားပြီ။ ခင်ဗျား ဒီနေရာမှာ တတိယဘီးဖြစ်မနေသင့်တော့ဘူး" ဟူ၍ပင်။

ဝမ်လုံသည် သဘာဝကျကျပင် သူ၏ဆိုလိုရင်းကို သိရှိသော်လည်း ခဏလောက်စဉ်းစားကာ သူ၏စိတ်ထဲမှအတွေးကို ထုတ်ဖော်ပြောလိုက်သေးသည်။

"မစ္စတာကျန်း ဟိုလေ... ဒီလိုပြောရတာ မယဉ်ကျေးမှန်းသိပေမယ့် ကျွန်တော် မမေးဘဲမနေနိုင်လို့ပါ။ မစ္စတာကျန်းရဲ့ ပါဝင်ပစ္စည်းတွေက အရမ်းကောင်းလွန်းတယ်။ မင်းဆီကနေ ကျုပ် ပါဝင်ပစ္စည်းနည်းနည်းလောက် ရနိုင်မလားလို့။ ဈေးနှုန်းကို ကျုပ်ဂရုမစိုက်ပါဘူး"

တကယ်တော့ သူသည် အလွန်ယဉ်ကျေးနေပေသည်။ ကုန်ပစ္စည်းများကို မည်သည့်အရင်းမြစ်မှဝယ်လဲဆိုသည်ကို

တိုက်ရိုက်မမေးချေ။ သူသည် ကောင်းမွန်သည့်ပါဝင်ပစ္စည်းများကို လိုချင်ရုံသာဖြစ်၏။

"ကျုပ်…"

ကျန်းဟန်က ငြင်းတော့မည့်အချိန်မှာပင် ဝမ်လုံ အမြန်ပြောလိုက်သည်။ "မစ္စတာကျန်း ကျေးဇူးပြုပြီး ရက်အနည်းငယ်လောက် စဉ်းစားပေးပါဦး။ ဈေးနှုန်းနဲ့ တခြားဘာဖြစ်ဖြစ် ကျုပ်ပေးပါ့မယ်။ ရက်နည်းနည်းကြာရင် ကျုပ် မင်းဆီ လူကိုယ်တိုင်လာလည်ပါဦးမယ်။ ကျေးဇူးတင်ပါတယ်။ မစ္စတာကျန်း မစ္စကျန်း သုံးဆောင်ကြပါဦး"

ပြောပြီးနောက် သူ ခေါင်းညိတ်ကာ လှည့်ထွက်သွားသည်။

"အရမ်းပါးနပ်တယ်" ဇီယန်က ဝမ်လုံ၏နောက်ကျောကို ကြည့်ကာ ပြုံးလိုက်သည်။

"သူက ထက်မြက်တဲ့လူတစ်ယောက်ပဲ" ကျန်းဟန်က ခေါင်းကိုအသာယမ်းလိုက်သည်။

"ခစ်..." ဇီယန်သည် ကျန်းဟန်အား ကြည့်၍ မရယ်ဘဲမနေနိုင်ချေ။

"ဘာရယ်တာလဲ" ကျန်းဟန် ပြုံးကာ မေးသည်။

"ကျွန်မ ရှင့်ကိုရယ်တာလေ။ ကျွန်မရှင့်ကို လူ့ဂွစာတစ်ယောက်လို့ အမြဲတမ်းခံစားနေရတယ်။ ဒါပေမယ့် အခု ရှင်က သူ့ကို ထက်မြက်တဲ့လူတစ်ယောက်လို့ အလေးအနက်ကြီးပြောနေတယ်လေ။ ရှင်က နည်းနည်းလေး ချစ်ဖို့ကောင်းနေတာကို ကျွန်မတွေ့လိုက်မိလို့" ဇီယန် နှုတ်ခမ်းလေးများကို ကိုက်ကာ ပြောသည်။

"ချစ်ဖို့ကောင်းတာလား"

ကျန်းဟန် မရယ်ဘဲ မနေနိုင်ချေ။

သူကလေးဘဝမှလွဲ၍ တစ်စုံတစ်ယောက်က သူ့အား ချစ်ဖို့ကောင်းသည်ဟု ပထမဆုံးပြောဖူးခြင်းပင်။

"ဟားဟား..စားကြရအောင်။ ပြီးရင် ရှော့ပင်သွားကြမယ်" ကျန်းဟန် ရယ်လိုက်သည်။

"အင်း" ဓိယန်သည်လည်း နာခံစွာပင် ခေါင်းညိတ်၏။

သူတို့ နေ့လည်စာ စားပြီးသွားကြသည်။

ခဏလောက်အနားယူပြီးနောက် ပြန်ထွက်ရန် ဆုံးဖြတ်လိုက်ကြသည်။ သူတို့ ပိုက်ဆံရှင်းသည့်အချိန်တွင် စိတ်ဝင်စားဖွယ်တစ်စုံတစ်ခု ဖြစ်ပျက်ခဲ့၏။ ကောင်တာရှိ ငွေကိုင်အမျိုးသမီးသည် သူတို့ ၃၀ ရာခိုင်နှုန်း လျှော့ဈေးရမည်ဟု ဆိုလေသည်။

ကျန်းဟန်သည်လည်း ၎င်းအား ငြင်းမနေတော့ချေ။ ပိုက်ဆံရှင်းလိုက်ပြီးနောက် ဓိယန်၏လက်ကိုဆွဲကာ ထွက်ခွာသွားခဲ့သည်။

သူတို့၏နောက်ကျောကိုကြည့်၍ ငွေကိုင်အမျိုးသမီးသည် လျှာထုတ်ကာ ရေရွတ်လိုက်၏။ “သူတို့က အရမ်းစွမ်းအားကြီးတာပဲ။ သူဌေးဝမ်က သူတို့အတွက် ကိုယ်တိုင်ကိုယ်ကျ ခက်ပေးတယ်။ တန်ဖိုးကြီးအရက်လည်း လက်ဆောင်ပေးတယ်။ ၃၀ ရာခိုင်နှုန်း လျှော့စျေးတောင်ပေးလိုက်သေးတယ်။ သူတို့က ချမ်းသာရုံတင်မကလောက်ဘူးထင်တယ်”

သူမ၏အမြင်တွင် ချမ်းသာကြွယ်ဝမှုတစ်ခုတည်းဖြင့် ဝမ်လုံအား ယခုကဲ့သို့ သဘောထားမျိုးဖြစ်စေနိုင်မည်မဟုတ်ချေ။ အကြောင်းမှာ ယခင်ကလည်း ဤဆိုင်သို့ လူချမ်းသာများ လာရောက်စားသောက်ကြသော်လည်း သူတို့ လျှော့စျေးတစ်ခုပင် မရဖူးခဲ့ချေ။

ကျန်းဟန်နှင့်ဇီယန်သည် ပန်ဒါကားပေါ်တက်ကာ ကျူးကန်းခရိုင်၏စီးပွားရေးလမ်းသို့ ဦးတည်သွားသည်။

ယခင်က ကျန်းဟန်ရောင်းလိုက်သည့်အိမ်မှာ ကျူးကန်းခရိုင်တွင် ရှိသည်။ သူသည် ထိုနေရာ၌ ခဏလောက်နေဖူးသဖြင့် လမ်းကြောင်းများအား ကောင်းကောင်းသိကာ ဂျီပီအက်စ်သုံးစရာမလိုချေ။ သူသည် စီးပွားရေးလမ်းပေါ်ရှိ တာ့ရှန်းဈေးဝယ်စင်တာ၏ မြေအောက်ကားပါကင်၌ ကားရပ်လိုက်သည်။

“နေကာမျက်မှန်တပ်လိုက်ဦး။ အဲဒါတွေနဲ့ဆို ရှင်က အရမ်းမိုက်တယ်” ဇီယန်က ကျန်းဟန်အား နေကာမျက်မှန်ပေးသည်။

“အင်း” ကျန်းဟန် ခေါင်းညိတ်ကာ ကားပေါ်မှမဆင်းခင် တပ်လိုက်သည်။

“လာ” ကျန်းဟန်၏လက်များမှာ သူ၏အိတ်ကပ်ထဲတွင်ရှိနေပြီး ညာလက်မောင်းက အနည်းငယ် ကွေးထားသည်။ ထို့နောက် ဇီယန်အား ခေါ်လိုက်၏။

ဇီယန်သည် နာခံစွာဖြင့်ပင် သူ့ဆီသို့ လျှောက်သွား၏။ သူမသည် ဘယ်လက်ကိုဆန်းတန်းကာ ကျန်းဟန်၏လက်မောင်းအား တရင်းတနှီးချိတ်လိုက်သည်။

ဤကဲ့သို့ကိုယ်နေဟန်ထားက ကျန်းဟန်အနည်းငယ်မျှ လှုပ်ရှားလိုက်သည့်အခါတိုင်း သူမခန္ဓာကိုယ်၏အနူးညံ့ဆုံး အစိတ်အပိုင်းကို ခံစားနိုင်စေသည်။

"ဟိုမှာ တတိယမြောက်ခေတ်လှေကားကနေ တက်ရအောင်"

ကျန်းဟန်သည် သူတို့ရှေ့မီတာတစ်ရာအကွာရှိ ဝင်ပေါက်အား မေးငေါ့ပြသည်။

ထိုနေရာမှတက်လာလျှင် စိမ်ခံပစ္စည်းများရောင်းချသည့်ဧရိယာသို့ ရောက်ရှိသည်ကို သူမှတ်မိသည်။

မြေအောက်ကားပါကင်တွင် လူသိပ်မများချေ။ ခေတ်လေ့ကားထဲ၌ လူ ခြောက်ယောက် ခုနစ်ယောက်သာရှိ၏။

ကျန်းဟန်နှင့် ဇီယန်အား မြင်သည့်အခါ အမျိုးသားများသည် ခေတ်လေ့ကား၏မျက်နှာပြင်မှာ သူမအား ခိုးခိုးကြည့်နေကြ၏။

ဇီယန်၏စွဲဆောင်နိုင်မှုမှာ သံသယရှိစရာပင်မလိုချေ။ သူမ ဘယ်ကိုပဲသွားပါစေ သူမသည် အမြဲတမ်း အာရုံဖမ်းစားနိုင်ဆုံးသူပင်။

ခဏအကြာတွင် ပထမထပ်သို့ ရောက်သွား၏။ ကျန်းဟန်နှင့် ဇီယန်သည် ခေတ်လေ့ကားထဲမှ ထွက်လာသည်။ အခြားသူများမှာ အပေါ်ထပ်သို့ တက်သွားကြပြီး အပေါ်ထပ်တွင် အမျိုးသားပစ္စည်းဆိုင်များနှင့် အတန်သင့်နာမည်ကြီးသည့် စတိုးဆိုင်အချို့ရှိသည်။

နံပါတ် ၃ ဓာတ်လှေကားမှတဆင့် ပထမထပ်သို့ ဝင်သွားသော သူတို့နှစ်ဦးအားမြင်သည့်အခါ လူနှစ်ယောက်မှာ ခေါင်းမယမ်းပဲမနေနိုင်ကြချေ။

ထိုနေရာတွင် တစ်ကြိမ်စျေးဝယ်ပါက သန်းနှင့်ချီ၍ ကုန်ကျပေလိမ့်မည်။

သူတို့ ဓာတ်လှေကားထဲမှ ထွက်လာသည့်အချိန်တွင် ထိုဧရိယာ၌ ဧည့်သည်များများစားစားမရှိပေ။

"ဒီဆိုင်ကို အရင်ကြည့်ရအောင်" ကျန်းဟန်သည် ဇီယန်နှင့်အတူ အနီးဆုံးရှိ Hermes ဆိုင်သို့ လျှောက်သွားသည်။

"ကြိုဆိုပါတယ် ဆရာ မဒမ်" အရောင်းဝန်ထမ်း၏မျက်နှာမှာ အပြုံးများဖြင့် ပြည့်နေသည်။ သူမ လျှောက်လာပြီး ပြောသည်။ "ဘာများအလိုရှိပါသလဲရှင်"

"မိန်းကလေးလက်ကိုင်အိတ်" ကျန်းဟန်က ဖြေသည်။

“ဟုတ်ကဲ့ပါ ဆရာ။ ကျေးဇူးပြုပြီး ဒီဘက်ကိုကြွပါ” အရောင်းဝန်ထမ်းက အမျိုးသမီးလက်ကိုင်အိတ်များရှိသည့် ကောင်တာသို့ ခေါ်သွားသည်။ ငွေဖြူရောင်အိတ်တစ်လုံးကို ကောက်ယူကာ ပြောသည်။ “ဒါက မိကျောင်းသားရေနဲ့ တက်ချာတွေပါဝင်တဲ့ Hermes Himalayan ၂၅ စင်တီမီတာအိတ်ပါ လော့ကတ်အပါအဝင် အကုန်လုံးက ဒီကမဒမ်နဲ့ လိုက်ဖက်ပါတယ်”

ထိုအိတ်၏ဈေးနှုန်းမှာ ယွမ် ၈၂၀၀၀၀ ဖြစ်သည်။ ၎င်းသည် ဤဆိုင်တွင် ဈေးအကြီးဆုံးအိတ်များထဲမှ တစ်ခုဖြစ်၏။ သူမသည် မိတ်ဆက်ပေးနေရင်း ကျန်းဟန်နှင့် ဇီယန်တို့၏အမူအရာအား အဆက်မပြတ်ကြည့်ရှုနေခဲ့သည်။ အကယ်၍ သူတို့ ချီတုံချတုံဖြစ်နေခဲ့ပါက ယွမ် ၁၀၀၀၀၀ မှ ၂၀၀၀၀၀ အတွင်းရှိသည့် အိတ်အချို့ကို ပြသပေးမည်။

မမျှော်လင့်ထားစွာပင် သူမရှေ့ရှိ အမျိုးသမီးက အိတ်ကိုကြည့်နေသည့်အခိုက်တွင် ကိုလူချောက ပါးစပ်ကိုဖွင့်ဟကာ “အဲဒါယူမယ်” ဟု ပြောလိုက်လေသည်။

“ကောင်းပါပြီ ကောင်းပါပြီ ဆရာ။ ကျေးဇူးပြုပြီး ဒီမှာ ပိုက်ဆံရှင်းပေးပါရှင့်” အရောင်းဝန်ထမ်းမှာ အံ့သြဝမ်းသာသွား၏။

အရမ်းကောင်းပေသည်။ သူမသည် ယနေ့ တစ်ခုမျှမရောင်းရသေးသည့်အတွက် ဤမျှကြီးမားသည့်ရောင်းအားတစ်ခုကို မမျှော်လင့်ထားချေ။

သို့သော် ဤရောင်းချမှုက သူမတွေးနေသည်ထက် များစွာပို၍ တန်ကြေးရှိကြောင်း သူမ မသိခဲ့ချေ။

“ဘာလို့ အခုရှင်းရမှာလဲ။ ငါတို့ ဝယ်လို့မပြီးသေးဘူးလေ” ကျန်းဟန်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်သည်။

"အာ...ဟုတ် တောင်းပန်ပါတယ်ရှင့်" အရောင်းဝန်ထမ်းမှာ ရှက်ရွံ့စွာ ပြုံးပြသည်။

"ဒီအိတ်က ကြည့်ကောင်းတယ်။ ဒါလည်း ယူလိုက်မယ်" ကျန်းဟန်က ထိုနေရာရှိ အနက်ရောင်ပခုံးလွယ်အိတ်လေးအား ညွှန်ပြသည်။

"ဟုတ်ကဲ့ပါရှင့်။ အဲဒါက Hermes အမျိုးသမီးပခုံးလွယ်အိတ်ပါ။ အနက်ရောင်မိကျောင်းသားရေနဲ့ ရွှေသားလက်ကိုင်ကွင်းနဲ့ပါ။ ဈေးနှုန်းကတော့ ၄၁၃၀၀၀ ပါရှင့်" အရောင်းဝန်ထမ်း၏နှလုံးမှာ လျင်မြန်စွာ ခုန်ပေါက်နေသည်။

နောက်ထပ်တစ်အိတ်ရောင်းရပြန်ပြီ။

"ပြီးတော့ ဟိုအနက်ရောင်အိတ်ကြီးရော" ကျန်းဟန်က ဇီယန်၏လက်ကိုဆွဲကာ ရှေ့သို့လျှောက်သွားရင်း ပေါ့ပေါ့ပါးပါးပင် လက်ညှိုးထိုးသွင်ဦးသည်။ "ဒီဟာ ဒီဟာ ပြီးတော့ ဒါ..."

သူသည် ပုံစံအမျိုးမျိုးရှိသည့် မိန်းကလေးလက်ကိုင်အိတ် ၁၂ လုံးအား ရွေးချယ်ခဲ့သည်။

ထိုအချိန်တွင် ဇီယန်မှာ အနည်းငယ်ကြောင်အသွားသော်လည်း အရောင်းဝန်ထမ်းမှာ ပို၍ပင်တုန်လှုပ်သွား၏။ ရုတ်တရက် စပရိုက်ကြီးကြောင့် သူမ အလွန်အမင်းကျက်သေသေသွားသည်။

"ကျွန်မ အများကြီးမလိုပါဘူး" ဇီယန်က ကျန်းဟန်အား တိုးတိုးလေးပြောသည်။

"အပျော်ပေါ့" ကျန်းဟန်က အေးအေးဆေးဆေးပင် ပြုံးပြသည်။ သူသည် အရောင်းဝန်ထမ်းအား ကြည့်ကာ ပြောလိုက်သည်။ "အဲဒါအကုန်ပဲ။ ငွေရှင်းမယ်"

"ကောင်းပါပြီဆရာ။ ကျေးဇူးပြုပြီး ဒီဘက်ကိုကြွပါရှင့်" အံ့အားသင့်နေသည့် အရောင်းဝန်ထမ်းသည် ငွေရှင်းရန် ကျန်းဟန်အား ခေါ်သွားသည်။

စုစုပေါင်း ယွမ် ၄.၈၅ သန်းကျသင့်သည်။ ဇီယန်သည် ကျန်းဟန်၏ဘေးတွင် မည်သည့်အမူအရာမှမပြဘဲ ရပ်နေသော်လည်း သူမ၏နှုတ်ခမ်းများမှာ အလိုလို တွန့်ကွေးသွား၏။

ပို့ဆောင်ပေးရမည့်နေရာကို ပြောပြပြီးနောက် ကျန်းဟန်သည် ဇီယန်၏လက်ကိုဆွဲကာ ဆိုင်ထဲမှထွက်သွားသည်။

“ရှင်ဝယ်တာ အရမ်းများလွန်းတယ်။ ကျွန်မ အဲဒါတွေ မလိုပါဘူး” ဇီယန် တိုးတိုးလေးပြော၏။

“အဲဒါအကုန်မဟုတ်သေးဘူး။ ရှေ့က LV ဆိုင်မှာ ကိုယ်တို့ နောက်ထပ်ဝယ်ဦးမှာ” ကျန်းဟန်က ပြုံးကာ ပြောသည်။

“အိတ်တွေအများကြီးလျှောက်ဝယ်တာက ဖြုန်းတီးတာပဲ” ဇီယန် နှုတ်ခမ်းစူလိုက်၏။ သူမ ထိုအိတ်များကို အမှန်တကယ်သဘောကျသော်လည်း ဆင်ခြင်တုံတရားရှိသေးပေသည်။ ကျန်းဟန်သည်

ငွေအများအပြားရှာနိုင်သည်မှန်သော်လည်း သူတို့ ဤမျှ ကြီးကြီးကျယ်ကျယ်လုပ်နေရန် မလိုအပ်ချေ။

ရုတ်တရက် ကျန်းဟန်ထံသို့ မက်ဆေ့ချ်တစ်ဆောင်ဝင်လာ၏။

ကျန်းဟန် ပြုံးလိုက်သည်။ ဖုန်းကိုထုတ်ကာ မက်ဆေ့ချ်အား ဖွင့်လိုက်ပြီး ဇီယန်အား ပေးလိုက်၏။ "ငွေဆိုတာ ကိန်းဂဏန်းသက်သက်ပါပဲ။ အဲဒါတွေက သုံးဖို့ပဲလေ။ ငွေဆိုတာ ကိုယ်တို့လိုက်ရှာနေတဲ့အရာ မဟုတ်ဘူးဆိုတာ မင်းသိပါတယ်"

"ဟမ်" ဇီယန်သည် ကျန်းဟန်၏မက်ဆေ့ထဲမှ နံပါတ်များကို မြင်လိုက်ရပြီးနောက် မျက်လုံးပြူးသွားသည်။

"ရှင့်မှာ ဒီလောက်ပိုက်ဆံအများကြီး ဘယ်လိုလုပ်ရလာတာလဲ" ဇီယန်သည် ကျန်းဟန်အား သိချင်စိတ်ပြင်းစွာ မေးသည်။

သူ့တွင် အသားတင်ငွေ သန်း ၂၆၀ နီးပါး မည်သို့ရနိုင်ပါသနည်း။ ၎င်းမှာ အလွန်များပေသည်။ ကျန်းဟန်တောင်အား ငှားရမ်းလိုခဲ့သည့်အချိန်က သူသည် အိမ်ကိုပင် ရောင်းခဲ့ရသည်။ ယခုမှ တစ်လသာ ကြာသေး၏။ သူထို့မျှပိုက်ဆံမြောက်များစွာ မည်သည့်နေရာက ရရှိသနည်း။

"ကျောက်ဖုန်း ဂိုဏ်းတစ်ခုရဲ့ဘော့စ်ကို ချေမှုန်းလိုက်တုန်းက စုစုပေါင်း ၁.၃ ဘီလီယံလောက်ရခဲ့တယ်။ သူ့ကို ကုမ္ပဏီတစ်ခုဖွင့်ဖို့ ပြောခဲ့ပေမယ့် ကိုယ့်ကို သန်း ၂၀၀ တိတ်တိတ်လေး လွှဲထားပေးတာ။ ပြီးတော့ ကျန်တဲ့သန်း ၆၀ က စားသောက်ဆိုင်ကရတဲ့ အမြတ်ငွေလေ" ကျန်းဟန် ရိုးရှင်းစွာပင် ပြန်ဖြေသည်။

ဇီယန်သည် ကျန်းဟန်အား မျက်လုံးဝိုင်းကြီးများဖြင့် စိုက်ကြည့်ကာ မေးသည်။ "အမ်… ဂိုဏ်းကိုချေမှုန်းတာက သူ ဘယ်လိုလုပ် ပိုက်ဆံတွေ အများကြီးရတာလဲ"

"အဲဒါ အဲဒီဂိုဏ်းခေါင်းဆောင်ရဲ့ ပိုင်ဆိုင်မှုထဲက တစ်စိတ်တစ်ပိုင်းပဲရှိသေးတယ်။ ပြီးတော့ ကျောက်ဖုန်းက အထူးတပ်ဖွဲ့ဝင်လေ။ နောက်ကျရင် သူက ကိုယ့်အတွက် အလုပ်လုပ်ပေးလိမ့်မယ်" ကျန်းဟန်က ပြုံးကာ ဖြေသည်။

"ဒါဆို...ရှင်...ရှင်က တကယ် သူဆရာလား"

"အင်း.."

"ဟေး ရှင် တော်တော်ကို လျှို့ဝှက်ဆန်းကြယ်နေတာပဲ။ ရှင့်ဆီမှာ ကျွန်မမသိသေးတာတွေ အများကြီးရှိသေးလား" ဇီယန်က အသာအယာနှာခေါင်းရှုံ့လိုက်သည်။

"မင်းမသိသေးတဲ့ကိစ္စတွေရှိတယ်။ ဒါပေမယ့် အဲဒါတွေကို မင်းကိုယ်တိုင် မျက်လုံးနဲ့တပ်အပ်မြင်နိုင်ဖို့ ကိုယ်စောင့်နေတယ်" ကျန်းဟန်က ပြုံးကာ ပြောသည်။ သူသည် ဇီယန်၏ခါးလေးအား ဆွဲဖက်လိုက်ကာ "ဘာလို့လဲဆိုတော့ အဲဒီမြင်ကွင်းက အရမ်းလှနေလိမ့်မယ်လေ"

သူ၏စွမ်းအားအရ ကျန်းဟန်သည် မည်သည့်အရာကိုမျှ ဇီယန်ထံမှ ဖုံးကွယ်ထားရန် မရည်ရွယ်ချေ။ လောလောဆယ်တွင် ဤဘဝက နွေးထွေးသာယာသည်ဟု သူခံစားရသည်။ နောင်တွင် သူသည် ဇီယန်အား ယန်မိုးကြိုးသစ်ပင်ကို မြင်တွေ့ခွင့်ပေးရန် ပြင်ဆင်ခဲ့သည်။

ထိုအခိုက်အတန့်က လူတိုင်းအား ထိတ်လန့်သွားစေမည်မှာ သေချာပေသည်။

ထိုအခိုက်အတန့်က ပေါ်ထွန်းလာပေလိမ့်မည်။

ထိုနောက် ထိုအခိုက်အတန့်မှာ... လက်ထပ်ခွင့်တောင်းရန် အချိန်ကောင်းဖြစ်လိမ့်မည်ဟု ထင်သည်။

ဤသည်မှာ ကျန်းဟန်၏ နှစ်ရှည်စိတ်ကူးပင်ဖြစ်သော်လည်း အချိန်ယူရသေးသည်။ သူသည် ဇီယန်နှင့်လက်ထပ်သည့်အခါ လက်ထပ်ပွဲမှာ

ခမ်းနားကြီးကျယ်ကာ ရှိမန့်တစ်ဖြစ်ရပေမည်။ သို့သော် ပထမဆုံး သူ၏မိဘများအား ရှာဖွေရဦးမည်ဖြစ်သည်။

ထိုအချိန်မတိုင်ခင်အထိ ကျန်းဟန်သည် မုန့်မုန့် ဇီယန်တို့နှင့်အတူရှိရန် စီစဉ်ထားခဲ့သည်။

ကျန်းဟန်၏စကားကို ကြားသည့်အခါ ဇီယန် နှုတ်ခမ်းအား ကိုက်လိုက်၏။ အလွန်နွေးထွေးကာ ရင်ခုန်ဖွယ်အခိုက်အတန့်ဖြစ်လိမ့်မည်ဟု သူမ ခပ်ရေးရေး ခံစားမိသည်။ သူမ ၎င်းကို စောင့်မျှော်နေပေမည်။

"ဟွန့် ဒါဆို ကျွန်မ အဲဒီနေ့ကို စောင့်နေတယ်" ဇီယန်က နှုတ်ခမ်းလေးစူကာ ဟွန့်ခနဲပြောလိုက်သည်။ သူမ ခါးကိုလိမ်ကာ "ကောင်းပြီ သွားရအောင်" ဟု ဆိုလိုက်၏။

"ကိုယ့်လက်မောင်းကို ချိတ်ထား" ကျန်းဟန်သည် ညာလက်ကိုမြှောက်ကာ ပြုံးလိုက်၏။

"အရှူး" ဇီယန် မျက်စောင်းလေးထိုးလိုက်ပြီး ကျန်းဟန်၏လက်မောင်းအား ကိုင်ရန် ဘယ်လက်အား ဆန့်တန်းလိုက်သည်။

"ကိုယ်တို့ အိတ်တွေ၊ လက်ဝတ်ရတနာတွေ၊ အဝတ်အစားတွေ ထပ်ဝယ်ကြမယ်" ကျန်းဟန် ပြုံးလိုက်သည်။

"ရှင့်သဘော" ဇီယန်က ငြင်းဆန်ခြင်းမရှိဘဲ ပျော်ရွှင်စွာပင် ပြောလိုက်သည်။

"ကိုယ်တကယ်ဝယ်ချင်တဲ့ဟာ နောက်တစ်ခုရှိသေးတယ်"

"ဘာလဲ"

"ဟဲဟဲ..." ကျန်းဟန်၏မျက်လုံးများမှာ ဇီယန်၏ခြေတံရှည်ရှည်လေးများကို စိုက်ကြည့်နေသည်။ သူ၏ခေါင်းအား သူမ၏နားရွက်လေးနားသို့ တိုးကပ်ကာ

တိုးတိုးလေးပြောလိုက်သည်။

“အနက်ရောင်ပိုးသားစတော်ကင်”

ဇီယန်၏မျက်နှာလှလှလေးမှာ ရဲတွတ်သွား၏။ သူမလက်ကိုဆန့်ကာ ကျန်းဟန်၏ခါးအား လိမ်ဆွဲလိုက်သည်။

“လာစမ်း ရှင်တော်တော်ဆိုး”

“ဟားဟားဟား…”

-အခန်း(၃၁၅) ပြီး

စာစဉ်(၂၄) ပြီး